# ***သားရဲလေ့ကျင့်သူ***

***စာစဉ် 3 (အပိုင်း ၃၃-၄၈အထိ)***

***ဘာသာပြန်သူ – BlackPearl Translation***

# စာစဉ် ၃

## *အခန်း ၃၃ သားရဲပျိုးထောင်သူအတိုင်ပင်ခံ*

ဤရက်ပိုင်းအတွင်း အလွန်ပင်ပန်းခဲ့ရတာကြောင့် ကောင်းကောင်းအနားယူ ကောင်းဖန် ဆုံးဖြတ်လိုက်သည်။ သူက အိပ်ရာပေါ်သို့တက်ကာ စောင်နှင့် ကိုယ့်ကိုကိုယ်လုံးထွေးလိုက်ပြီး အမွေးပွဘောလုံးကြီးလိုပင်ဖြစ်သည်။

မနက်စောစောတွင်တော့ ပြတင်းပေါက်မှတစ်ဆင့် တွန်းလှည်းဈေးသည်များ၏ ရောင်းချသံများက ချဉ်းနင်းဝင်ရောက်လို့လာသည်။

ထိုဈေးသည်တော်တော်များများ သူတို့၏တစ်နေ့တာ လုပ်ငန်းတာဝန်များကို စတင်ထမ်းရွက်နေကြပြီဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်နေသည့် ကမ္ဘာကြီးကို စတင်လှုပ်ရှားလာစေသည်။

## စာစဉ် ၃

ဒင် ဒင် ဒေါင် ဒေါင်.... ခေါင်းဦးဘေးမှ နှိုးစက်သံက ဆူဆူညံညံထွက်ပေါ်လာကာ အသံ၏တုန်ခါမှုကြောင့် ခေါင်းဦးကိုပင် ထိုတုန်ခါမှုကူးစက်လာသလိုခံစားရသည်။

ထိုအချိန်တွင်ပဲ စောင်ပုံအောက်ထဲမှ လက်တစ်ဖက်ထွက်ပြူလာကာ ဖုန်းကို ဆွဲယူလိုက်ပြီးနောက် နှိုးစက်ကို ပိတ်လိုက်တော့သည်။

ထို့နောက် မိနစ်ပိုင်းလောက်ပြန်ငြိမ်သက်သွားပြီးကာမှ ကောင်းဖန် စောင်အောက်မှ ထွက်လာခဲ့သည်။ အိပ်ရာပေါ်ထထိုင်လိုက်ပြီးနောက် တစ်ချက်သမ်းလိုက်ရင်း သူ့ရဲ့ငှက်သိုက်လို ရှုပ်ထွေးနေသည့် ဆံပင်များကို လက်ဖြင့် တစ်ချက်သပ်လိုက်သည်။

“မဖြစ်သေးပါဘူး။ ငါသာအလုပ်မလုပ်ရင် ဒီအစားကြီးတဲ့နှစ်ကောင်ကို ဘယ်လိုလုပ်ကျွေးထားနိုင်တော့မလဲ။”

## စာစဉ် ၃

ကောင်းဖန် သူ၏အိပ်ချင်နေသည့်မျက်လုံးများကို ခပ်ကြမ်းကြမ်းဖိကာ ပွတ်သပ်လိုက်သည်။

ထို့နောက် ကုတင်ပေါ်မှထလာကာ အဝတ်အစားလဲလိုက်ပြီး ရေချိုးသန့်စင်ကာ မနက်စာစားဖို့ပြင်ဆင်လိုက်သည်။

ကလန်~ကလန်~ကလန်~~

ညှော့ခန်းဘက်မှနေပြီး စည်းချက်ကျလှသည့် တီးခေါက်သံများထွက်ပေါ်လို့လာသည်။

ကောင်းဖန် ကြက်ဥကြော်ရင်းတန်းလန်းနှင့် လှည့်ကြည့်လိုက်ပြီးနောက် သူ့နှုတ်ခမ်းစွန်းများ အလိုလိုကော့တက်သွားရတော့သည်။

ညှော့ခန်းထဲတွင် တဲ့ဇီက သူ့အစာခွက်နားတွင်ခေါင်းစိုက်ကာ ကောင်းဖန်ကို မျှော်လင့်တကြီးလှမ်းကြည့်လို့နေသည်။

## စာစဉ် ၃

သူ့၏အစွယ်နှစ်ချောင်းက တူတစ်စုံနှင့်ဆင်တူနေကာ အစာခွက်၏အစွန်းကို တီးခေါက်နေတာကြောင့် အသံများထွက်ပေါ်လာရခြင်းဖြစ်သည်။

အစာခွက်ထဲမှာတော့ ဘာမှမရှိနေပေ။

“ခဏလေးစောင့်ဦး။” ကောင်းဖန် တဇ္ဇီကိုငြိမ်ငြိမ်နေရန် ပြောကြားလိုက်သည်။

ဒယ်ပြားကို တစ်ချက်လှန်လိုက်သည်နှင့် ကြက်ဥကကျက်သွားပြီဖြစ်ကာ သွားရေကျလောက်သည့် မွှေးပျံ့သည့်အနံ့က ပေါ်ထွက်လာခဲ့သည်။

မြန်မြန်ဆန်ဆန်ပဲ ကောင်းဖန်  နောက်မီးဖိုးတစ်ခုတွင်ရှိနေသည့် အိုးမှအဖုံးကို ဖွင့်လိုက်သည်။ ထိုအိုးထဲတွင်တော့ မုန်လာဥနှင့်နံရိုးပါရှိသည့် စွပ်ပြုတ်ကာ ဆူပွက်လို့နေပေပြီ။ ကောင်းဖန်

# စာစဉ် ၃

ချက်ချင်းပဲ မီးဖိုခလုတ်ကို ပိတ်လိုက်ကာ အိုးထဲသို့ ပါးပါးလှီးထားသည့် ကြက်သွန်မြိတ်တစ်ချို့ထည့်လိုက်သည်။

ကြက်သွန်မြိတ်၏ရနံ့နှင့် အသားရနံ့တို့က လိုက်ဖက်ညီစွာ ရောယှက်သွားတော့သည်။ ကောင်းဖန်လဲ တာ့ဇီကိုလက်ရက်ကာ ခေါ်လိုက်သည်။ “ဒီလာခဲ့။”

တာ့ဇီလဲ နည်းနည်းခွာလိုက်ကာ သူ့သခင်ဖြစ်သူက သူ့အစာခွက်ထဲသို့ မုန်လာဥနံရိုးစွပ်ပြုတ်များ အပြည့်ထည့်လိုက်သည်ကို ဝိုင်းစက်နေသည့် မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။

ကောင်းဖန် အိုးထဲတွင်ကျန်နေသည့် စွပ်ပြုတ်ရည်များကို ကြည့်လိုက်ပြီး ဝက်နံရိုးစွပ်ပြုတ်ပြုလုပ်ရန် ဆက်လက်ပြင်ဆင်လိုက်သည်။

……….

## စာစဉ် ၃

“ဘော့စ်၊” ကောင်းဖန် ရောက်သည့်အချိန်တွင် ရွှမ်ချွမ်ချွမ်က ညှော့ကြိုစားပွဲ၌ ကြိုတင်ရောက်ရှိလို့နေပြီဖြစ်သည်။

ကောင်းဖန် အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ သူ၏ရုံးခန်းဆီသို့ ဆက်လက်ဦးတည်လိုက်သည်။

၁ဂနာရီကျော်ကျော်တွင်တော့ ကောင်းဖန်ထံသို့ အမည်မသိဖုန်းခေါ်ဆိုမှုတစ်ခု ဝင်လာခဲ့သည်။

“ဟဲလို?” ကောင်းဖန် သံသယအနည်းငယ်ဖြင့် ပြန်ဖြေလိုက်သည်။ သူ့ဖုန်းနံပါတ်ကို သိထားလူအနည်းငယ်မျှသာ ရှိပေသည်။

“သူဌေးလေး၊ ငါ မာကျန်းပါ။”

ကောင်းဖန် ဒီတော့မှ သူ့ကိုခေါ်ဆိုသူက လူချမ်းသာလေးမာကျန်းဖြစ်ကြောင်း သိသွားတော့သည်။

# စာစဉ် ၃

ပြီးခဲ့သည့်တစ်ခေါက် မာကျန်းက သူ့ငွေများကို ပြတ်ပြတ်သားသားနှင့် ပေးခဲ့သည့်အပေါ် ကောင်းဖန်အလွန်ထင်ကြီးခဲ့ပြီးဖြစ်သည်။ မာကျန်းသည် ပုံမှန်အခကြေးငွေ၏ဆယ်ဆပေးရသည့်အပေါ် နှစ်ခါပြန်တောင်စဉ်းစားခြင်းမပြုခဲ့ပေ။

"သူဌေးလေး၊ မင်းကူညီပေးဖို့ ငါ့မှာနောက်ထပ်သားရဲတစ်ကောင်ရှိသေးတယ်လို့ ပြောခဲ့တယ်မလား? မင်းဒီနေ့ ငါ့အတွက် အချိန်ရှိလား?"

"အွန်း၊ ငါအားပါတယ်။ လာခဲ့လေ။" ကောင်းဖန်ပြောရင်းဖြင့် ဖုန်းတစ်ဖက်ကနေ ခေါင်းတွေညိတ်ပြလို့နေသည်။

"ကောင်းပြီ!" မာကျန်းပျော်ရွှင်ကာ ဖုန်းချသွားတော့သည်။

# စာစဉ် ၃

ဖုန်းချပြီးနောက် မာကျန်း၏ဖုန်းနံပါတ်ကို ကောင်းဖန်မှတ်ထားလိုက်သည်။ မှတ်ထားသည့်နာမည်ကတော့ ငွေရှင်ကြီးမာ!

ကောင်းဖန်၏ရုံးခန်းသည် အတော်လေးကြီးမားလှသည်။ သူ၏ရုံးစားပွဲသည် ကြမ်းပြင်မှအမိုးထိမှန်အပြည့်ကာထားသည့် ပြတင်းပေါက်ကို ကျောပေးကာ နေရာချထားတာကြောင့် နေရောင်ခြည်က စားပွဲပေါ်သို့ဖြာကျနေကာ ကောင်းဖန်၏အရိပ်ကိုလဲ ပေါ်လွင်နေစေသည်။

ဒေါက်၊ ဒေါက်၊ ဒေါက်.... ထိုအချိန်တွင်ပဲ ရုံးခန်းအပြင်ဘက်မှ တံခါးခေါက်သံထွက်ပေါ်လာခဲ့သည်။

မြန်လှချည်လား၊ ကောင်းဖန် အံ့ဩသွားသည်။ သူဖုန်းချလိုက်တာ ၁၀မိနစ်တောင်မရှိသေးဘူးလေ။ ဒီလူမြို့လယ်ခေါင်မှာများနေတာလား?

“ဝင်ခဲ့ပါ။” ကောင်းဖန် ပြောလိုက်သည်။

## စာစဉ် ၃

"ဟဲလို။" ရိုးရှင်းသည့်မီးခိုးရောင်ဝတ်စုံနှင့် ရွှေကိုင်းမျက်မှန်တပ်ထားသည့် လူလတ်ပိုင်းတစ်ဦးက ကောင်းဖန်၏ရုံးခန်းထဲသို့ဝင်လာခဲ့သည်။

သက်လတ်ပိုင်းလူကြီးမှာ ကောင်းဖန် အလွန်ငယ်ရွယ်နေသည်ကို မြင်လိုက်ရတာကြောင့် အံ့သြသွားခဲ့သည်။ သို့သော်လည်း တစ်ခဏလောက်သာဖြစ်ပြီး သူ့ရဲ့ဟန်ဆောင်ကောင်းမှုမျက်နှာဖုံးက ချက်ချင်းပင် သူ့ရဲ့မသင့်တော်လှသည့်အပြုအမူကို ဖုံးကွယ်ပေးသွားခဲ့သည်။

"မင်းက မစ္စတာကောင်းပဲဖြစ်ရမယ်? ငါက ဒိုင်းပြာလုံခြုံရေးကုမ္ပဏီရဲ့ အထွေထွေမန်နေဂျာ လျှိုစန်းလင်းပါ။"

"တွေ့ရတာဝမ်းသာပါတယ်။ မစ္စတာလျှို။" ကောင်းဖန် ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်သည်။

# စာစဉ် ၃

“မင်းရဲ့ကျော်ကြားမှုကို ငါတိုကြားထားပါတယ် မစ္စတာကောင်း။ မင်းက ချန်အန်းမြို့ရဲ့ အငယ်ဆုံးသားရဲပျိုးထောင်သူဖြစ်ပြီး ငါတို့ရဲ့ ဂုဏ်ယူရတဲ့ အငယ်ဆုံးအလယ်အလတ်အဆင့်သားရဲပျိုးထောင်သူလဲဖြစ်သေးတယ်။ ဒါကြောင့် မင်းကို ငါတို့ကုမ္ပဏီရဲ့ သားရဲပျိုးထောင်သူအတိုင်ပင်ခံအဖြစ် ဖိတ်ကြားချင်ပါတယ်။” လျှိုစန်းလင်းက သမားရိုးကျဆန်သည့်အပြုံးမျိုးဖြင့် ကောင်းဖန်ကို ပြုံးပြလိုက်သည်။

“သားရဲပျိုးထောင်သူအတိုင်ပင်ခံ? အဲ့ဒါဘာများလဲ?” ကောင်းဖန် ချက်ချင်းကြီး သဘောတူလိုက်ခြင်းမျိုးမပြုလုပ်ပေ။

“ဟုတ်တယ်သားပဲ၊ ငါရှင်းပြဖို့မေ့သွားတယ်။” လျှိုစန်းလင်းက ချက်ချင်းပင်ပြန်တောင်းပန်လိုက်သည်။

“ငါတို့ကုမ္ပဏီက အဓိကအနေနဲ့ ငါတို့အမှုသည်တွေအတွက် လုံခြုံရေးဝန်ထမ်းတွေကို ထောက်ပံ့ပေးတာပါ။ ဒါကြောင့်ပဲ မြန်ဆန်ပြီး

# စာစဉ် ၃

သေစေနိုင်စွမ်းမြင့်တဲ့ သားရဲတွေက ငါတို့အတွက်အကောင်းဆုံးရွေးချယ်မှုတွေပဲ။ ငါတို့ရဲ့သားရဲတွေအတွက်တော့ တောင်ဘက်ကောင်းကင်အဖွဲ့စည်းရဲ့ နတ်ဆိုးရှိုးကောင်တွေကို ကုမ္ပဏီဘက်က ရွေးချယ်ထားတယ်။”

‘တောင်ဘက်ကောင်းကင်အဖွဲ့အစည်း’ဆိုသည့်နာမည်ကို ကောင်းဖန်ကြားလိုက်ရတော့ ခဏလောက်အံ့သြမှင်တက်သွားခဲ့သည်။ သူ့မိခင်ဘက်ကအဖိုးသည် တစ်ချိန်က ‘တောင်ဘက်ကောင်းကင်အဖွဲ့အစည်း’၏ ပွဲကိုင်သူတစ်ယောက်ဖြစ်ခဲ့ပေမည့် ကပ်ဆိုက်ကာလတွင် ရုတ်တရက်ကြီး ပျောက်ဆုံးသွားခဲ့သည်။ သူ့အဖိုး၏ပျောက်ဆုံးမှုကြောင့် အထက်ပိုင်းအကြီးအကဲများကြား ကမောက်ကမဖြစ်ခဲ့ရပြီး လွန်ခဲ့သည့်နှစ်နှစ်အတွင်းကမှသာ တစ်ဖြည်းဖြည်းပြန်လည် တည်ငြိမ်လာခဲ့ခြင်းဖြစ်သည်။

# စာစဉ် ၃

"အခုတော့ ငါတို့ကုမ္ပဏီရဲ့ နတ်ဆိုးရှိခိုးကောင်ပထမအသုတ်က အဆင့်တက်ခါနီးမှာ ပိုပိုပြီးနှေးကွေးလာတယ်။ ဒါကြောင့် သားရဲပျိုးထောင်သူအတိုင်ပင်ခံတစ်ယောက်ငှားရမ်းဖို့ စိတ်ကူးနေတာ။ ဒီသားရဲပျိုးထောင်သူအတိုင်ပင်ခံက ငါတို့ကုမ္ပဏီရဲ့ အထူးသားရဲပျိုးထောင်သူဖြစ်လာမဲ့အပြင် ငါတို့ရဲ့နတ်ဆိုးရှိခိုးကောင်တွေ အဆင့်တက်ဖို့ကိုလဲ တာဝန်ယူရမယ်။"

"ဒီရာထူးက မင်းရဲ့လက်ရှိအလုပ်အပေါ် သက်ရောက်မှုမရှိပါဘူး။ ငါတို့ကုမ္ပဏီကသားရဲတွေ အဆင့်တက်ဖို့အကူအညီလိုနေတဲ့အချိန်မှသာ မင်းကိုဒုက္ခပေးရမှာ။" လျှိုစန်းလင်း နောက်ဆုံးအနေနှင့် ထပ်ပေါင်းပြောလိုက်သည်။

ကောင်းဖန်၏မျက်ခုံးများ ပင့်တက်မိသွားကာ၊ "ဘာလို့ ကျွန်တော်ကိုရှာတာလဲ? ချန်အန်းမှာ တခြားအလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတွေရှိသားပဲ။ ပြီးတော့

## စာစဉ် ၃

ကျွန်တော်မှတ်မိသလောက်ဆိုရင်
အဆင့်မြင့်သားရဲပျိုးထောင်သူအနည်းအကျဉ်းတောင်ရှိသေးလားလို့ပါ။
သူတို့ရဲ့အဆင့်အတန်းဆို ကျွန်တော့်ထက်ပိုပြီးတောင်
မြင့်သေးတယ်မလား။”

လျိုစန်းလင်း ခေါင်းကိုခါလိုက်သည်၊ “မစ္စတာကောင်း, ငယ်ရွယ်တဲ့အသက်အရွယ်မှာတင် အလယ်အလတ်အဆင့်ဖြစ်ပြီးတဲ့မင်းမှာ အထင်ကြီးလောက်စရာစွမ်းရည်အချို့ကို ပိုင်ဆိုင်ထားတယ်လို့ငါတို့ယုံကြည်တယ်၊ ဒါ့အပြင်မင်းကသတိမပြုမိပေမယ့် ချန်အန်းမှာ အဆင့်မြင့်သားရဲပျိုးထောင်သူနှစ်ယောက်ရှိတယ်, ငါတို့ကရိုးရိုးတန်းတန်းပုံစံနဲ့ သူတို့ရဲ့ဝန်ဆောင်မှုကိုအခပေးပြီးမငှားရမ်းနိုင်ဘူး၊” လျိုစန်းလင်းက ခါးသီးစွာပြုံးလိုက်သည်၊ “သူတို့ထဲတစ်ယောက်က ချန်အန်းကသားရဲပျိုးထောင်သူအဖွဲ့အစည်းရဲ့ ဒါရိုက်တာလေ၊ သူ့လက်တွေက အသင်းတစ်ခုလည်ပတ်နေရတာနဲ့တင်ပြည့်နေတာ, ငါတို့လိုသေးငယ်တဲ့ကုမ္ပဏီလိုမျိုး အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့သူကဘယ်နားကအချိန်ကို ပေးနိုင်မှာလဲ။

# စာစဥ် ၃

"နောက်တစ်ယောက်က ကုရှင်းလင်," လျိုစန်းလင်းက လေးစားတဲ့အရိပ်အမြွက်အသံ နဲ့ပြောလိုက်သည်။ "မစ္စတာကုရှင်းလင်က ချန်အန်းမှာနံပါတ်တစ် သားရဲပျိုးထောင်သူ ဆိုတဲ့နာမည်ကိုပိုင်ဆိုင်ထားပြီး အချိန်ပြည့်သားရဲပျိုးထောင်သူတိုင်ပင်သူအနေနဲ့ အစိုးရအဖွဲ့မှာ ရှိတယ်၊ ငါကသူ့ရဲ့ ဝန်ဆောင်မှုကိုတောင်းခံနိုင်စွမ်းမရှိဘူး။"

"တခြားအလယ်အလတ်အဆင့်ရှိတဲ့သားရဲပျိုးထောင်သူတွေအနေနဲ့ ရိုးရိုးသားသား ပြောရရင် မစ္စတာကောင်းကိုယ်တိုင်နဲ့ အခြားအလယ်အလတ်သားရဲပျိုးထောင်သူတွေ ကြားမှာ ဘယ်လောက်တောင်ကြီးမားတဲ့ကွာခြားမှုရှိလဲဆိုတာသိလား? အဲ့တာထက် ငါက အဲ့ဒီသားရဲပျိုးထောင်သူတွေထက် ငါရဲ့ယုံကြည်မှုတော်တော်များများ ကိုငယ်ရွယ်ပြီး ကတိတည်တဲ့ မစ္စတာကောင်းဆီမှာဘဲ ထားတယ်။"

လျိုစန်းလင်းရဲ့စကားတွေက ကောင်းဖန်ကို မျက်နှာချိုသွေးသည်ဖြစ်စေ မသွေးသည် ဖြစ်စေ ဒါကိုကြားတဲ့အခါမှာတော့ ပျော်သလိုခံစားလိုက်ရသည်၊

## စာစဉ် ၃

သူက ဆယ်ကျော်သက်အရွယ်တစ်ချိန်လုံး အတွေ့အကြုံနဲ့ ရင့်ကျက်တဲ့နေရာမှာ ချို့တဲ့ခဲ့သည်၊

ဒါပေမယ့် ချီးမွမ်းသံကိုကြားတဲ့အခါမှာတော့ ပျော်ရွှင်ခြင်းကတစ်ဂဏ္ဍာဖြစ်ပြီး သူ့ရဲ့ ကိုယ်ပိုင်မှုကို လိုက်နာခြင်းမှာနောက်တစ်ခုဖြစ်သည်၊ “အခကြေးငွေအနေနဲ့တော့ နောက်မှဆွေးနွေးပြီး ပထမဆုံးတော့အခြေအနေကိုတော့ ပြောချင်ပါတယ်”

“ပထမဆုံး ကျွန်တော်ကကျောင်းကို အရေးပေါ်အခြေအနေကလွဲလို့ တနင်္လာနေ့ကနေ သောကြာနေ့အထိတက်ရတယ်၊ ကျေးဇူးပြုပြီး အဲ့အချိန်တွေမှာကျနော့်ကိုမနှောက်ယှက်ပါနဲ့၊ ဒုတိယတစ်ခုက,ကျွန်တော်က သားရဲပျိုးထောင်သူအတိုင်ပင်ခံအဖြစ်အဆင်ပြေပေမယ့် အချိန်ပြည့်တော့ သားရဲပျိုးထောင်သူအတိုင်ပင်ခံကို ခင်ဗျားကုမ္ပဏီမှာလုပ်နိုင်မှာမဟုတ်ဘူး၊ ခင်ဗျားရဲ့ပြိုင်ဘက်တွေဘက်မှာ အလုပ်မလုပ်ဘူးဆိုတာတော့ ကျနော် ကတိပေးနိုင်တယ်၊အကယ်၍ ဒီအခြေအနေတွေကိုသဘောတူတယ်ဆိုရင် ကျွန်တော်တို့ ဆက်ပြီးဆွေးနွေးနိုင်တယ်၊ မဟုတ်ရင်လဲ

## စာစဉ် ၃

ဒါကကျွန်တော်တို့အလုပ်လုပ်တဲ့ ဆက်ဆံရေးအပေါ်မှာ သက်ရောက်မှုရှိမှာမဟုတ်ဘူးလို့တော့ မျှော်လင့်ပါတယ်။” အဲ့ဒါကိုပြောပြီးကောင်းဖန်ထိုင်ခုံပေါ်ကိုထိုင်လိုက်ပြီးသူ့ရဲ့လက်ဖက်ရည်ခွက်ကို တစ်ငုံသောက်လိုက်သည်၊ သူကငြင်းပယ်ဖို့ပြင်ဆင်ပြီးသားဖြစ်သည်။ ရိုးရိုးသားသား ပြောရရင်တော့ သူရဲ့နေထိုင်စရိတ်အတွက်ဒီမှာဝင်ငွေအချို့ရဖို့အလုပ်လုပ်တာဖြစ် သည်၊ အသက်မွေးဝမ်းကြောင်းအလုပ်အနေနဲ့ အမှန်တကယ်ကြီးလုပ်ဖို့ကို သူအစီအစဉ်မရှိခဲ့ဘူး။

“သားရဲပျိုးထောင်သူအတိုင်ပင်ခံ” ပုံစံကြည့်ရတာတော့ကြီးကျယ်ပြီး အရေးကြီးတယ်လို့ ထင်ရပေမယ့် ဒါကအဆုံးမှာတော့အလုပ်တစ်ခုသာဖြစ်သည်၊ ကောင်းဖန်က ဒီလိုအဆိုပြုချက်မျိုးကိုလက်ခံဖို့ အလွန်ပျင်းလှသည်၊

လျိုစန်းလင်းအကူအညီမဲ့စွာနဲ့ မျက်မှောင်ကြုံလိုက်သည်၊ သူ့နှုတ်ခမ်းများကိုစုလိုက်ကာ တစ်စုံတစ်ခုကိုပြောချင်နေသော်လည်း အဆုံးမှာတော့ ထိုစကားများကထွက်မလာခဲ့ပါ။

# စာစဉ် ၃

သူကကောင်းဖန်ကိုတည့်တည့်စိုက်ကြည့်လိုက်ပြီး ပြောလိုက်သည် "ကောင်းပြီ၊ ငါလက်ခံတယ်။"

"အမ်?" ကောင်းဖန်အံ့ဩသွားသည်၊ ခင်ဗျားက ဒီအခြေအနေတောင်မှ သဘောတူနိုင် တယ်ပေါ့။

သဘောတူတဲ့မျက်နှာထားမျိုးပြပြီးတဲ့နောက် လျိုစန်းလင်း သူ့ရဲ့ရုံးလက်ဆွဲအိတ်ထဲမှ စာချုပ်ကိုထုတ်ယူလိုက်သည်၊ သူကစာချုပ်မိတ္တူကိုကောင်းဖန်ဆီလွှဲပေးလိုက်တယ်၊

ကောင်းဖန်က သူ့လက်နဲ့စာချုပ်ကိုယူလိုက်ပြီး မြန်မြန်ဖတ်လိုက်တယ်၊ ထိုထဲတွင် ပါဝင်သောအကြောင်းအရာများမှာ ရိုးရှင်းသော်လည်းလုံခြုံမှုရှိစေရန်အတွက် သူ့ရဲ့ ဝန်ထမ်းတွေထဲကတစ်ယောက်ကို ထိုထဲမှအကြောင်းအရာများကိုစစ်ဆေးပေးရန် တောင်းဆိုလိုက်သည်။

"ဒီမှာ ဘာပြဿနာမှမရှိဘူး"။ ဒီစာချုပ်ကမရှုပ်ထွေးဘဲ စာကြောင်းတွေကရှင်းလင်းပြီး ရိုးရှင်းတယ်၊ ဝန်ထမ်းကစာချုပ်ကိုအတည်ပြု၍အဆင်ပြေကြောင်းကို သေချာစွာ သူ့ခေါင်းကိုညိတ်လိုက်သည်။

# စာစဉ် ၃

ဒါပေမယ့်ကောင်းဖန်သည် အနည်းငယ်သံသယရှိနေသေးသည်၊ဒီလိုကုမ္ပဏီတွေနဲ့ အလုပ်လုပ်တာက သိပ်ပြီးကိုက်ညီမှုမရှိဘူး၊ ဒီလိုရိုးရှင်းတဲ့စာချုပ်က ကြည့်ရတာတော့ သူ့ဆီကိုအကျိုးကျေးဇူးတွေသယ်ဆောင်လာသလိုဘဲ။

ဒီမှာ ဘာဥပဒေလိုအပ်ချက်မှမရှိဘူး,ပြီးတော့ နှစ်စဉ်လစာသည် မဟာမိတ်ခရက်ဒစ် ၅ဂဂထဲကိုဝန်ဆောင်ခပါ ထပ်ပေါင်းထည့်ထားသည်။

ကောင်းဖန်တဖြည်းဖြည်းတိုးတက်ပြောင်းလဲမှုကို စီမံခန့်ခွဲကြည့်ရာတွင် ကုမ္ပဏီက နတ်ဆိုးရှိခိုးကောင်အားလုံးကို ကော်မရှင်ကြေးမဟာမိတ်ခရက်ဒစ်၅ဂဖြစ်သည်၊

ဒီဒိုင်းပြာလုံခြုံရေးကုမ္ပဏီက ...ကုမ္ပဏီက အဲ့သူဌေးကိုယ်တိုင်ဖွင့်ခဲ့တာလား?

ကောင်းဖန်သည် ဈေးကွက်ပေါက်ဈေးနှင့်အကျွမ်းတဝင်မရှိသော်လည်း ကမ်းလှမ်းမှုကသေချာပေါက်နည်းသည်ဟုခံစားရပြီး, တစ်နှစ်မှမဟာမိတ်ခရက်ဒစ်၅ဂဂသာဖြစ် ကာ ကော်မရှင်ခရက်ဒစ်၅ဂသာဖြစ်သည်၊ ရက်အနည်းအကြာတုန်းက

## စာစဉ် ၃

သူသားရဲ တစ်ကောင်ကိုအဆင့်တိုးမြှင့်ပေးမှုကြောင့် ခရက်ဒစ်၄၀၀အခကြေးငွေရခဲ့သည်၊ မာကျန်းက ချမ်းသာသောအပိုင်းတွင်ပါဝင်သော်လည်း ကောင်းဖန်က "ပုံမှန်" နှုန်း သည် ခရက်ဒစ်၁၂၀ဖြစ်ပြီးသားဖြစ်သည်။

စျေးကွက်ထဲတွင်ပိုမိုမြင့်သော အတိုင်ပင်ခံသားရဲပျိုးထောင်သူအလုပ်များရှိသော်လည်း အများအားဖြင့်ထိုလူတို့သည် အချိန်ပြည့်အလုပ်လုပ်ပေးသည့်အတိုင်ပင်ခံများအတွက် လိုအပ်သည့် အပေးအယူစာချုပ်များဖြစ်သည်၊ ဆိုလိုသည်မှာ စာချုပ်တွင်လက်မှတ် ထိုးပြီးတဲ့နောက်, ထိုသားရဲပျိုးထောင်သူများသည်အခြားကုမ္ပဏီများတွင် အတိုင်ပင်ခံ အဖြစ်လုပ်ကိုင်ခွင့်မပြုတော့ဘဲ အများဆုံးပုဂ္ဂလိကလုပ်ငန်းတွင်သာ လုပ်ကိုင်ခွင့်ရှိ သည်။

စာချုပ်တွင်လက်မှတ်ထိုးပြီးတဲ့နောက် လျိုစန်းလင်းကမတ်တပ်ရပ်လိုက်ပြီး သမားရိုး ကျဆန်တဲ့ ယဉ်ကျေးတဲ့အပြုံးကိုထပ်မံပြုံးပြလိုက်သည်၊ "မင်းရဲ့အပင်ပန်းခံပေးမှု အတွက်ကျေးဇူးတင်ပါတယ်"။

## စာစဉ် ၃

သူခာတ်လှေကားကိုဆင်းသွားပြီးနောက် လျိုစန်းလင်းက သူ့ဖုန်းကိုထုတ်လိုက်သည်၊ သူကဖုန်းခေါ်ဆိုမှုမပြုမီခဏလောက်တုံ့ဆိုင်းနေသည်။

“အန်ကယ်….စာချုပ်ကလက်မှတ်ထိုးပြီးပြီ, ဟုတ်ကဲ့,မစ္စတာကောင်းက အချိန်ပြည့် မဟုတ်တာကိုရွေးလိုက်တယ်၊ အန်ကယ် ချန်အန်းမှာအလယ်အလတ်သားရဲပျိုးထောင် သူတွေအများကြီးဘဲကို ဘာကြောင့်ကျွန်တော်တို့က….”။ ထို့နောက် ဖုန်း၏အခြားတစ် ဖက်မှတစ်ယောက်က တစ်ခုခုကိုပြောလိုက်သည်၊ လျိုစန်းလင်း၏မျက်နှာပေါ်တွင် ရှုပ်ထွေးပြီးရင်းရှုပ်ထွေးနေသော အမူအရာရှိနေသည်၊ အဆုံးမှာတော့, သူသက်ပျင်းချ ကာလက်လျှော့လိုက်သည်။

ပထမထပ်တွင် ခာတ်လှေကားပွင့်လာသည့်အခါ မာကျန်းက ပန်းအိုးတစ်လုံးကိုသယ်လာပြီး နောက်ခာတ်လှေကားလာမယ့်အချိန်ကိုစောင့်နေသည်၊

## စာစဉ် ၃

သူကလူလတ်ပိုင်းအရွယ်တစ်ယောက်ခတ်လှေကားထဲကထွက်လ ာသည်ကိုမြင်တဲ့အခါ မျက်မှောင်ကြုတ်လိုက်သည်၊ ဒီလူက တစ်နည်းနည်းနဲ့ ရင်းနှီးဖူးသလိုဘဲ။

သူကတတိယထပ်ခတ်လှေကားကနေ ရောက်လာပုံရသည်, ဆိုလိုတာကတော့ သူလည်း မစ္စတာကောင်းကို ရှာဖို့ရောက်လာတာနဲ့တူတယ်၊

သူဘာကြောင့် မစ္စတာကောင်းကိုရှာနေတာလဲ? မာကျန်းကသူ့ခေါင်းတွေနာခါနီးအထိ စဉ်းစားနေသည်၊ သူဒါကိုထပ်ပြီး မစဉ်းစားတော့ဖို့ဆုံးဖြတ်လိုက်သည်၊ မာကျန်းက ပျော်ရွှင်စွာနဲ့ သူ့ပန်းအိုးကိုကိုင်ကာခတ်လှေကားထဲဝင်လိုက်သည်၊ အကယ်၍ထိုလူ ကမစ္စတာကောင်းကိုရှာတယ်ဆိုရင်လည်း ဂရုမစိုက်ပါဘူး၊ ဘာဘဲဖြစ်နေနေ ဒီတစ်ခါတော့ ချန်အန်းရဲ့ပန်းဘုရင်အကြောင်းအသေအချာပြောဖို့ဆုံးဖြတ်ချက်ချထား သည်။

***

# ကောင်းဖန်

# စာစဉ် ၃

# စာစဉ် ၃

## *အခန်း ၃၄ မှင်စာပင်*

“မစ္စတာကောင်း, မစ္စတာကောင်း, ငါပြန်လာပြီ၊” မာကျန်းက ပန်းအိုးနဲ့အတူအထဲကို ဝင်လာသည်၊

ဒီနေ့တော့ မာကျန်းကပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသည်၊ သူ့လက်ထဲကပန်းအိုးက ဘတ်စကတ်ဘောတစ်လုံးစာလောက်ကြီးမားပြီး ဆွဲဆောင်မှုရှိကာ အရောင်တောက် ပနေသော ပန်းဖြစ်သည်၊

ပန်းအိုးကို စားပွဲပေါ်သို့တင်လိုက်သည်၊ အပင်က လှသည်, ဖြောင့်တန်းသည်,သန်စွမ်း သည်, အမွေးမပါသောပင်စည်, ကြည့်ရတာတောက်ပနေပြီး သန့်ရှင်းကာ၊ လွှသွားပုံစံ သစ်ရွက်များက အချိုးမညီဘဲအနီမှိုင်းမှိုင်း ပုံစံဖော်ထားပြီးရနံ့ဖျော့ဖျော့ကို ထုတ်လွှတ် နေသည်၊

ပန်းနုရောင်နှင့်အနီရောင်ပွင့်ဖတ်များက လေတိုက်မနေဘဲ ကခုန်နေကြသည်၊ ရနံ့ပျပျ လေးကို လေထုထဲတွင်နည်းနည်း ထုတ်လွှတ်နေသည်၊ကောင်းဖန်က သူ့ကိုသူ နှိုးဆွနေသည်ဟု ခံစားလိုက်ရသည်၊

# ကောင်းဖန်

## စာစဉ် ၃

သူကမျက်မှောင်ကြုတ်ကာ, နောက်ကိုခြေလှမ်းဆုတ်လိုက်ပြီး ချက်ချင်းပင်လေပေါက် ကိုဖွင့်လိုက်သည်၊

အပင်ရဲ့ဇစ်မြစ်က ကပ်ဆိုးကြီးမတိုင်ခင် ဘီဂိုးနီးယား ဆမ်ပါဖလော့ဲရမ့်စ်အပင်ဖြစ် သည်၊ သူ့ရှေ့မှာမြင်နေရတဲ့အပင်က မျိုးရိုးဗီဇပြောင်းလဲ၍ ဖြစ်ပေါ်ထားသော အပင် ဖြစ်သည်၊

သူ့ရဲ့မျက်လုံးထဲမှာ အမျိုးအမည်ပြဇယားတစ်ခုက ရုတ်တရက်ပေါ်လာသည်၊

[မကောင်းဆိုးဝါးအမည်]–ဘီဂိုနီးယား ဆမ်ပါဖလော့ဲရမ့်စ့် မှင်စာပင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်အဆင့်

[မကောင်းဆိုးဝါးစွမ်းအင်]–သစ်သား

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ( ပျော်ရွှင်)

[မကောင်းဆိုးဝါးအားနည်းချက်]–မီး/ လျှပ်စီး

# စာစဥ် ၃

[အထူးအဆင့်သို့တိုးမြှင့်ရန် လိုအပ်ချက်များ]–
နှစ်တစ်ရာသစ်သားအဆီအနှစ်, ပန်း နှင်းစက်ရဲ့ အစက်၁၀၀။

“ဒါက ဒေသရင်း အကျွမ်းတဝင်အပင်လား?” ကောင်းဖန် အံ့ဩစွာနဲ့မေးလိုက်တယ်၊

ဒေသရင်းကိုယ်ပိုင်အပင်တွေက မြင်ရတာရှားသည်၊ ကပ်ဆိုးကြီးကျရောက်ခြင်းသည် ကမ္ဘာတစ်ဝှမ်းဒေသရင်းအပင်,သစ်ပင်ပန်းပင်များနှင့် တိရိစ္ဆာန်များအပေါ် မျိုးရိုးဗီဇ ပြောင်းလဲစေခဲ့သော်လည်း အပင်အနည်းငယ်သာ အသိဉာဏ်ရှိသည့်အကျွမ်းတဝင် ဒေသရင်းအပင်များဖြစ်လာသည်၊

ဒီအမျိုးအစားက ဖုတ်ကောင်သားရဲတွေလိုရှားပါးသည်၊

ဒါပေမယ့် ဒေသရင်းပင်များသည် ဖုတ်ကောင်သားရဲတွေထက်ပိုပြီးကျော်ကြားကာ ဒေသရင်းသားရဲအများစုသည် ပွဲပိုးပေးသူများဖြစ်ပြီး သူတို့ထဲကတော်တော်များများ သည် ကောင်းစွာကုစားမှုများပြုလုပ်နိုင်ကြသည်၊

## စာစဉ် ၃

ငှင်းကရှားပါးသောကြောင့် တန်ဖိုးထားခံရသည်၊ ရှားပါးသောကြောင့်ငှင်းကပိုပြီး ရေပန်းစားလေဖြစ်လာသည်၊

“မင်းက ဒီမှင်စာပင်ကိုအဆင့် တိုးမြှင့်ချင်တာလား။?” ကောင်းဖန်မေးလိုက်သည်၊

“ဟုတ်တယ်၊ နောက်လဝက်လောက်နေရင် ပန်းဘုရင်ယှဉ်ပြိုင်ပွဲရှိတယ်၊ ငါ သရဖူ အတွက်သွားပြီးတိုက်ခိုက်မလို့၊” မာကျန်းက အလေးအနက်ထားကာပြောလိုက်သည်၊

“ပန်းဘုရင်..”ကောင်းဖန် ကြက်သေသေသွားသည်၊ ဒါက မင်းအတွက်အဆင်ရောပြေ ရဲ့လား, ယောကျ်ားလေးတစ်ယောက်, ပန်းဘုရင် ပြိုင်ပွဲမှာယှဉ်ပြိုင်မယ်။

“ငါ့ကိုယ်ငါယုံတယ်၊” မာကျန်းက ဘီဂိုးနီးယား ဆမ်ပါဖလော့ရမ်စ့်မှင်စာပင်ကို စေ့စေ့ စပ်စပ်ကြည့်လိုက်သည်၊ ထိုအချိန်မှာပင် ကောင်းဖန်က သူ့ရဲ့မျက်နှာတွင်ရှားပါးသော စိတ်အားထက်သန်မှုနေသည်ကို တွေ့လိုက်ရသည်၊

“ဒါက ငါ့ရဲ့ဒုတိယ ကိုယ်ပိုင်သားရဲ့, ကောင်းမွန်တဲ့စတင်ခြင်းကိုပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ မာကျန်းက

## စာစဉ် ၃

အကိုင်းပေါ်ကပန်းပွင့်ကိုသူ့လက်ဖြင့် ဆွဲလိုက်သည်၊ ၎င်းကသိမ်မွေ့စွာနဲ့ အရွက်တွေက ပြန့်လာကာ မာကျန်း၏လက်သန်းဖြင့် မိန်းကလေး လက်ချောင်းတစ်ချောင်းလို ချိတ်ဆက်နေသည်၊

ပန်းပွင့်က ညင်ညင်သာသာနှင့်သူ့ခေါင်းကိုနှိမ့်လိုက်ပြီး သူ့ရဲ့လက်ဖဝါးပေါ်ကို မှီလိုက် သည်၊

ရွှေရောင်သန်းနေသောနေရောင်ခြည်က ပြတင်းပေါက်မှကျရောက်လာပြီး လက်ဖဝါးနဲ့ ပွင့်ဖတ်များပေါ်တွင်ရွှေရောင်သန်းနေပြီး သဟဇာတဖြစ်လို့နေသည်၊

“ငါမင်းရဲ့စည်းမျဉ်းတွေကို သိပါတယ်၊ အဖိုးအခသုံးဆ, ဒီမှာခရက်ဒစ်၃၀၊”မာကျန်းက ချက်ချင်းပင် ကဒ်ဖြင့်ပေးချေသည်။

“နှစ်ပေါင်းနှစ်ရာရှိတဲ့အပင်ရဲ့ သစ်သားအဆီအနှစ်, ပန်းနှင်းစက်အစက်၁၅၀, အံ့ဖွယ်ပန်းပွင့်က အရွက်တစ်ရွက်,တရုတ်ဘယ်ရီသီး၅၀ရမ်,သဘော်ခစေ့၅၀၀၀ရမ် , အနက်ရောင်လေ မြက်တစ်ရွက်”။နှစ်တစ်ရာအပင်၏အဆီအနှစ်နှင့် ပန်းနှင်းစက် မှလွဲ၍ ဒီပစ္စည်းတွေက ဈေးမကြီးပေ၊ တစ်ချို့ကကျတော့ စီမံချက်များနှင့်အတူ လူတွေကိုရှုပ်ထွေးအောင်လုပ်သည်၊

## စာစဉ် ၃

ယခင် ခရမ်းရောင်လျှပ်စီးကြွက်နဲ့မတူဘဲ ဘီကိုးနီးယားဆမ်ပါဖလေဘ့်ရမ့်စ့်မှင်စာပင် သည်သာမန်အဆင့်သာဖြစ်ပြီး ဆိုလိုသည်မှာ ဒီမျိုးစိတ်ကမရှားပါးပေ။ သာမန်အဆင့် သားရဲသည်ဆင့်ကဲပြောင်းလဲမှုနည်းလမ်းတွင် အခြားအရာများထပ်ပိုပြီးတန်ဖိုးရှိသော ကြောင့်လျင်မြန်စွာပျံ့နှံ့နိုင်သည်။

အံ့ဖွယ်ပန်းပွင့်ကအရွက်တစ်ရွက်,တရုတ်ဘယ်ရီသီး,သဘော်ာစေ့,အနက်ရောင်လေမြက် တစ်ရွက်,ဒါတွေက ပါဝင်သည့်အရောအနှောပစ္စည်းများဖြစ်သည်၊ အာဟာရပြည့်ဝ သောချက်ပြုတ်နည်းနဲ့ အိုနေသောဘဲမကိုဝယ်ဖို့စီစဉ်ကာ ကျန်းမာသောဘဲစွတ်ပြုတ် ကိုပြုလုပ်ရန်ဟူသော စကားကိုကောင်းဖန်ကြားဖူးသည်။

ပစ္စည်းတွေအကုန်ရောက်တော့, ကောင်းဖန်က မာကျန်းကိုအပြင်မှာစောင့်ဖို့ပြောလိုက် သည်၊ မာကျန်းက သဘောတူကြောင်းခေါင်းညိတ်ပြသည်။ ဒါကသားရဲပျိုးထောင်သူ တွေကြားရေးသားထားသော စည်းမျဉ်းများဖြစ်သည်၊ သူအရင်ကသူ့ကြွက်ကို အရမ်းစိုး ရိမ်တာကြောင့် သူလိုက်နာရန်မေ့သွားခဲ့သည်။

## စာစဉ် ၃

တံခါးပိတ်သွားသည်အထိ စောင့်နေသောကောင်းဖန်သည် သူ့နောက်ကထိုအပင်ဘက် ကိုလှည့်လိုက်ပြီး သူ့အပိုင်းရဲ့လံကြုတ်ဇာတ်လမ်းစတော့သည်၊

သူသည်နှစ်ပေါင်းတစ်ရာရှိသောအပင်၏အဆီအနှစ်ကိုထုတ်ယူရန် လမ်းစဉ်များကို လိုက်နာပြီးနောက်ပန်းနှင်းစက်နှင့်ရောစပ်လိုက်သည်၊

ထို့နောက်ကျန်ပစ္စည်းများကို ပလတ်စတစ်အိတ်ထဲသို့ထည့်လိုက်ပြီးနောက် အံ့ဆွဲထဲ သို့ထည့်ပိတ်လိုက်သည်။

သူပန်းပင်ကိုထိုးသည့် အင်ဂျက်တာဆေးထိုးအပ်ကို ကိုင်ထားသည်, သူပန်းပင်နားကို နီးကပ်လာသည်နှင့်အမျှထိုပန်းပင်က တုန်ယင်လာသည်၊ပင်စည်က နှစ်လက်မ လောက်ရှိပြီး ၎င်း၏အရွက်များက ပန်းများကို သံချပ်ကာများကဲ့သို့ဖုံးအုပ်ထားသည်၊

“စိတ်အေးအေးထား, တစ်ခါဘဲစူးမှာ, ငါမင်းကိုနာကျင်အောင်မလုပ်ပါဘူး၊” ကောင်းဖန်ညင်ညင်သာသာနှင့်ဖျောင်းဖျသည်။

## စာစဉ် ၃

မှင်စာပင်က အခိုင်အမာမယုံကြည်သေးပေ၊ ၎င်းရဲ့အရွက်တွေကချုပ်ရိုးကြောင်း အရွယ်လောက်ဟလာပြီး ကောင်းဖန်ကိုနိုးနိုးကြားကြားနှင့်တိုင်းတာနေသည်။

"လိမ္မာတဲ့ မိန်းကလေး, မင်းရဲ့အရွက်တွေကိုဖွင့်လိုက်ပါ, ဒါကမင်းကိုမနာကျင်စေဘူး, ငါကတိပေးတယ်၊" ကောင်းဖန်သည်မှင်စာပင်အား သူ့ကိုယ်သူဖုံးကွယ်မထားရန် စည်းရုံးသည်။

ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မှင်စာပင်ကိုထိုးသွင်းဖို့မလွယ်ကူပါ၊ ဒီမှင်စာပန်းသည်  နူးညံ့သိမ်မွေ့ပြီး ထိခိုက်လွယ်သော်လည်း အမှန်တကယ်တွင် ၎င်း၏ခုခံစွမ်းအားက အတော်လေးကောင်းလွန်းလှသည်။၎င်း၏ ပါးလွှာသောပွင့်ချပ်များနှင့်အရွက်များသည် ခိုင်မာသောကတ်ထူပြားကဲ့သို့ဖြစ်နေပြီး သာမန်အပ်ဆိုလျှင်၎င်းကိုမထိုးသွင်းနိုင်ပါ။

ထို့နောက်အရွက်များ၏အလွှာအစွန်းများတွင် လွှကဲ့သို့ချွန်နေသောလွှသွားပုံစံရှိသည်၊

# စာစဉ် ၃

အကယ်၍သူသေချာအာရုံမစိုက်နိုင်ဘူးဆိုလျှင် သူ့အသားကိုစုတ်ပြဲသွားအောင်ဖြတ် နိုင်ပြီး သွေးများထွက်နိုင်သည်၊

နောက်ဆုံးမှာတော့ ၁၀မိနစ်ကြာပြီးတဲ့အထိ ဖျောင်းဖျပြီးတဲ့နောက် မှင်စာပန်းပင်က အင်တင်တင်နှင့်သူဖုံးအုပ်ထားသည်ကိုဖြေပေးလိုက်ပြီး နူးညံ့တဲ့ပင်စည်ကိုပြလိုက် သည်၊

ကောင်းဖန် အာရုံစိုက်မှုကိုမလျှော့ဘဲ သူ၏လက်များကိုဖြတ်တောက်ခံရခြင်းမှ ကာကွယ်သည့်အနေနှင့် လက်အိတ်များကိုဝတ်ဆင်လိုက်သည်၊

အင်ဂျက်တာအပ်က ပင်စည်ကိုထိုးသွင်းလိုက်တော့ မှင်စာပန်းပင်ကစက္ကန့်အနည်း ငယ်လောက်တုန်လှုပ်သွားသည်၊ ဒါပေမယ့်တောက်ပသည့်အစိမ်းရောင်အရည်များ ပင်စည်ထဲသို့ဝင်သွားပြီးနောက် မှင်စာပင်ကတည်ငြိမ်သွားတော့သည်။

အရည်တွေအကုန်လုံး ပင်စည်ထဲသို့ဝင်သွားပြီးနောက် ထိုဘီဂိုးနီးယားမှင်စာပင်သည် အတူတူကျုံ့ဝင်သွားပြီး အစိမ်းရောင်ပိုးမျှင်များထွက်လာကာ ၎င်းကိုပိုးဘောလုံးတစ် လုံးလိုမျိုးဖုံးအုပ်ထားသည်၊

# စာစဉ် ၃

ကောင်းဖန်တံခါးကိုဖွင့်လိုက်တော့ မာကျန်းကစိတ်လှုပ်ရှားစွာနဲ့မေးသည်၊ “မစ္စတာကောင်း အလုပ်ဖြစ်ရဲ့လား”

“အင်း, အလုပ်ဖြစ်တယ်,ခင်ဗျားရဲ့သားရဲကအခု အဆင့်တိုးမြှင့်နေတယ်,သတိထား, သူ့ကိုမနှောက်ယှက်နဲ့၊” သူဒါကိုပြောပြီးတဲ့နောက်သူ၏ ပလတ်စတစ်လက်အိတ်များ ကိုချွတ်လိုက်သည်၊

မာကျန်းက ဘီဂိုးနီးယား ဆမ်ပါဖလော့်ရမ့်စ့်မှင်စာအပင်ရဲ့ဘေးနားမှာနေပြီး နာရီဝက်လောက် စိတ်လှုပ်ရှားစွာနှင့်စောင့်နေသည်၊ နောက်ဆုံးတော့ တစ်စုံတစ်ခုဖြစ် လာခဲ့ပြီ၊

အစိမ်းရောင်ပိုးဘောလုံးက ပွင့်လာပြီး တောက်ပသောအစိမ်းရောင်ရိုးတံက မြင့်လာ သည်၊ ၎င်း၏အပေါ်မှာ အဖူးကပေါ်လာကာ, ကြီးသထက်ကြီးလာပြီး ပွင့်လာသည်၊ အပင်က ပန်းဆီရောင်သန်းလာသည်မှာ မကြာလိုက်, ဒါပေမယ့်အဲ့ဒီအစား တောက်ပ သောအနီရောင်ပန်းပွင့်လာသည်၊

## စာစဉ် ၃

ကြည့်ရသည်မှာ မှင်စာပန်းပင်၏ဆင့်ကဲပြောင်းလဲမှုသည် တက်ကြွသောမိန်းကလေး ပုံစံမှ အရွယ်ရောက်လာသော မော်ဒယ်အမျိုးသမီးတစ်ယောက်နှင့်တူလာသည်။

[မကောင်းဆိုးဝါးအမည်]–ဘီဂိုးနီးယား ဆမ်ပါဖလော့ဲရမ့်စ့်မှင်စာပန်းပင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းအင်]–သစ်သား

[မကောင်းဆိုးဝါးအားနည်းချက်]–မီး/လျှပ်စီး

[အထူးအဆင့်သို့တိုးမြှင့်ရန်လိုအပ်ချက်များ]–.....

နာမည်ကတော့မပြောင်းလဲပါ, သားရဲ၏အမျိုးအစားမှာ မပြောင်းလဲကြောင်းညွှန်ပြသော်လည်း ၎င်း၏အဆင့်သာ ပြောင်းလဲသွားခဲ့သည်၊

သူ့ရဲ့သားရဲကအခု လုံးဝကိုမတူကွဲပြားခြားနားသော်လည်း အရည်အသွေးကပိုပြီးမြင့် မားလာသည်ဟုခံစားရသည်၊ မာကျန်းသည်အလွန်စိတ်လှုပ်ရှားလာသည်၊

## စာစဉ် ၃

သူကကောင်းဖန်ရဲ့လက်ကိုတင်းကြပ်စွာကိုင်လိုက်ကာ ပြောလိုက်သည် “ကျေးဇူးတင်ပါတယ် မစ္စတာကောင်း, အရမ်းကျေးဇူးတင်ပါတယ်၊ ငါခုကစပြီးဆုံးဖြတ် ချက်ချလိုက်ပြီ၊ ခုကစပြီးငါ့ရဲ့ကိုယ်ပိုင်သားရဲတွေအကုန်လုံး မင်းရဲ့စောင့်ရှောက်မှု အောက်မှာဘဲရှိလိမ့်မယ်၊ ငါ့သားရဲတွေတင်မဟုတ်ဘူး,ငါ့သူငယ်ချင်း,ငါ့ဆွေမျိုးအကုန် လုံးရဲ့ကိုယ်ပိုင်သားရဲတွေရောဘဲ၊ ငါမင်းဆီကိုဘဲညွှန်းမယ်၊”

ဒေသရင်းပင်တွေက ပုံစံများနှင့်နမူနာများသည် ရှားပါးလှသည်၊ထို့ကြောင့် ဒေသရင်း သားရဲတွေရဲ့အပေါ်အလယ်အလတ်အဆင့်သားရဲအထူးပျိုးထောင်သူများ သည် အတော်အတန်သင့်တော်မှုရှားသည်၊

မာကျုန်းကမစ္စတာကောင်းအား ကံစမ်းကြည့်ဖို့ကြိုးစားသော်လည်း မစ္စတာကောင်းက ဒေသရင်းသားရဲများအကြောင်းပင်သိနေသေးသည်၊ သူကတကယ်ကိုနက်ရှိုင်းတဲ့ အရည်အချင်းရှိတဲ့လူငယ်တစ်ယောက်ဘဲ။

# စာစဉ် ၃

အခုမာကျန်းကလုံးဝကို ယုံကြည်သွားပြီဖြစ်သည်၊ မြင့်မားတဲ့အောင်မြင်မှုနှုန်းရှိသည့် ကောင်းဖန်၏အရည်အချင်းများသည် တိုင်းတာ၍ပင်မရနိုင်တော့ပါ။

***

## စာစဉ် ၃

## *အခန်း ၃၅ သံမဏိကြွံ*

နောက်နှစ်ရက်မှာလဲ ကောင်းဖန် ရုံးခန်းတွင်ပင် ဆက်နေခဲ့ပေမည့် လာရောက်သည့်တိုင်ပင်သူကတော့ ရှားပါးလှသည်။ ကြည့်ရတာ သူ့ရဲ့ မတန်တဆကြေးများကောက်ခံမှုက ကျော်ကြားသွားပုံရသည်။ ဘာပဲဖြစ်ဖြစ်ပါလေ၊ ဒီနှစ်ရက်အတွင်း သူအလုပ်တစ်ခုကိုတော့ ပြီးစီးနိုင်ခဲ့ပြီးပြီဖြစ်သည်။ ၎င်းကတော့ ဖောက်သည်တစ်ဦး၏ အဆင့်၇ အကြီးစားသားရဲကြွက်ကို အထူးအဆင့်မှနေပြီး ပြီးပြည့်စုံခြင်းအဆင့်သို့ မြှင့်ပေးရခြင်းဖြစ်သည်။ ကောင်းဖန် ထိုအကြီးစားသားရဲကြွက် အဆင့်မြှင့်တင်ခြင်းအောင်မြင်ဖို့ရန် နှစ်ရက်လုံးအချိန်ပေးလိုက်ရပေသည်။

ဘယ်သူကမှ ပညာတတ်ကာ ဉာဏ်ကောင်းလွန်းပြီး မွေးလာတာမဟုတ်ပေ။ ထိုသို့သောလူမျိုးများကတော့ ရှေးပုံပြင်များနှင့်

## စာစဉ် ၃

နတ်သမီးပုံပြင်များတွင်သာ ရှိပေသည်။ ကောင်းဖန်ကတော့ သာမာန်လူတစ်ဦးသာဖြစ်သည်။ သူ့ကို တခြားသူတွေနှင့်ခြားနားစေသွားသည့်အချက်ကတော့ သူကအလုပ်အင်မတန်ကြိုးစားလုပ်ကိုင်ခြင်းသာဖြစ်သည်။ အချိန်တိုင်း သူက ပိုမိုတွေးတောဆင်ခြင်ကာ တစ်ခုမဟုတ်တစ်ခုကို ကြိုးစားလုပ်ဆောင်နေလေ့ရှိသည်။ ဒီတစ်ခေါက်အလုပ်ကိုလဲ ၂နာရီလောက်တည်းနှင့် ပြီးစီးအောင်ဆောင်ရွက်နိုင်ပေမည့် သူ့အရည်အချင်းကို သိုဝှက်ထားရန်အလို့ငှာ တမင်အချိန်ဆွဲထားလိုက်ခြင်းသာဖြစ်သည်။

သူ့ဖောက်သည်ကလဲ ကိစ္စအောင်မြင်သွားသည့်အတွက် ကျေနပ်နေစဲဖြစ်ကာ ကောင်းဖန်ကိုပေးရသည့် အတိုင်ပင်ခံကြေးလေးကပင် သူ့ကိုနာကျင်စေတာဖြစ်သည်။

## စာစဉ် ၃

၂ရက်ကုန်ဆုံးပြီးနောက် ပုံမှန်ကျောင်းတက်ရက်များပြန်လည်ရောက်ရှိလာသည်။ ပြီးခဲ့သည့်အပတ်က လေ့ကျင့်ပေးခဲ့မှုကြောင့် တာ့ဇီသည် ပိုလို့သန်မာလာပြီဖြစ်သည်။ သူ၏ခန္ဓာကိုယ်ကလဲ ၉ပေအထိရှည်လာပြီဖြစ်ကာ လုံးပတ်ကလဲ ပိုကြီးလာသည်။ နေ့တိုင်းပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ရတာကြောင့် တာ့ဇီ၏စားချင်သောက်ချင်စိတ်ကလဲ သိသိသာသာပင် တိုးပွားလာသည်။ တာ့ဇီ၏ကျောခွံအရောင်သည်လဲ ပိုတောက်လာကာ ခုခံကာကွယ်နိုင်စွမ်းလဲမြင့်မားလာပြီး ခြေထောက်များသည်လဲ ပိုမိုထူထဲကာ သန်မာလာခဲ့သည်။

များပြားလှသည့်အတန်းချိန်တွေကတော့ ကျောင်းသားများ၏အချိန်အားလုံးကို အပြည့်အဝယူထားပေသည်။ ကျောင်းဆင်သွားလျှင်တောင်မှ လက်ရှိသင်နေစဲသင်ခန်းစာများကို

## စာစဉ် ၃

လိုက်မီရန်အလို့ငှာ အချိန်ပိုလေ့ကျင့်ရေးအတန်းများတောင် တက်နေရသေးသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ၁၇–၁၈နှစ်အရွယ် ဆယ်ကျော်သက်ကလေးများသည် သူတို့၏ကိုယ်ပိုင်သားရဲများကို ခေါ်ဆောင်ကာ လူမြင်ကွင်းအချို့နေရာများတွင် လေ့ကျင့်ပေးနေသည်ကို ချန်အန်းမြို့သူမြို့သားများလဲ သတိပြုမိနေကြပေပြီ။

“ပြောစမ်းပါဦး၊ ငါတို့ခေါင်းတွေကို ဘာကြောင့် ဒီလောက်အလုပ်ပေးနေရတာလဲ? စာမေးပွဲအောင်,အောင်ဖြေနိုင်ရင်တောင်မှ ဘာပဲဖြစ်ဖြစ် ထိပ်တန်းကျောင်းကိုတော့ တက်နိုင်မှာမဟုတ်ဘူးလေ။ ငါတို့ဘွဲ့ရသွားရင်လဲ အားလုံး ဟိုဟိုဒီဒီအလုပ်တစ်မျိုးမျိုးနဲ့ ဂိတ်ဆုံးသွားကြမှာပဲ၊ တကယ်တော့ ငါတို့က သားရဲလေ့ကျင့်သူဖြစ်ဖို့မပြောနဲ့ဦး ပုံမှန်အလုပ်လေးတစ်ခုတောင် ရနိုင်ပါ့မလားဆိုတာ ဘယ်သူကအတိအကျပြောနိုင်လို့လဲ။”

# စာစဉ် ၃

တစ်စုံတစ်ယောက်က လေ့ကျင့်ရေးလုပ်နေချိန်အတွင်း သူ့ဘေးမှတစ်ဦးကို တိုးတိုးတိတ်တိတ်ပြောနေခြင်းဖြစ်သည်။

တစ်ဖက်လူကလဲ သူ့စကားကို လက်ခံပေသည်။ "မင်းမှန်တယ်။ ငါတို့ နည်းပြကို ထွက်လို့ရမလားသွားမေးကြရင်ကော?"

"…နည်းပြအရင်ကပြောထားတာ မင်းမမှတ်မိတော့ဘူးလား? အခုချိန်မှ ငါတို့ထွက်မယ်ဆိုရင် သူက ငါတို့ကို စစ်ပြေးတွေလို ဆက်ဆံမှာတဲ့လေ။ ငါတို့ဒီလတော့ အချောင်ခိုပြီးတက်လိုက်ကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် သူတို့က အားလုံးပေါင်း လူ၁၂၀၀ပဲ ရွေးမှာပဲကို။ တစ်လပြီးသွားရင် ငါတို့အတန်းကိုပြန်ပြီး ပုံမှန်စာမေးပွဲအတွက်ပဲ ပြန်လေ့ကျင့်ကြတာပေါ့။ ဒီတစ်လကိုတော့ အားလပ်ရက်ရထားတယ်ပဲ သဘောထားလိုက်ကြရအောင်။" ပထမလူက ပြုံးပြုံး၊ပြုံးပြုံးဖြင့် ပြန်ပြောလာသည်။

"အမ်း… မင်းပြောတာ အဓိပ္ပါယ်တော့ ရှိသားပဲ။"

## စာစဉ် ၃

ကျောင်းသားတွေထဲမှာ ဒီလိုပဲတွေးနေကြတဲ့လူတွေအများကြီးပင်။ ပြီးခဲ့သည့်ရက်ပိုင်းလေးမှာ အလွန်ပြင်းရိုဖွယ်ကောင်းသည့် လေ့ကျင့်ရေးကိုသာ ထပ်ခါတလဲလဲလုပ်နေရတာကြောင့် တော်တော်များများက ထွက်ချင်နေကြပြီဖြစ်သည်။

ဒါကပုံမှန်ပါပဲ ပျင်းရိခြင်းဆိုတာ လူသားတွေရဲ့သဘာဝမှာကိုပါဝင်နေတာဖြစ်သည်။

သားရဲလေ့ကျင့်သူအရာရှိလောင်းအတန်းများသည် သူတို့တွေးသလို လွယ်ကူမနေဘဲ သူတို့တွေးသလိုလဲ ပျော်စရာကောင်းသည့်အရာမဟုတ်ပေ။ ကျောင်းသားတော်တော်များများကတော့ စတင်ပြီးလက်လျှော့လာကြပေပြီ။ ဒါတင်မကသေး ပုံမှန်အတန်းစာမေးပွဲကလဲ ရှိနေသေးသည်။ ထိုစာမေးပွဲအတွက်

## စာစဉ် ၃

သူတို့အရမ်းကြိုးပမ်းနေဖို့လဲ မလိုသလို

နေ့တိုင်းပင်ပင်ပန်းပန်းကျက်မှတ်နေဖို့လဲ မလိုပေ။

ဆိုရိုးစကားအတိုင်းဆိုပါက ကောင်းကင်ကြီးပြိုကျလာရင်တောင်မှ မင်းထက်အရပ်ပိုရှည်တဲ့လူက အရင်ဆုံးအဖိခံရမည်သာ။ တိုက်ခိုက်ရေးသားရဲလေ့ကျင့်သူတစ်ဦးဖြစ်လာခြင်းဆိုသည်မှာ တောတွင်းသူရဲကောင်းတစ်ဦးဖြစ်လာသလိုပင်။ သို့သော်လည်း ထိုတောထဲတွင် ဆိုးဆိုးရွားရွားသေဆုံးသွားနိုင်သည့်အချက်ကတော့ ပြောရခက်ပေသည်။

တစ်စုံတစ်ယောက်ကသာ ဆက်လက်ကြိုးစားဖို့ လက်လျှော့ဖို့ရန် ဆုံးဖြတ်လိုက်ပြီဆိုလျှင် ထိုသို့လက်လျှော့ချင်ရခြင်း၏ အကြောင်းအရင်းထောင်ပေါင်းများစွာ ထွက်ပေါ်လာပေမည်။

ကျောင်းသားများ၏ ထိုသို့သောအပြုအမူတွေအားလုံးကိုတော့ နည်းပြက ရှင်းရှင်းလင်းလင်းသိမြင်နေပေမည့်

## စာစဉ် ၃

သတိပေးဖို့ရည်ရွယ်ချက်မရှိပေ။ နည်းပြက ဘေးတွင်သာ အသာလေးရပ်ကာ ကျောင်းသားများလေ့ကျင့်နေမှုကို အကြံပေးခြင်းလဲမရှိသလို ဝင်ရောက်စွက်ဖက်ခြင်းလဲမရှိဘဲ အေးအေးဆေးဆေးကြည့်နေသည်။ ကျောင်းသားများကိုယ်တိုင် သူ့ကိုလာရောက်မေးမြန်းသည့်အချိန်ကလွဲလျှင် ဘာမှမပြောခဲ့ပေ။

ထောင့်နားမှာ အချောင်ခိုကာ ပုန်းနေသည့်ကျောင်းသားများရှိနေတာတောင်မှ မမြင်သလိုသာ နေနေသည်။

ကောင်းဖန်သည်တော့ ကြိုးစားလေ့ကျင့်နေကာ ဒီခက်ခဲလှသည့်လေ့ကျင့်ရေးကို ပျော်မွေ့လို့နေသည်။ လေ့ကျင့်ရေးက ပုံမှန်ဆိုလျှင် ပျင်းစရာကောင်းလှပေမည့် သူ့မှာသာ ဆက်လုပ်ဖို့ ရည်ရွယ်ချက်တစ်ခုရှိနေသ၍ ပျင်းရိစရာအကောင်းဆုံးသောလေ့ကျင့်ရေးပင်လျှင်

# စာစဉ် ၃

စိတ်လှုပ်ရှားစရာအကောင်းဆုံးလေ့ကျင့်ရေးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပေလိမ့်မည်။

ကောင်းဖန် ဘယ်ဘက်လက်ထဲတွင် အချိန်မှတ်သည့်စက်တစ်လုံးကို ကိုင်ထားသည်။ သူ့ရှေ့တွင်တော့ တာ့ဇီသည် လျှင်မြန်သွက်လက်စွာဖြင့် ကျောက်တန်းကြီးကို ဖြတ်ကျော်နေသည်။ တာ့ဇီ ကျောက်တန်းအားလုံးကို ဖြတ်ကျော်ပြီးသွားသည်နှင့် ကောင်းဖန် လက်ထဲမှ အချိန်မှတ်စက်ခလုတ်ကို ရပ်လိုက်ကာ၊ “၇.၄၇စက္ကန့်၊ အရင်တစ်ခေါက်ထက် ၀.၄စက္ကန့်ပိုမြန်လာတယ်။” ပြောပြီးသည်နှင့် ကောင်းဖန် သူ့မျက်ခုံးပေါ်တွင်သီးနေသည့် ချွေးစက်များကို သုတ်လိုက်သည်။ ဒီရက်ပိုင်းအတွင်း အပူချိန်အရမ်းမြင့်တက်လာတာကြောင့် နေရောင်အောက်အကြာကြီးရပ်နေရသည်က အလွန်ပူပြင်းလှပေသည်။

# စာစဉ် ၃

ဒုန်းစိုင်းပြေးပြီးနောက် တာ့ဇီ အနားပေးသည့်အနေဖြင့် သူ့ခြေချောင်းလေးများကို ချက်ချင်းလှုပ်ချလိုက်သည်။ ကောင်းဖန်လဲ တာ့ဇီ၏ခေါင်းလေးကို ပုတ်ပေးကာ အနားရှိဘူးထဲမှ ကြီးမားသည့်ပိုးတောင်မာအနည်းငယ်ကို ထုတ်ကာကျွေးလိုက်သည်။

ထိုပိုးတောင်မာအကြီးစားများသည် တာ့ဇီအတွက် ခေါက်ဆွဲခြောက်များနှင့်တူကာ သားရေများကျသည်အထိ အငမ်းမရကိုစားနေတော့သည်။

တာ့ဇီ၏အေးစက်စက်ခေါင်းလေးကို ပုတ်ပေးရင်းဖြင့် ကောင်းဖန်၏စိတ်လဲ တဖြည်းဖြည်းအေးမြလာခဲ့သည်။

ပိုးတောင်မာများသည် တာ့ဇီ၏အကြိုက်ဆုံးအစာဖြစ်ကာ အာဟာရဓါတ်နှင့် ပရိုတင်းဓါတ်အပြည့်အဝပါဝင်ပေသည်။

အထူးသဖြင့်ကြီးမားသော
ပိုးတောင်မာများသည်ကပ်ဆိုးကြီးပြီးနောက် သန္ဓေပြောင်း လဲခဲ့သည်၊

# စာစဉ် ၃

သူတို့က တူတစ်ချောင်းလောက်ရှည်လျားပြီး သူတို့ခန္ဓာကိုယ်များသည် အာဟာရများဖြင့်ပြည့်ဝနေသည်၊သူတို့က အဆီများပြီးအရည်ရွှမ်းကာ အရသာရှိ အောင်ပြုလုပ်ထားသည်၊

“ကောင်းဖန်,မင်းကမင်းရဲ့ကိုယ်ပိုင်သားရဲကိုသေချာလေ့ကျင့်ထားပုံရတယ်” စည်သံ ကဲ့သို့ သောအသံနှင့်ပြောလာသည်၊

ဟုတ်ပါတယ်,အသံကယောကျ်ားဆန်ပြီး အားကောင်းသည်။ စည်နှင့်သူ့ကိုဖော်ပြသည်မှာ မှန်ကန်လှသည်၊

ကောင်းဖန် လှည့်လိုက်တဲ့အခါ သူကောင်းကင်က ရုတ်တရက်မှောင်မဲသွားသလိုမျိုး အမှောင်ကိုမြင်လိုက်ရသည်၊

သူက ပုံကိုပိုပြီးမြင်ရဖို့ နောက်ကိုနှစ်လှမ်းဆုတ်လိုက်သည်၊ သူ့ရှေ့မှာရပ်နေတဲ့ ဆံပင်ကိုမြင်းမြီးကဲ့သို့အောက်နားတွင်စုချည်ထားပြီး နှစ်မီတာလောက်ထိရှည်ကာ အနက်ရောင်အစင်း အားကစား အင်္ကျီကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်သည်၊ သူမကချွန်နေသော နှာခေါင်း, ကျယ်သောမျက်လုံးနှင့်ထူသော မျက်ခုံးတို့ရှိသည်၊အကယ်၍ ဒီအင်္ဂါရပ်အား

## စာစဉ် ၃

လုံးသည်ယောက်ျားလေးတစ်ယောက်တွင်ရှိပါက ထိုလူကသေချာပေါက်ကိုယောက်ျား ပီသပေလိမ့်မည်။

ထိုကဲ့သို့အရပ်ရှည်သော ကိုယ်ထည်နှင့်အတူ, တစ်ဦးတည်းထိုနေရာတွင်ရပ်နေခြင်း သည်သူ့ပတ်ဝန်းကျင်ရှိမည်သူမဆို ကြီးမားသည့်ဖိအားကိုခံစားရသည်၊

“မင်းရဲ့ချီးမွမ်းမှုအတွက်ကျေးဇူးတင်ပါတယ်” ကောင်းဖန်ခေါင်းညိတ်ပြလိုက်သည်၊ သူ့ဘေးမှ တဘ့ဇီက သူစိမ်းတစ်ယောက်ကသူ့သခင်ကိုစကားပြောနေတာကို သတိပြုမိသွားသောကြောင့် နာခံစွာနဲ့မြေပြင်ပေါ်တွင်မလှုပ်မယှက်လှဲလျောင်းနေသည်၊

မိန်းကလေး၏သိသာထင်ရှားစွာပေါ်လာသော်လည်း ကောင်းဖန်အတွက်တော့ သူမ အကြောင်းကိုအရင်ကဘာမှကြားဖူးမည်မဟုတ်ပေ။

သူမက မုထျယ်ယင်းဖြစ်သည်၊ သူမ၏ရလဒ်များသည် အမြဲထိပ်ဆုံးကျောင်းသားသုံး ယောက်ထဲတွင်ပါဝင်သည်၊

# စာစဉ် ၃

ကျောင်းနှစ်ခုပေါင်းစည်းပြီးနောက်သူသည် သားရဲလေ့ကျင့်ပေးသူဖြစ်ရန်ရည်ရွယ်ခဲ့သည်။

များစွာသောလူများ၏အမြင်တွင် သူမသည်လည်းကောင်းဖန်ကဲ့သို့ တစ်ယောက်ထဲ ထူးဆန်းသည့်လူဖြစ်သည်။

ဘာကြောင့်လဲဆိုတော့ ကျောင်းသားတွေအားလုံးထဲမှာကျောင်းနှစ်ကျောင်းထဲက သူမနှင့်ကောင်းဖန်၏ရလဒ်ကောင်းကြသော်လည်း သားရဲလေ့ကျင့်သူအရာရှိအဖြစ် လျှောက်ထားရန် ရွေးချယ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သူတို့ရဲ့ရလဒ်တွေနဲ့ တောက်ပတဲ့အနာဂါတ်တွေက ရှိနေပြီးဖြစ်သော်လည်းအဲ့ဒီအစား သူတို့က မသေချာမရေရာတဲ့ လမ်းကြောင်းကိုသာရွေးချယ်ခဲ့ကြသည်။

များစွာသောလူများကသူတို့ရဲ့လုပ်ရပ်တွေကို နားမလည်ကြချေ၊ သားရဲလေ့ကျင့်သူ မလုပ်ခင်မှာ ကောင်းမွန်တဲ့ကောလိပ်ကို တက်ဖို့ရနိုင်တယ်မဟုတ်ဘူးလား? ဘာကြောင့်သားရဲလေ့ကျင့်သူအရာရှိဖြစ်ဖို့ ရွေးချယ်ခဲ့ကြတာလဲ။?

# စာစဉ် ၃

"ငါ ,မင်းနဲ့အတူအုပ်စုတစ်ခုတည်းဖွဲ့ချင်လို့ ဒီကိုလာခဲ့တာ၊" မုထျယ်ယင်းတည့်တိုး ပင်ပြောဆိုလိုက်သည်။

"အုပ်စုတစ်ခုတည်းဖွဲ့ဖို့" ကောင်းဖန် နည်းနည်းအံ့သြသွားသည်၊ ဒါပေမယ့်နည်းပြဆရာ ကအရင်ကအဲ့အကြောင်းပြောဖူးတာကို ပြန်တွေးမိလိုက်သည်၊ ကျောင်းသား၁၂၀၀ကို ရွေးပြီးတဲ့နောက်, သူတို့ကအဖွဲ့ဝင်နှစ်ဦးစီရှိသည့်အဖွဲ့ကို ဖွဲ့လိမ့်မည်။ အဖွဲ့ဝင်တစ်ယောက်ချင်းစီတိုင်းက ပူးပေါင်းဆောင်ရွက်ကာသူတို့ရဲ့အမိန့်ကို နာခံနိုင်ရန်မတူညီသော ကိုယ်ပိုင်သားရဲပုံစံများရှိရန်လိုအပ်သည်။

လေ့ကျင့်ရေးအစီအစဉ်ပြီးဆုံးပြီးနောက်တွင် ထိုသေးငယ်သောအဖွဲ့များအကြား ပြိုင်ပွဲ ပြုလုပ်လိမ့်မည်၊ သူတို့၏ရလဒ်များကိုလည်း အဖွဲ့၏စွမ်းဆောင်ရည်ကိုကြည့်ကာ အမှတ်ပေးလိမ့်မည်၊

"ဘာကြောင့်ငါ့ကိုရှာတာလဲ?" ကောင်းဖန်အနည်းငယ်ရှုပ်ထွေးသွားသည်၊ နောက်ဆုံးတွင်တော့ သူကသူမကိုလုံးဝမသိပါ။

# စာစဉ် ၃

"ဘာလို့လဲဆိုတော့သူတို့တွေအကုန်လုံးက စာလေ့လာတာကလွဲရင်ကျန်တာတွေမှာ အကုန်အောက်ကဘဲ၊ သူတို့နဲ့ငါ့ကြားထဲမှာတူညီတဲ့ စိတ်သဘောထားတွေမရှိကြဘူး၊" မုထျယ်ယင်းက အသည်းမာမာနှင့်ရိုးရိုးသားသားပြောလိုက်သည်၊

ဒါကမုထျယ်ယင်းဘဲ....စကားလုံးတွေနဲ့နည်းလမ်းတွေလည်းတကယ်ရှိပါ့လား, ကောင်းဖန်သက်ပြင်းချလိုက်သည်၊

"မင်းရဲ့ကိုယ်ပိုင်သားရဲဘယ်မှာလဲ?" ကောင်းဖန်က မုထျယ်ယင်းသူမသားရဲမပါဘဲ တစ်ယောက်တည်း ရပ်နေတာကိုတွေ့တာကြောင့်သိချင်စိတ်နဲ့မေးလိုက်တယ်၊

"ကြာစေ့လေး!" မုထျယ်ယင်းက ဘေးပတ်လည်ကိုလှည့်လိုက်ပြီး လေချွန်လိုက်သည်၊

အဝေးတစ်နေရာက သေးငယ်တဲ့တောင်ကုန်းတစ်ခုက တိတ်ဆိတ်စွာရပ်နေပြီး ရုတ်တရက် အသက်ပြန်ရှင်လာသလိုမျိုးဖြစ်သွားသည်၊ တောက်ပသောမျက်လုံးများကသူတို့ဆီကိုဦးတည်ကြည့်ကာ သေးငယ်တဲ့နားရွက်နှစ်ခုကဆတ်ကနဲပေါ်လာသည်၊

# စာစဉ် ၃

ထို့နောက်သူ့ရဲ့ထူပြီး ခိုင်ခံ့တဲ့ခြေလက်များနှင့်အတူ ကမူးရှူးတိုးပြေးလာသည်၊ ဘိလပ်မြေခင်းထားသောမြေပြင်သည် သူ့ရဲ့လှုပ်ရှားမှုကြောင့်လှုပ်ယမ်းသွားပြီး ထိုမြေပြင်ကိုဖြတ်၍ တင့်ကားစီးသွားသကဲ့သို့ပင်ထင်ရသည်၊

ထိုအကောင်ရဲ့ဘေးမှာရှိနေတဲ့ မုထျယ်ယင်းက သေးငယ်တယ်လို့ထင်ရတယ်၊

နှာမှုတ်သံ–

၎င်းကကျယ်လောင်သော နှာမှုတ်သံကိုပြုလုပ်လိုက်သည်၊

မုထျယ်ယင်းက
နူးညံ့စွာနဲ့သံမဏိကြွံရဲ့ဦးခေါင်းကိုပွတ်ပေးလိုက်သည်၊ ထိုကြီးမားတဲ့အကောင်က ပွတ်သတ်နေတာကိုပျော်ရွှင်နေပုံရသည်၊ သူက ညင်ညင်သာသာနှင့် မျက်လုံးများကိုပိတ်လိုက်ကာ သူ့ခေါင်းကိုမုထျယ်ယင်းခန္ဓာကိုယ်နှင့်ပွတ်လိုက်သည်၊

[မကောင်းဆိုးဝါးအမည်]–သံမဏိကြွံ

[မကောင်းဆိုးဝါးအဆင့်]–၁၂(ထိပ်တန်းအဆင့်)

# ကောင်းဖန်

## စာစဉ် ၃

[မကောင်းဆိုးဝါးအဆင့်အတန်း]-ပြီးပြည့်စုံခြင်းအဆင့်

[မကောင်းဆိုးဝါးစွမ်းအင်]-သတ္တု

[မကောင်းဆိုးဝါးအခြေအနေ]-ကျန်းမာ(ပျော်ရွှင်)

***

# စာစဉ် ၃

## *အခန်း ၃၆ အကောင်ကြီးပြီး နူးညံ့နေတယ်*

“မင်းရဲ့ သံမဏိကြံ့က အရွယ်မရောက်သေးဘူးမဟုတ်လား?”

ကောင်းဖန် သံမဏိကြံ့ကို

အထက်အောက်စုံဆန်ကြည့်ကာပြောလိုက်သည်။

ဒီကြီးမားလှသည့်သားရဲကြီးသည်

သူ၏ကြီးထွားနေစဲကာလသာဖြစ်သင့်သေးသည်၊ ဒီလိုမှမဟုတ်ရင်တော့

အရွယ်ရောက်နေသည့်သံမဏိကြံ့က ဒီလောက်အထိပဲ

ကြီးလိမ့်မည်မဟုတ်ပေ။

အရွယ်ရောက်သံမဏိကြံ့များသည်

အုပ်ချုပ်သူအဆင့်သားရဲများကြားတွင်

အသန်မာဆုံးသားရဲတစ်ယောက်အဖြစ် သတ်မှတ်နိုင်ပေသည်။

## စာစဉ် ၃

ငင်း၏အရေပြားမှာ သံပြားတစ်ပြားလို မာကျောထူထဲကာ သူ၏ကြီးမားသောခန္ဓာကိုယ်ကြီးဖြင့်ပင် ရန်သူတိုင်းကို ဝင်တိုက်ကာ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပြုလုပ်ပစ်နိုင်ပြီး သူ၏ဦးခေါင်းထက်ရှိကြောက်စရာဦးချိုကြီးလဲ အလှဆင်ထားရုံသာမဟုတ်သည်မှာ သေချာပေသည်။

"ဟုတ်တယ်၊ ကြာစေ့လေးက အသက်တစ်နှစ်ပဲရှိသေးတယ်။ ကပ်ဘေးဖြစ်ပြီးတဲ့နောက် အရွယ်ရောက်တဲ့သားရဲကိုတွေ့ဖို့က ခက်နေပြီလေ။ ဒါပေမယ့် တခြားသားရဲတွေနဲ့ယှဉ်ရင်တော့ သူက လူသားတွေရဲ့အသက်၁၂နှစ်အရွယ်နဲ့ညီပါသေးတယ်။" မုထျယ်ယင်းက ပြောရင်းဖြင့်ပင် သံမဏိကြံ၏ကိုယ်ကိုပွတ်သပ်ပေးနေသည်။

"တစ်နှစ်ပေါ့၊" ကောင်းဖန် ခေါင်းတစ်ညိတ်ညိတ်ဖြစ်သွားသည်။

# စာစဉ် ၃

တဲ့ဇီလဲ ထိုစကားဝိုင်းကြားနေတာကြောင့် ချက်ချင်းပင် မတ်တပ်ထကာ ကောင်းဖန်၏ပုခုံးကိုမှီပြီးရပ်လိုက်ရင်း စိတ်ထဲကနေစကားလှမ်းပြောလိုက်သည်။ “ငါက သုံးနှစ်! ငါကသုံးနှစ်!”

တဲ့ဇီ၏စကားကြောင့် ကောင်းဖန်ပြုံးမိသွားကာ တဲ့ဇီ၏ခေါင်းလေးကိုပွတ်ပေးပြီး၊ “ဟုတ်ပါပြီ၊ မင်းသုံးနှစ်ဖြစ်နေပြီမှန်း ငါသိပါတယ်။”

တဲ့ဇီကတော့ သူ့သခင်၏ပုခုံးကိုဆက်လက်မှီတွယ်နေရင်း သံမဏိကြံ့ကြီးကို စပ်စပ်စုစုဖြင့် ကြည့်နေသည်။ ဒီသံမဏိကြံ့ကြီး၏အရွယ်အစားကပင် ခြိမ်းခြောက်နိုင်စွမ်းရှိသည်။ ကောင်းဖန်တောင်မှ တဲ့ဇီကြောက်လန့်နေသည်ကို ခံစားမိကာ ၎င်း၏ဦးမျှင်လေးများကို ညင်ညင်သာသာဖိကိုင်းပြီး စိတ်ဖြေလျှော့ပေးနေသည်။

# စာစဉ် ၃

ကောင်းဖန်လဲ သံမဏိကြံ့ကို တစ်ချက်ပြန်ကြည့်လိုက်သည်။ ဒီကောင်ကြီးက တိုက်ခိုက်သူအဖြစ်ကော ခုခံသူအဖြစ်ပါ သတ်မှတ်လို့ရတာပဲ။ မုထျယ်ယင်းဘယ်လိုလေ့ကျင့်ပေးမလဲဆိုတဲ့အပေါ်ပဲ မူတည်တယ်၊ ဒါမှမဟုတ် သူမနှစ်မျိုးလုံးလေ့ကျင့်ပေးလိုက်လဲရတာပဲ။

“မင်း သူ့ကိုဘယ်လိုအမျိုးအစားဖြစ်လာဖို့ ရည်မှန်းထားလဲ?”

“ခုခံကာကွယ်သူလို့တော့ တွေးထားတယ်။” မုထျယ်ယင်း သံမဏိကြံ့၏ဦးချိုကို ညင်ညင်သာသာလေးပုတ်ပေးလိုက်သည်။ “ကြာစေ့လေးက ရှက်ကြောက်တတ်တယ်။ သူ့ထက်အဆပေါင်းများစွာ သေးတဲ့သားရဲတွေကိုတောင်မှ အမြဲကြောက်နေတာ။”

ဒီကောင်က အရမ်းကြောက်တတ်တယ်လား။ ကောင်းဖန် သံမဏိကြံ့၏အရွယ်အစားကို ပြန်မကြည့်မိဘဲ မနေနိုင်ပေ။ တကယ်ကိုပဲ ကြံ့တွေကို သူတို့ရဲ့ပုံစံအရွယ်အစားကြည့်ရုံနဲ့ ဆုံးဖြတ်လို့မရဘူးပဲ။

# စာစဉ် ၃

ကောင်းဖန်၏ မရိုးသားသည့်အတွေးများဖြင့် တိုင်းတာကြည့်နေသည့် အကြည့်များကြောင့် သံမဏိကြံ့က ရှက်လာကာ ခေါင်းငုံ့လိုက်ပြီး မုထျယ်ယင်းကို ဖွဖွလေးတွန်းလိုက်သည်။

"ဒါကတော့ ငါ့လက်ရှိအခြေအနေပဲ၊ နင်မဖြစ်နိုင်ဘူးထင်ရင်လဲ ဒီအကြောင်း မေ့လိုက်ကြတာပေါ့။"

ကောင်းဖန် ခဏလောင်ပြန်တွေးကြည့်နေလိုက်ပြီးနောက်၊ "ဒီကောင်ကအခုတော့ သိမ်မွေ့နေတယ်ဆိုပေမယ့် သူဒေါသထွက်လာရင်ကော? မင်းသူဒေါသထွက်အောင် စမ်းကြည့်ဖူးလား?"

မုထျယ်ယင်း မှင်သက်သွားကာ ပြန်တွေးကြည့်နေသည်။ ထို့နောက် အားနာသည့်အပြုံးလေးဖြင့်၊ "တောင်းပန်ပါတယ်၊ ငါရောငါ့မိသားစုရောက သူ့ကိုချစ်ကြတော့ သူလဲ

## စာစဉ် ၃

တစ်ခါမှအနာတရဆိုတာ မဖြစ်ဖူးဘူး။ ဒါကြောင့် သူဒေါသထွက်တဲ့အချိန် ကြမ်းတမ်းလောက်လားဆိုတာ ငါလဲ သေချာမပြောတတ်ဘူး။”

“ဒါပေမယ့် သူကခုခံကာကွယ်သူအနေနဲ့ကတော့ အဆင်ပြေနေပါပြီ၊ သူ့ရဲ့နာကျင်မှုကို ခံစားနိုင်စွမ်းက နေးကွေးတာကြောင့် ပြင်းထန်တဲ့နာကျင်မှုဆိုရင်တောင် ခံနိုင်ရည်ရှိတယ်။” မုထျယ်ယင်း၏ ယုံကြည်ချက်များပျောက်ဆုံးနေခဲ့ပြီဖြစ်သည်။ တခြားလူများ သူမသားရဲကိုတွေ့သည်နှင့် ဒီသားရဲ၊ ဘယ်လောက်တောင် “ကြီးပြီးသန်မာတယ်”ဆိုတာကိုသာ တန်းတွေးကြသည်။ ဒါပေမယ့် သူမတစ်ယောက်တည်းသိသည့်အချက်ကတော့ ကြာစေ့လေးသည် တိုက်ခိုက်သူအဖြစ်လေ့ကျင့်ဖို့ရန် မသင့်တော်ခြင်းပင်။ ဒါက ကောင်းဖန်အတွက် မတရားသလိုဖြစ်တာကြောင့် မုထျယ်ယင်း သက်ပြင်းချကာ ပြန်သွားဖို့သာ တွေးလိုက်တော့သည်။

## စာစဉ် ၃

သူမဘေးတွင်ရပ်နေသည့် ကြာစေ့လေးကလဲ သခင်ဖြစ်သူစိတ်ဓါတ်ကျနေမှုကို ခံစားသိရှိနေပုံပင်။ သူက ညင်ညင်သာသာလေးနှာရှုံ့နေကာ သူမသခင်ကို နှစ်သိမ့်ပေးချင်နေပေမည့် ဘယ်လိုမျိုးနှစ်သိမ့်ပေးရမလဲကိုတော့ မသိပေ။ ဒါကြောင့် သူ့ခေါင်းကိုသာ သခင်ဆီသို့ တိုးဝင်ပွတ်သပ်နေလိုက်တော့သည်။

မုထျယ်ယင်းသည်လဲ သူမသားရဲဖြစ်သည့် ကြာစေ့လေး၏ မိုက်မဲကာချစ်ဖို့ကောင်းသည့် အပြုအမူကြောင့် ရယ်ချင်မိသွားပြီး ကြာစေ့လေး၏ခေါင်းကို တွန်းဖယ်လိုက်ကာ၊ “သွား၊ ကိုယ့်ဘာသာ သွားကစားနေဦး။”

“မင်းက ငါ့ရဲ့အသင်းဖော်ဖြစ်ချင်တယ်လို့ ပြောတယ်မလား? ကောင်းပြီလေ၊ ငါလဲ အပျင်းထူတဲ့ကောင်တွေနဲ့ ပြောဆိုဆက်ဆံရတာ

## စာစဉ် ၃

ပင်ပန်းလွန်းလို့ သဘောတူလိုက်မယ်။”

မုထျယ်ယင်းနောက်လှည့်သွားချိန်တွင် ကောင်းဖန်ပြောလိုက်သည်။

“ဘာ?” မုထျယ်ယင်း အံ့သြသွားတော့သည်။ ဒီလိုအဖြေမျိုးရလာလိမ့်မည်ဟု သူမမမျှော်လင့်ထားခဲ့ပေ။ သူမပြန်လှည့်လာကာ ကောင်းဖန်ကိုကြည့်လိုက်တော့ ကောင်းဖန်က ပုခုံးပြန်တွန့်ပြလာသည်။ “သိမ်မွေ့နူးညံ့နေလဲ အဆင်ပြေပါတယ်။ ကျွမ်းကျင်မှုဆိုတာ လေ့ကျင့်ရင်းကပဲ ဖြစ်ပေါ်လာတာ။” ဒီလိုမွေးရာပါအရည်အချင်းရှိတဲ့သားရဲများက ရှာတွေ့ဖို့ ခက်ခဲလှသည်ဟု ကောင်းဖန် စိတ်ထဲမှာတွေးနေမိသည်။

ဒီနေရာတွင် သားရဲအနည်းငယ်မျှသာရှိကာ ထိုထဲမှ၉၉ရာခိုင်နှုန်းလောက်သည် သာမာန်သားရဲများသာဖြစ်ကြသည်။

ထိုထဲမှ အထူးအဆင့်သို့ရောက်နေသည့်ကိုယ်ပိုင်သားရဲက ဆယ်ဂဏန်းကျော်ရုံသာရှိပြီး ပြီးပြည့်စုံသည့်အဆင့်ကတော့

စာစဉ် ၃

၂ကောင်သာပါဝင်ပေသည်။ တစ်ကောင်ကတော့

ကောင်းဖန်၏အတန်းဖော် ချန်းဟန်ချောင်၏

လင်းလက်လျှပ်စီးဝက်ဝံဖြစ်ကာ ကျန်တစ်ကောင်ကတော့

သံမဏိကြံ့ပင်ဖြစ်သည်။

ကိုယ်ပိုင်သားရဲများ၏ အဆင့်ကိုသိရှိနိုင်ဖို့က ခက်ခဲလှသည်၊ ပထမဆုံးအနေနှင့်, လေ့ကျင့်သူတွေက ဒီလိုနမူနာအကျွမ်းတဝင်သားရဲတွေအများအပြားလိုအပ်ပြီး ထို့နောက် ၎င်း၏အချက်အလက်များကို မျိုးတူသားရဲနမူနာများနှင့်ယှဉ်ကြည့်ရန် လိုအပ်သည်၊ ကောင်းဖန်ကဒါကို ရိုးရိုးတန်းတန်းရှာတွေ့ခဲ့ပြီး သူကသားရဲကိုကြည့်ပေးရန်သာလိုအပ်သည်။

ဒါကြောင့်, များပြားသောမျိုးစိတ်အသစ်တွေရဲ့အဆင့်များကို မသတ်မှတ်နိုင်သေးပါ၊ အစပိုင်း ဒမ်ဘီကိုမွေးတော့, ဒါရိုက်တာချန်းက သေချာပေါက်ရိုးရိုးအထူးအဆင့်သားရဲ အဖြစ်သတ်မှတ်လိုက်သည်၊

လူတို့က သားရဲပျိုးထောင်သူများသည် ရှားပါးပြီး အဆင့်မြင့်သောသားရဲများနှင့်သာ အမြဲတမ်း

# စာစဉ် ၃

ဆက်ဆံသည်ဟုထင်ကြပေမယ့် ထိုအရာမှာအမှန်မဟုတ်ပါ။ ထိုသားရဲများ သသည်သာမန်မဟုတ်ကြဘဲ, သူတို့၏အထူးစွမ်းရည်များကြောင့်သာ ပျိုးထောင်သူများနှင့် ဆက်ဆံရာတွင်လွယ်ကူနေခြင်းဖြစ်သည်၊

“မင်းရဲ့သားရဲက အရည်အချင်းရှိတယ်၊ မင်းသူနဲ့အကောင်းဆုံးကြိုးစားအလုပ်လုပ်သင့် တယ်၊ သူ့ရဲ့အရည်အချင်းတွေကို အချည်းနှီးမဖြစ်စေနဲ့၊” ကောင်းဖန်သံမဏိကြွံကို ကြည့်ကာ အနီးသို့လျှောက်သွားလိုက်သည်၊

သူစိမ်းတစ်ယောက်က နီးကပ်လာသည်ကိုတွေ့သောအခါ, ကြာစေ့လေးက စိုးရိမ် တကြီးဖြင့်သူ့ခေါင်းကိုခါလိုက်သည်၊

ကောင်းဖန်ကရပ်လိုက်ပြီး ကြာစေ့လေးနှင့်ခြေနှစ်လှမ်းအကွာတွင်နေနေသည်။ ကြာစေ့လေးက အနည်းငယ်ထိတ်လန့်နေသည်၊ ထို့နောက်သူ့မျက်လုံးတွေကိုဖွင့်လိုက်ကာ ကောင်းဖန်ကိုမဝံ့မရဲနှင့် စူးစမ်းကြည့်နေသည်၊

“ဟေး! ဘော်ဒါကြီး,” ကောင်းဖန်က ကြာစေ့လေးနှင့်နှုတ်ဆက်လိုက်သည်၊

# စာစဉ် ၃

“ဟူး” ကြာစေ့လေးက ရှက်ရွံ့စွာနဲ့နောက်သို့ခြေနှစ်လှမ်းဆုတ်လိုက်သည်၊ သူက ကျယ်လောင်တဲ့အသံနှင့် ကလေးဆိုးတစ်ယောက်လိုပုံစံကဲ့သို့ပြုမူနေသည်၊ ၎င်းကကောင်းဖန်ကိုကြည့်လိုက်ပြီးနောက် ရုတ်တရက်လှည့်လိုက်ကာ ထွက်ပြေးသွားတော့သည်၊

“သူက အရမ်းကြောက်တတ်တယ်, မင်းသူ့ကိုများများလေ့ကျင့်ပေးဖို့လိုတယ်၊ မင်းသူ ကြီးလာတာကိုကြည့်နေကတည်း မင်းကဘယ်ကြိုးစားအားထုတ်မှုကိုမှမြင်ဖို့လိုလို လားလားမရှိခဲ့ဘူး၊ ဒါပေမယ့်မင်းတကယ်ဘဲ သူ့ကိုခုခံကာကွယ်သူဖြစ်စေချင်ပေမယ့် သူကသူ့နဲ့မင်းရဲ့အနာဂါတ်ကိုပါဖျက်စီးမိလိမ့်မယ်၊” ကောင်းဖန်သူ့ခေါင်းကို ယမ်းလိုက် တယ်၊ နောက်ဆုံးတော့လည်း ဒါကသူ့ရဲ့သားရဲမဟုတ်ခဲ့ဘူး, ဒီတော့သူတခြားသူရဲ့လေ့ကျင့်ရေးမှာဝင်ပြီး မစွက်ဖက်သင့်ဘူး၊ သူကသူ့အကြံဉာဏ်ကိုပေးရုံသာဖြစ်သည်၊

# စာစဉ် ၃

သူတို့တစ်ဖွဲ့တည်းသားတွေဖြစ်သွားကတည်းက သူကသူ့ရဲ့ကိုယ်ပိုင်တာဝန်ကိုယူရ သည်။

....

ကောင်းဖန် ကျောင်းကနေအိမ်ကိုပြန်လာတော့ ပစ္စည်းအချို့ဝယ်ရန်ဈေးကိုသွား လိုက်သည်၊ ပစ္စည်းတိုင်းကို မတူညီတဲ့ဆိုင်များတွင်ရောင်းချသည်၊ ထို့ကြောင့် အရာရာ တိုင်းက သူ့ကိုအဆင်သင့်ဖြစ်စေပြီး သူ့အိမ်ကိုအမြန်ပြန်နိုင်ခဲ့သည်၊

သူပြန်ရောက်တော့ ပထမဆုံးအပိုပစ္စည်းများကိုဘေးဖယ်ထားလိုက်ပြီး ကျန်တဲ့အရာ များကိုအစဉ်အတိုင်း မျိုးတူစုလိုက်သည်၊

တာ့ဇီလည်း ပြီးပြည့်စုံခြင်းအဆင့်သို့မြှင့်တင်ရမည်၊ သူကလွန်ခဲ့တဲ့နှစ်ပတ်လောက်က သူ့ရဲ့တိုးမြှင့်မှုသည် အထူးအဆင့်သို့ရောက်ခဲ့သည်၊

တာ့ဇီအတွက်, ပြီးပြည့်စုံခြင်းအဆင့်သို့မြှင့်တင်ခြင်းသည် အုပ်ချုပ်သူအဆင့်သည်

# စာစဉ် ၃

ခက်ခဲတဲ့အလုပ်မဟုတ်ကြောင်းဆိုလိုခြင်းဖြစ်သည်၊
ဒါကလွယ်ကူတဲ့လေ့ကျင့်နည်း နောက်ကိုဘဲလိုက်နာဖို့လိုအပ်တာပါ၊

ကောင်းဖန်သည် ပစ္စည်းများကိုကိုင်တွယ်ရာတွင် အလွန်ဂရုစိုက်သည်၊ အလွန်အမင်း အဆိပ်အတောက်ဖြစ်နိုင်သော ပစ္စည်းများရှိပြီး, အကယ်၍သူသည် စက္ကန့်တိုင်းအာရုံ မစိုက်ပါက သူဒုက္ခအကြီးအကျယ်ရောက်နိုင်သည်၊

သူအဖြူရောင်ပိုးသတ်ဆေးဝတ်စုံကိုဝတ်ဆင်ရန် အိပ်ခန်းထဲသို့သွားလိုက်သည်၊ တဒ္ဓဇီက ပိုင်ရှင်ရဲ့ဝတ်စုံက ရယ်ရသည်ဟုတွေးနေပြီး သူကခဏလောက် ကောင်းဖန် ရဲ့ပတ်လည်မှာစက်ဝိုင်းပုံစံပတ်နေကာ သူ့အပေါ်ကိုခုန်အုပ်တော့မည့်အတိုင်းပြုလုပ် နေသည်၊ ကောင်းဖန်ကလျင်မြန်စွာနဲ့ရပ်လိုက်သည် "ရပ်လိုက် ညေစ်ကောင်လေး၊ မင်းထပ်ပြီး အဆင့်မတက်ချင်တော့ဘူးလား?"

ကောင်းဖန်က ပစ္စည်းတစ်ခုချင်းစီတိုင်းကို သီးခြားစွာခွဲကိုင်ပြီးနောက် မီးပြင်းပြင်းနှင့် ၎င်းတို့ကိုနှစ်နာရီကြာပြုတ်လိုက်သည်၊

## စာစဉ် ၃

နောက်ဆုံးတော့ သူအိုးအဖုံးကိုဖယ်ရှားလိုက်သည်၊ အနက်ရောင်မီးခိုးများက အိုးထဲမှ မြင့်တက်လာပြီးနောက် လေသာပေါက်ထဲသို့ဝင်သွားသည်၊

ကောင်းဖန်မျက်မှောင်ကြုတ်လိုက်သည်၊ ဒီအနက်ရောင်အငွေ့တွေကသိပ်ပြီး အဆိပ် မရှိလို့ လေထဲတွင်ပျောက်ကွယ်သွားဖို့အချိန်ကြာကြာမလိုအပ်ပေ၊ ဒါပေမဲ့ ခဏကြာ ပြီးနောက် သူပိုများတဲ့အဆိပ်အတောက်များကိုခွဲလိုက်ကာ ရောစပ်လိုက်ချိန်တွင် နောက်သူဒါနဲ့ပတ်သတ်ပြီး သာမန်ကာလျှံကာမနေသင့်တော့ပေ၊ ဒါကိုကြည့်ရတာ သူ့အတွက် အထူးစမ်းသပ်ခန်းလိုနေပြီဖြစ်သည်၊ သူခဏလောက် ခေါင်းကိုက်လာသလိုပင်ခံစားလိုက်ရသည်၊

အိုးက ခြောက်သွေ့သွားပြီး , တစ်ဝက်လောက်နူးညံ့သောအနက်ရောင်အမှုန့်လေးများ ကိုသာ အောက်ခြေတွင်ချန်ခဲ့သည်၊

ပစ္စည်းများကို ဆူပွက်အောင်လုပ်ပြီးခြောက်အောင်ထားပြီးသည့်နောက် ဒီအိုးက

## စာစဉ် ၃

ယုံကြည်စိတ်ချရမှုမရှိဘဲ ထပ်မသုံးတော့ပါ၊ ကောင်းဖန်အိုးကိုကြမ်းပြင်ပေါ်သို့ ရွှေ့လိုက်ပြီးနောက် ကောင်းဖန်ကဂရင်း၏အစွန်းကို တူဖြင့်ရိုက်လိုက်သည်၊

“ညစာစားချိန်ရောက်ပြီ၊”

***

စာစဉ် ၃

## *အခန်း ၃၇ မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူ*

တူဖြင့်ခေါက်လိုက်သည့်အသံကြောင့် တာ့ဇီခေါင်းထောင်လာကာ အသံလာရာကို စူးစမ်းပြီးသည်နှင့် တွားသွားလာခဲ့တော့သည်။ တာ့ဇီ အိုးထဲရှိ အနက်ရောင်အကျိအချွဲများကို ငုံ့ကြည့်လိုက်ကာ ၎င်း၏ဦးမျှင်များနှင့် အင်တင်တင် လှည့်ပတ်ထိုးကြည့်လိုက်ပေမည့် စားတော့မစားသေးပေ။

ထို့နောက် အိုးထဲသို့ တရှုံ့ရှုံ့နှင့်အနံ့ခံကြည့်လိုက်ပြီးနောက် အိုးအစွန်းကနေ တွန်းဖယ်လိုက်ကာ အလွန်စိတ်ပျက်နေသည့်အကြည့်ဖြင့် ကြည့်ရင်းလှည့်ထွက်သွားတော့သည်။ “အဆိပ်ပြင်းလွန်းတယ်၊ အရမ်းအဆိပ်ပြင်းတာပဲ…”

## စာစဉ် ၃

တဘ္ဇီ၏အပြောကြောင့် ကောင်းဖန် ဘာပြန်ပြောလို့ပြောရမှန်း မသိတော့ပေ။ ဒါပေါ့ ဒီတစ်အိုးလုံးကို အဆိပ်ရှိတဲ့ပါဝင်ပစ္စည်းတွေနဲ့လုပ်ထားမှတော့ သေချာပေါက် အဆိပ်ပြင်းတာပေါ့။ ဒါပေမယ့် မင်းကအဆိပ်ကိုကြောက်တယ်တဲ့လား? မင်းက အဆိပ်ထုတ်လွှတ်နိုင်တဲ့ သားရဲမျိုးစိပ်တွေအားလုံးကို အရှက်ရစေတာပဲ။

“ပြန်လာပြီး အကုန်စားလိုက်။ မင်းအဆင့်တက်လာဖို့ ဒါကို စားကိုစားရမယ်။ မင်းမစားရင် မင်းဘယ်လိုလုပ်သန်မာလာပါတော့မလဲ?” ကောင်းဖန် ငြင်းဆန်ခွင့်မပေးသည့် လေသံဖြင့်ပြောလိုက်ရသည်။

အိုးထဲတစ်စက်လေးတောင်မကျန်သည်အထိ တဘ္ဇီစားပြီးသွားချိန်တွင်တော့ ကောင်းဖန် စိတ်သက်သက်သာသာဖြင့်ပြုံးလိုက်နိုင်တော့သည်။ တဘ္ဇီမှာတော့

## စာစဉ် ၃

အနည်းငယ်နှေးကွေးလေးလံသွားပုံပေါ်ကာ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် အိမ်ထောင့်တစ်နေရာသို့ တွားသွားကွာ ဘောလုံးတစ်လုံးလိုမျိုးကွေးနေတော့သည်။

.........

မီးကျီနက်သစ်တောသည် တိတ်ဆိတ်ငြိမ်သက်လှသည့် ချိုင့်ဝှမ်းတစ်ခုပင်။ ထိုနေရာရှိ မဲမှောင်နေသည့်လှိုင်ဂူတစ်ခုထဲတွင်တော့ မီးခိုးရောင်ရှိသောရောမပင့်ကူအနည်းငယ်သည် လှိုဏ်ဂူအနက်ရှိုင်းဆုံးနေရာမှနေပြီး ဖြည်းညှင်းစွာတွားသွားထွက်လာကြသည်။ သူတို့၏မျက်လုံးများသည်တော့ သွေးနီရောင်တောက်ပလို့နေကာ ပတ်ဝန်းကျင်လေထုကို အနံ့ခံနေကြသည်။

ထူထပ်သောသစ်တောအုပ်အနီးနားတွင်တော့ ရွှေရောင်သင်းခွေချပ်တစ်ကောင်ရှိနေကာ သူ၏အပေါ်ခွံများသည်တော့

# စာစဉ် ၃

နေရောင်အောက်တွင် တောက်လှဲ့လို့နေသည်။ ထိုအချိန်တွင်ပဲ ပင့်ကူတစ်ကောင်က သူ့ပါးစပ်ထဲမှနေပြီး ဖြူပျစ်ပျစ်အရည်များကို ပစ်လွှတ်လိုက်ကာ ထိုအရည်များက အနားရှိသစ်ရွက်၊ သစ်ကိုင်းနှင့် မြက်ခင်းများအနှံ့သို့ ပျံ့နှံ့သွားခဲ့သည်။

ထိုဖြူပျစ်ပျစ်အရည်များသည် လေနှင့်ထိတွေ့လိုက်သည်နှင့် မြန်မြန်ဆန်ဆန်ပင် ခဲတောင့်သွားကာ ၎င်း၏နဂိုမူလစေးကပ်နေမှုများမရှိတော့ဘဲ မာကျောလာခဲ့သည်။ ရွှေရောင်သင်းခွေချပ်မှာ ထိုမာကျောလာသည့် ဖြူပျစ်ပျစ်အရည်များ၏ ပီကေလို ရုန်းမထွက်နိုင်အောင် ချုပ်နှောင်ထားမှုမှ လွတ်ထွက်အောင် ရုန်းကန်နေခဲ့သည်။

ရွှေရောင်သင်းခွေချပ်သည် အလန့်တကြားအော်ညည်းလိုက်ကာ ၎င်း၏ရွှေရောင်အကြေးခွံများသည်လဲ မရေမတွက်နိုင်သည့် ဓါးချွန်များအဖြစ်သို့ပြောင်းလဲသွားတော့သည်။ ထို့နောက်

## စာစဉ် ၃

သူ၏ခန္ဓာကိုယ်ကို ကွေးကောက်ကာ ဘောလုံးတစ်လုံးလိုမျိုးပြောင်းလဲလိုက်သည်။

ခန္ဓာကိုယ်ကိုကွေးကာ လုံးလိုက်ပြီး ကိုယ်ကိုလှိမ့်ကာသွားရင်းဖြင့် သူ၏အကြေးခွံမှ ဓါးသွားများသည်လဲ ဆူးချွန်လုံးလိုမျိုး လည်နေတော့သည်။

ပင့်ကူပိုးမျှင်များသည် ခံနိုင်ရည်အားကောင်းလှသော်လည်း ချွန်ထက်သည့်ဓါးသွားများနှင့် ရင်ဆိုင်ရချိန်တွင်တော့ အားပျော့ကာ မကြာမီတွင်ပဲ ပြတ်တောက်သွားပြီး ရွှေရောင်သင်းခွေချပ်လဲ လွတ်မြောက်သွားတော့သည်။ သို့ပေမည့် ရွှေရောင်သင်းခွေချပ်လွတ်မြောက်လျှင် လွတ်မြောက်ချင်းတွင်ပဲ နောက်ထပ်သော ပင့်ကူပိုးမျှင်လှိုင်းလုံးကြီးက ကောင်းကင်မှနေပြီး ထပ်မံပြေးဝင်လာသည်။

## စာစဉ် ၃

စေးကပ်ကပ်ပင့်ကူပိုးမျှင်များက တဖြည်းဖြည်းပိုလို့ပင်တိုးလာကာ မကြာခင်တွင်ပဲ ရွှေရောင်သင်းခွေချပ်ကို ဖုံးအုပ်သွားတော့သည်။ ထိုအခါမှ ပင့်ကူအုပ်လိုက်ကြီးက သားကောင်ကိုချောင်းသည့် လူမိုက်အုပ်ကြီးလိုမျိုး ရွှေရောင်သင်းခွေချပ်နားသို့ ဝိုင်းအုံကာ ထပ်ပြီးပင့်ကူပိုးမျှင်များကို ပစ်ထုတ်နေခဲ့သည်။

နောက်ဆုံးတွင်တော့ ရွှေရောင်သင်းခွေချပ်မှသည် ကြီးမားသည့် ပိုးဖြူအိမ်လုံးကြီးသို့ ပြောင်းလဲသွားတောသည်။

အထဲမှ ရွှေရောင်သင်းခွေချပ် မည်မျှပင် ရုန်းကန်နေပါစေ မဆုံးနိုင်သော ပင့်ကူပိုးမျှင်ထပ်ကြီးကြောင့် ဘယ်လိုမှ အဆုံးထိမထိုးဖောက်နိုင်ပေ။ ၎င်း၏တစ်ကိုယ်လုံးသည်လဲ မြေပြင်ထပ်တွင် ခိုင်မြဲစွာကပ်တွယ်နေပြီး အဆုံးသတ်တွင်တော့ သူ့ခွန်အားများလုံးဝကုန်ဆုံးကာ မလှုပ်မယှက်ဖြစ်သွားခဲ့ပြီး ပင့်ကူအုပ်ကြီးသည်လဲ သူ့အနားသို့ တဖြည်းဖြည်းတိုးကပ်လာခဲ့သည်။

## စာစဉ် ၃

လှိုင်ဂူထဲမှနေပြီး နောက်ထပ်မရေမတွက်နိုင်သော ပင့်ကူများထပ်ထွက်လာကြပြန်ကာ ထိုနေရာက သူတို့အတွက်အသိုက်ဖြစ်ဟန်တူပေသည်။

…….

“လောင်ချန်၊ ငါ့ကို အရင်အတိုင်းပဲ ယင်ဓါတ်သစ်ကတိုးပင် ပေါင်၃၀လောက်ပေးပါဦး။” ကောင်းဖန် စတိုးဆိုင်ထဲသို့ ဝင်လာသည်နှင့် ပစ္စည်းမှာလိုက်သည်။ ယနေ့က စနေနေ့ဖြစ်တာကြောင့် စတူဒီယိုမှ စောစောထွက်လာခြင်းဖြစ်သည်။ တခြားလူတွေကို သူ့အိမ်တိုင်ရာရောက် ပစ္စည်းပို့ခိုင်းဖို့ကိုပင် ဒုက္ခမပေးချင်တာကြောင့် အိမ်ပြန်ရင်း စတိုးဆိုင်ဘက်သို့တစ်ခါတည်း လှည့်ကာ လိုအပ်သည်များဝယ်ရန် စိတ်ကူးခဲ့ခြင်းဖြစ်သည်။

“ပေါင်၃၀လား?” ကောင်းဖန် လောင်ချန်ဟုခေါ်ခဲ့သည့် လူကြီးက ပြန်မေးလိုက်သည်။ ထိုလူသည် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့်

## စာစဉ် ၃

အသားညိုသည့် လူရွယ်တစ်ယောက်ဖြစ်သော်လည်း သူ့ပုံစံက ရှိရင်းစွဲအသက်ထပ် ပိုကြီးနေဟန်ပေါ်တာကြောင့် ဆိုင်သို့လာနေကြဖောက်သည်များက သူ့ကို လောင်ချန်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

“စိတ်မကောင်းလိုက်တာ မစ္စတာကောင်းရေ, ဒီနေ့တော့ ငါတို့ဆိုင်မှာ ယင်ခါတ်သစ်ကတိုးပင် ၁ဝပေါင်ပဲကျန်တော့တယ်။” လောင်ချန်က တောင်းပန်စကားဆိုလိုက်သည်။ “ဒီမှာ မင်းမြင်တဲ့အတိုင်းပဲ…”

ကောင်းဖန် အံ့ဩသွားပေမည့် လက်ကိုဝှေ့ယမ်းကာပြန်ဖြေလိုက်သည်။ “၁ဝပေါင်ဆိုတော့လဲ ၁ဝပေါင်ပေါ့၊ ငါ့အကုန်လုံးယူလိုက်မယ်။”

ကောင်းဖန် ယင်ခါတ်သစ်ကတိုးပင်ကို ရှာဖို့ အနီးရှိ နောက်ထပ်စတိုင်းဆိုင်တော်တော်များများသို့ ထပ်သွားခဲ့သော်လည်း

# စာစဉ် ၃

ထိုဆိုင်တော့ လွန်ခဲ့သည့် ရက်အနည်းငယ်ကတည်းက ပစ္စည်းပြတ်နေခဲ့သည်။ သူမှတ်မိသလောက်တော့ ယင်ခါတ်သစ်ကတိုးပင်က သိပ်မပေါများလှသော်လည်း ရှားတော့မရှားပါဘူး။

ဒီလို မြို့လယ်ခေါင် ပစ္စည်းအပေါဆုံးဆိုင်များမှာတောင် ပစ္စည်းပြတ်နေတယ်ဆိုမှတော့ ချန်အန်းမှာ ယင်ခါတ်သစ်ကတိုးပင် ရဖို့ခက်သွားပြီဆိုတဲ့ သဘောဖြစ်နိုင်တယ်။

ကောင်းဖန်ရဲ့စတူဒီယိုက အနီးနားမှာပဲဖြစ်တာကြောင့် ဆိုင်တော်တော်များများနှင့် သူရင်းနှီးနေပြီဖြစ်သည်။

ထိုထဲမှ စတိုးဆိုင်တစ်ခုရဲ့ပိုင်ရှင်က ကြင်နာစွာနဲ့, “ ဒါက ယင်ခာတ်သစ်ကတိုးတင်မဟုတ်ဘူး, တချို့ပစ္စည်းတွေလဲ ဒီတစ်လော ပစ္စည်းပြတ်နေတယ်။”

“အိုး, ဘာဖြစ်သွားတာလဲ?” ကောင်းဖန်စပ်စုလိုက်သည်။

# စာစဥ် ၃

ဒမ်ဘီကိုထင်ရှားခြင်းအဆင့်သို့မြှင့်တင်ရန် နည်းလမ်းတစ်ခုထက်ပိုသော်လည်း သူက ယင်ခာတ်သစ်ကတိုးကို ပေါင်၂ဂဂကျော်စားပြီးဖြစ်သည်၊ တခြားကွဲပြားတဲ့နည်းကို ပြောင်းခြင်းသည်ခက်ခဲသည်၊

“ငါတို့စတိုးက ယင်ခာတ်သစ်ကတိုးနှင့်အခြားပစ္စည်းတွေကို ချန်အန်းမြို့ဆင်ခြေဖုံးအနီးက ပုဂ္ဂလိကပိုင်မြေကရတယ်၊ ဘာကြောင့်လဲဆိုတော့ ကုန်ပစ္စည်းတွေကဈေးပေါ ပြီး ပေါပေါများများရှိတာကြောင့် ချန်အန်းမြို့ရဲ့ဈေးဆိုင်တော်တော်များများက အဲ့မြေကွက်ကနေ ပစ္စည်းတွေကိုရတယ်၊”

စတိုးဆိုင်ပိုင်ရှင်က ဆေးလိပ်တစ်ရှိုက်သောက်ဖို့ခဏရပ်လိုက်ပြီးနောက် သူ့ရဲ့ဒုက္ခတွေကို မျှဝေကာဆက်ပြောတော့သည်၊ “ ဧရိယာအသစ်က ပိတ်ထားပြီးတော့မတိုးချဲ့ရသေးဘူး, ဒါပေမယ့် အဲ့ဒီမြေကွက်လပ်က မီးကျီနက်သစ်တောနားမှာရှိတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ပင့်ကူဆိုးအဖွဲ့လိုက်ကြီးကဘယ်နေရာကနေထွက်လာပြီးတော့လည်းမသိဘူး, မြေကွက်ထဲက ယင်ခာတ်စွမ်းအင်အပင်တွေကိုတင်မကဘူး,

သစ်တော ရဲ့ပတ်လည်မှာရှိတဲ့တခြားသားရဲတွေကိုလည်းစားသွားခဲ့တယ်၊ ပိုင်ရှင်ရဲ့ပြောစကား အရကတော့ သူတို့မိသားစုသာထိုနေရာကမလွတ်မြောက်ခဲ့ရင် သူတို့တစ်မိသားစုလုံး ပင့်ကူဆိုး တွေအတွက်အစာဖြစ်သွားတော့မှာလို့ပြောတယ်၊ မြေကွက်လပ်ဝန်းကျင်ကို စစ်တပ်က ပိတ်လိုက်ပြီ၊ မင်းတော့ ဒီတစ်လော ယင်ခာတ်သစ်ကတိုးတွေကို မဝယ်နိုင်လောက်တော့မှာ စိုးရတယ်။”

“ပင့်ကူဆိုး” ကောင်းဖန်သူ့ခေါင်းထဲကိုစဉ်းစားရန်အလုပ်ပေးကာ ပင့်ကူဆိုးလို့ခေါ်တဲ့ သားရဲကိုပြန်စဉ်းစားနေသည်။

“ပင့်ကူဆိုးတွေဆိုတာက ငါတို့သုံးတဲ့နာမည်ပြောင်ပဲ။ အထက်က သူတို့ရဲ့ကိုယ်ပိုင်နာမည်ကို သိပ္ပံနည်းကျပေးထားတယ်၊ သူတို့ကို မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူလို့ ခေါ်တယ်၊” စတိုးဆိုင်ပိုင်ရှင်က စီးကရက်တစ်ဖွာကို ပြင်းပြင်းရှူသွင်းကာ မှုတ်ထုတ်လိုက်ပြီး စီးကရက်ဖင်ပိုင်းကို နင်းခြေကာ ဆေးလိပ်သောက်ခြင်းကိုအဆုံးသတ်လိုက်သည်၊ နောက်ထပ် ဝယ်သူအသစ်နည်းနည်းစတိုးဆိုင်ထဲကိုဝင်မလာတာကြောင့် သွားရောက်ကူညီပေးရမည်ဖြစ်၍ စတိုးဆိုင်ပိုင်ရှင်က

## စာစဉ် ၃

အားနာတဲ့အပြုံးကိုပြုံးပြကာ “ လိုအပ်တဲ့ပစ္စည်းတွေရှိရင် စတိုးဆိုင်ပတ်ပတ်လည် ကိုဝင်ကြည့်နိုင်တယ်နော်။”

ကောင်းဖန်က ဝယ်သူတွေကို ပစ္စည်းများနှင့်မိတ်ဆက်ပေးနေသော စတိုးဆိုင်ပိုင်ရှင်ကို ကြည့်ပြီးနောက် လူအုပ်ကြီးရှိနေသည့်လမ်းဘက်ကိုလှည့်လိုက်သည်၊ ဒါကအလုပ် ဆင်းကြတဲ့အချိန်ဘဲ၊ ယာဉ်ကြောပိတ်နေပြီး ကားမောင်းသူများက သူတို့မရွေ့ခင် သူတို့ရဲ့ကိုယ်ပိုင်သားရဲတွေနဲ့ကစားနေတာကို တွေ့ရသည်၊

ကားတံခါးတွေထဲမှ ရွှင်လန်းနေတဲ့အသံများထွက်လာသည်၊ ဒီကွန်ကရစ်တွေခင်းထား တဲ့တောကြီးထဲမှာ လူတွေနဲ့သားရဲတွေကအတူရှိနေကြပြီး သဟဇာတဖြစ်နေမှုကို ဖော်ပြထားသည့် ပန်းချီကားတစ်ချပ်နှင့်တောင်တူသည်။

ကောင်းဖန်အသက်ရှူထုတ်လိုက်ပြီး သူ့ရဲ့ဈေးဝယ်အိတ်ကိုကိုင်ကာ ဆိုင်ထဲမှထွက်ခဲ့ တော့သည်၊ သူမြန်မြန်ဆန်ဆန်နဲ့ သူ့အလုပ်တွေကိုလက်စသတ်ရန်လိုအပ်ပြီး အိမ်ပြန်ကာ တဲ့ဇီရဲ့အဆင့်မြှင့်မှုက ပြီးဆုံးပြီလားဆိုတာကို စစ်ရန်လိုအပ်သည်၊

## စာစဉ် ၃

ယင်ခါတ်သစ်ကတိုးများသည် ဝယ်လိုအားမြင့်ခြင်းမှာ ယင်ခါတ်ပင်ကိုစွမ်းရည်ရှိ သောအဆင့်မြင့်သားရဲများကိုကျွေးခြင်းကြောင့်ဖြစ်သည်။ ကောင်းဖန်ထိုသတင်းကို ကြားတဲ့အခါမှာ အနားယူဖို့အတွက်မနေရဲတော့ဘဲ ကျန်နေသေးသည့် ယင်ခါတ်သစ် ကတိုးများကိုဝယ်ရန်အချိန်ရှိသေးသောကြောင့် မြို့တွင်းရှိအခြားဆိုင်များမှဝယ်ရန် အလျင်အမြန်သွားခဲ့သည်၊ နောက်ဆုံးတော့သူ ယင်ခါတ်သစ်ကတိုးများကိုပေါင်၁၀၀ ကျော်ဝယ်ယူခဲ့သည်၊ ဒါပမယ့် ထိုအရာကမြို့အတွင်းထဲမှာ ကျန်ရှိဖို့ဆိုတာအလွန်ခက်ခဲ သွားပြီဖြစ်သည်။

ထို့နောက်သူက ယင်ခါတ်သစ်ကတိုးပေါင်၃၀၀အတွက် ကာလတိုတာဝန်ယူမှုတောင်းခံရန် သားရဲရှာဖွေသူအဖွဲ့အစည်းကို သွားခဲ့ပြီး ၎င်းအတွက်၁ပေါင်လျှင် မဟာမိတ်ဒေါ် လာ၁,၁၀၀ဖြင့်ပေးချေခဲ့ရသည်။

ယင်ခါတ်သစ်ကတိုးများသည်ကန္တာရအတွင်းတွင်ရှိပေမယ့် ၎င်းတို့ကမညီမညာနှင့် ရှားပါးလှသည်၊ ၎င်းတို့ကိုအတူစုနိုင်ဖို့အတွက် အချိန်နှင့်စွမ်းအားအများကြီးကုန်သည်။

## စာစဉ် ၃

ဒါပေမယ့် အကယ်၍သူဒီလိုကိစ္စတွေကိုငွေဖြင့်ပြီးအောင်လုပ်နိုင်ပါက ထိုအန္တရာယ်ရှိသည့်ကန္တာရသို့ သွားစရာမလိုတော့ပေ။

အိမ်ပြန်ရောက်တော့,ကောင်းဖန် အင်တာနက်ကနေ “မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူ” နှင့်ပတ်သတ်သည့်သတင်းများကိုရှာလိုက်သည်။

ထိုစာလုံးလေးလုံးကိုရိုက်ရှာလိုက်တာနှင့် ၎င်းနှင့်ပတ်သတ်သည့်သတင်းခေါင်းစဉ်နှင့် ဆောင်းပါးတို့ကျလာသည်။

“ထိတ်လန့်ဖွယ်ရာ!ရက်စက်ကြမ်းကြုတ်တဲ့ ကြီးမားတဲ့ကြောက်မက်ဖွယ်ပင့်ကူတွေက တကယ်တော့....”

“မြို့နေထိုင်သူ မစ္စတာကျန်း၏အသေးစိတ်ပြောပြချက်, ကြောက်စရာအကောင်းဆုံးညတစ်ညမှာ ကျနော်ပင့်ကူအစာဖြစ်ခဲ့တော့မလို့”

“ပင့်ကူမျိုးစိတ်သစ်တွေက ချန်အန်းမြို့ရဲ့မီးကျီနက်သစ်တောထဲကပေါ်လာပြီး အခုတော့ ထိုနေရာကိုကန့်သတ်လိုက်ပြီဖြစ်သည်! အစိုးရက မီးကျီနက်သစ်တောထဲ

# စာစဉ် ၃

ကိုဝင်ရောက်ခြင်းမပြုရန်

နိုင်ငံသားများကိုပြင်းပြင်းထန်ထန်သတိပေးခဲ့သည်။”

***

စာစဉ် ၃

## *အခန်း ၃၈ သုံးရက်ပဲလိုတယ်*

ကောင်းဖန် ထိုခေါင်းစဉ်များကို ကျော်ကာ တတိယမြောက်လင့်ခ်ကို နှိပ်လိုက်သည်။

ထိုသတင်းကတော့ ချန်အန်းမြို့သတင်းဌာနမှတင်ထားခြင်းဖြစ်ကာ တရားဝင်အချက်အလက်များနှင့် ရေးသားထားခြင်းဖြစ်သည်။ ဒါပေမယ့်လဲ ဒီလိုသတင်းမျိုးကတော့ ပုဂ္ဂိုလ်ရေးဆန်ဆန်အကြောင်းအရာများ မပါပေ။

ကောင်းဖန် သတင်းကိုအသေအချာ ဖတ်ကြည့်လိုက်သည်။ ယေဘုယျအနေဖြင့်ပြောရလျှင်တော့ ဤသတင်းက မီးကျီနက်သစ်တောတွင် အန္တရာယ်များသည့်ကြောက်စရာကောင်းသောမျိုးစိတ်တစ်မျိုးပေါ်လာေ ြ ြောင်း၊ ထိုမျိုးစိတ်သည် အဖျက်စွမ်းအားကြီးမားလှကာ

## စာစဉ် ၃

အစားအသောက် သိုလှောင်ရသည်ကိုလဲ နှစ်သက်ကြောင်း ဖော်ပြထားသည်။

စားသောက်ပြီးသည်နှင့် ထွက်ခွာသွားတတ်သည့် မြွေပဟောက်များနှင့်မတူစွာ မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများသည်တော့ တစ်ခါအမဲလိုက်တိုင်း အရေအတွက်များစွာနှင့် ဆောင်ရွက်တတ်ကာ သူတို့၏သားကောင်ကို ပိုးမျှင်များနှင့်ချည်နှောင်ပြီး အသိုက်သို့ပြန်ခေါ်သွားတတ်သည်။ ဒါကြောင့်ပဲ တခြားသောသားရဲများထက် ပိုလို့အန္တရာယ်များနေခြင်းဖြစ်သည်။ ကံကောင်းစွာနှင့် အစိုးရက သစ်တောဘေးပတ်ဝန်းကျင်မှ နေထိုင်သူများကို အချိန်မီကယ်ထုတ်လိုက်နိုင်တာကြောင့် ထိုမျိုးစိတ်သည် လူသားများကို ထိခိုက်အောင် မပြုလုပ်နိုင်လိုက်....

သတင်းတွင် မီးခိုးရောင်နတ်ဆိုးညစ်ပင့်သူများသည် ပိုင်ဆိုင်မှုများစွာကို ဆုံးရှုံးစေသည့်

စာစဉ် ၃

အရေးပေါ်အခြေအနေမျိုးဖြစ်ပွားစေခဲ့ကြောင်း ဖော်ပြထားသည်။ ယခုအချိန်တွင်တော့ ချန်အန်းအစိုးရအဖွဲ့က ကိုင်တွယ်ဖြေရှင်းရန်အတွက် မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူတို့၏ နေထိုင်ရာပတ်ဝန်းကျင်များနှင့် သူတို့၏အလေ့အထများကို စုံစမ်းထောက်လှမ်းနေပြီဖြစ်သည်။ တစ်ချိန်တည်းတွင်ပဲ အစိုးရဘက်မှနေပြီး နိုင်ငံသားများကို မီးကျီသစ်တောနှင့်ဝေးဝေးနေပြီး ညွှန်ကြားချက်များကို စောင့်ဆိုင်းရန်ထုတ်ပြန်ထားသည်။

နောက်ဆုံးတွင် ခြိမ်းခြောက်နိုင်သည့်အဆင့်ကို အကဲဖြတ်ထားကာ ကြယ်သုံးပွင့်အဆင့်ရှိပေသည်။

ဒါက အဆင့်နိမ့်လှသည်တော့မဟုတ်ပေ။ ပြီးခဲ့သည့်နှစ်က ချန်အန်းမြို့လယ်ခေါင်သို့ ချဉ်းကပ်လာခဲ့သည့် အုပ်ချုပ်သူအဆင့်သားရဲပင်လျှင် ခြိမ်းခြောက်နိုင်သည့်အဆင့်မှာ ကြယ်လေးပွင့်ဖြစ်သည်။

## စာစဉ် ၃

ဒီတော့ လောလောဆယ်အချိန်အတွင်း မြို့ထဲမှာ သူယင်ခါတ်သစ်ကတိုးပင်တွေ မဝယ်နိုင်သေးဘူးပေါ့။ ဒီကိစ္စကြောင့်ပဲ ကောင်းဖန် စိတ်ထဲမှတ်စရာတစ်ခုရှိသွားတော့သည်။ နောင်တစ်ချိန် သူပစ္စည်းများဝယ်လိုလျှင် တစ်ခါတည်းအပြီးဝယ်ထားရပေမည်။ မဟုတ်ရင် မတော်တဆတစ်ခုခုဖြစ်ခဲ့ပါက သူဒုက္ခတွေသွားနိုင်သည်။

မကြာသေးခင်ကတော့ တစ်ခါတည်းနှင့် ယင်ခါတ်သစ်ကတိုးပင်များစွာ ဝယ်ထားလိုက်ဖို့ ကောင်းဖန်တွေးမိဖူးပေမည့် ပစ္စည်းတွေကို လတ်ဆတ်အောင်ထားဖို့ကတော့ ခက်ပေသည်။ သူ့ရေခဲသေတ္တာက သေးတာကြောင့် ဆယ်ပေါင်ကျော်လောက်အထိတော့ သေချာထိန်းသိမ်းနိုင်မည်ဖြစ်သော်လည်း ပေါင်ချိန်ရာကျော်အတွက်တော့ မလုံလောက်ပေ။

## စာစဉ် ၃

ကောင်းဖန် သူ့အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ ညှော့ခန်းထဲတွင်တော့ ဒမ်ဘီကထင်းရှူးအပ်များကို ကြိုးစားပမ်းစားလုပ်ဆောင်နေစဲဖြစ်သည်။ သူ့မှာသာ ဓါတ်ပုံရိုက်ပြီး ယှဉ်လို့ရနိုင်ခဲ့လျှင် လွန်ခဲ့တဲ့နှစ်ပတ်တုန်းကထက် ပိုကြီးလာကြောင်း သိရပေလိမ့်မည်။ ၎င်း၏မီးခိုးရောင်အရိုးများမှာ အခုဆိုလျှင် ငွေညစ်ရောင်တောက်လာကာ ပိုလို့လဲ မာကြောလာပေပြီ။

တာ့ဇီသည်တော့ အခုထိ အခန်းထောင့်တွင် ခေါင်းစိုက်နေစဲပင်။ ကောင်းဖန် သူ့ကိုခဏမျှကြည့်ရှုကာ အဆင်ပြေနေကြောင်း အတည်ပြုလိုက်ပြီးနောက် မီးဖိုခန်းဘက်သို့ ထွက်လာလိုက်သည်။

“ဒီညရေညှိနံရိုးစွပ်ပြုတ်စားကြရအောင်!” ကောင်းဖန် သူ့ကိုယ်သူဂုဏ်တင်ရန်လုပ်ဆောင်လိုက်သည်၊ ဤစွပ်ပြုတ်ကတော့ သူ့အကျွမ်းကျင်ဆုံးလက်ရာပင်ဖြစ်သည်။

## စာစဉ် ၃

မကြာခင်တွင်ပဲ မီးဖိုခန်းထဲတွင် မွှေးပျံ့သည့်စားချင်စဖွယ်ရနံ့များ ပြည့်နှက်သွားကာ ဧည့်ခန်းသို့တိုင် ပျံ့လွင့်သွားသည်။

လဲလျောင်းနေသည့်တာ့ဇီ၏ ဦးမျှင်များမှာ ရုတ်တရက် တုန်ခါသွားသည်။ သူ့မျက်လုံးများကတော့ မှေးမှိတ်နေတုန်းဆိုပေမည့် အလိုအလျောက်ပင် မီးဖိုခန်းရှိရာသို့ တွားသွားလို့နေသည်။

ဘန်း…

တာ့ဇီက မျက်လုံးမှိတ်ကာ လျှောက်လာခြင်းဖြစ်တာကြောင့် စားပွဲခုံခြေထောက်နှင့် တိုက်မိသွားခဲ့သည်။ ဒီတော့မှာ သူ့ရဲ့အိပ်ချင်မူးတူးဖြစ်နေသည့်မျက်လုံးများလဲ ဖွင့်လာကာ စားပွဲကို ပတ်ရှောင်ပြီး မီးဖိုခန်းသို့ဆက်လက်ဦးတည်လာလိုက်သည်။

၎င်း၏ထူထဲထဲခြေချောင်းများက တုန်ရီနေသည့်ခန္ဓာကိုယ်ကြီးကို မီးဖိုခန်းထဲထိသယ်ဆောင်သွားပေးခဲ့သည်။ နောက်တော့

# စာစဉ် ၃

သူ့ခေါင်းကိုထောင်လိုက်ကာ ဟင်းချက်ရင်းအလုပ်ရှုပ်နေသည့် သခင်ဖြစ်သူကို မော့ကြည့်လိုက်သည်။

ဟစ်! “ဗိုက်ဆာပြီ!”

ကောင်းဖန်၏ဦးခေါင်းထဲ မတူညီသည့်အသံနှစ်မျိုးက ပဲ့တင်ထွက်လာသည်။

“ခဏလေးစောင့်ပေးဦး။” ကောင်းဖန် ပုံမှန်အတိုင်းပြန်ဖြေလိုက်သည်။ နောက်မှ ရုတ်တရက်ဆိုသလို အသိပြန်ဝင်သွားကာ၊ ဒီကောင် အဆင့်မြှင့်လို့ပြီးသွားပြီလား?

သူလှည့်ကြည့်လိုက်သည်နှင့် တဲ့ဇီ၏အချက်အလက်ဇယားက ပေါ်လာကာ အထူးအဆင့်မှသည် ပြီးပြည့်စုံအဆင့်သို့ပြောင်းသွားကြောင်း ပြသနေသည်ကို တွေ့လိုက်ရသည်။

## စာစဉ် ၃

ဒါပေမယ့် တာ့ဇီရဲ့ပုံပန်းသွင်ပြင်ကတော့ များများစားစားမပြောင်းလဲသွားပေ။ ကောင်းဖန် အနီးကပ်ကြည့်လိုက်ပေမည့် တာ့ဇီ၏ဦးမျှင်များပေါ်တွင် နောက်ထပ်ရွှေရောင်အနားကွပ်လေးပေါ်လာသည်ကလွဲ၍ ဘာပြောင်းလဲမှုကိုမှ မတွေ့ရပေ။

ညစာစားပြီးနောက် ကောင်းဖန်ဆီသို့ ဒိုင်းပြာလုံခြုံရေးကုမ္ပဏီမှ မန်နေဂျာ လျှိုစန်းလင်းထံမှ ဖုန်းဝင်လာခဲ့သည်။ "ညဥ့်နက်မှ နှောက်ယှက်ရတဲ့အတွက် တောင်းပန်ပါတယ်၊ မစ္စတာကောင်း။" ဖုန်းကိုင်လိုက်သည်နှင့် လျှိုစန်းလင်းက အရင်ဦးစွာ တောင်းပန်လိုက်သည်။

"ရပါတယ်၊ ကျွန်တော်လဲအိပ်ရာမဝင်သေးပါဘူး။ စိတ်ထဲမထားပါနဲ့။" ကောင်းဖန် တီဗီအသံကိုပိတ်ကာ ပြန်မေးလိုက်သည်။ "မန်နေဂျာလျှို အရေးကြီးကိစ္စများရှိလို့လား?"

# စာစဉ် ၃

“ရှိတယ်၊ မစ္စတာကောင်း ဒီညအချိန်ရလောက်တယ်မဟုတ်လား။” လှျိုစန်းလင်းက သူ့စိတ်ခံစားချက်ကို ထိန်းချုပ်ကာပြောနေပေမည့် ကောင်းဖန်ကတော့ ထိုလူ၏စိုးရိမ်ပူပန်မှုကို ခံစားနေမိစဲပင်။

ကောင်းဖန် ခေါင်းမော့ကာ နံရံပေါ်မှ နာရီကိုကြည့်လိုက်တော့ ညစနာရီသာရှိနေသေးသည်။ “ရပါတယ်။” သူတို့ဆီမှ ငွေယူထားပြီးမှတော့ သူတို့ပြဿနာကို ကူညီဖြေရှင်းပေးရမည်၊ ဒါမှသာ တရားမျှတမှာပေါ့။

“အရမ်းကောင်းလိုက်တာ။ ကျေးဇူးအများကြီးတင်ပါတယ်။” ထိုအခါမှ လှျိုစန်းလင်၏အသံက စိတ်ပေါ့သွားပုံပင်။

ကောင်းဖန်က လုပ်ငန်းသုံးအနက်ရောင်ကားတစ်စီး သူ့ကို လာမခေါ်ခင် သိပ်ကြာကြာမစောင့်လိုက်ရသလို၊ ကားထဲမှာလဲ လှျိုစန်းလင်းရှိသည်။

# စာစဉ် ၃

“အာ? မန်နေဂျာလျို ဘာကြောင့်ဒီလောက်မြန်ရတာလဲ?” ကောင်းဖန်ရုပ်ထွေးစွာနှင့် မေးလိုက်သည်၊

“မစ္စတာကောင်း, မင်းအခု အသစ်တွေ့ရှိတဲ့ မီးကျီနက်သစ်တောဘက်က မီးခိုးရောင် နတ်ဆိုးညစ်ပင့်ကူတွေအကြောင်းကြားလား?”

“အင်း, ကျနော်အဲ့တာတွေနဲ့ပတ်သတ်ပြီး နည်းနည်းကြားတယ်၊” ကောင်းဖန်ခေါင်း ညိတ်ပြလိုက်သည်။

“ဒါဆိုငါ အဲ့ဒီဇာတ်ကြောင်းကိုတော့ရှင်းပြမနေတော့ဘူး၊ အစိုးရကမီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူရဲ့အလေ့အကျင့်တွေနဲ့ အားနည်းချက်တွေကိုရှာဖို့ ကာကွယ်ရေးကုမ္မဏီတွေ အကုန်နဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေကို ခေါ်ခဲ့တယ်၊ ငါတို့ကုမ္မဏီက ဒီနေ့မနက်စစ်ဆေးမှုလုပ်ဖို့အတွက်လက်ခံရရှိခဲ့တယ်, ပြီးတော့ငါတို့သုံးရက်အတွင်းထွက်ခွာရမယ်၊ ဒါကြောင့်ငါတို့ရဲ့နတ်ဆိုးရှိခိုးကောင်တွေကို ကြိုတင်ပြီးဂရုစိုက်ပေးဖို့အတွက် ပြောချင်ပါတယ်၊ တချို့နတ်ဆိုးရှိခိုးကောင်တွေကို

## စာစဉ် ၃

ငါတို့မစ်ရှင်မစခင်မှာအဆင့်မြှင့်ထားရင်ပိုကောင်းလိမ့်မယ်၊ ပိုပြီးသန့်မာတဲ့ နတ်ဆိုးရှိခိုးကောင်တွေကငါတို့ရဲ့အနိုင်ရမှုကို မြှင့်တင်ပေးနိုင်တယ်၊ သူတို့အဆင့်မတက်နိုင်လည်း ရပါတယ်၊ ဘယ်လိုရလဒ်ဘဲထွက် လာပါစေ, ငါတို့ကိုကူညီပေးပါ," လျိုစန်းလင်းက စိတ်အားထက်သန်စွာနဲ့ပြောလိုက် သည်။

"အကယ်၍ကျနော်မှန်းတာမှန်မယ်ဆိုရင်, အစိုးရကပုဂ္ဂလိကအဖွဲ့အစည်းတွေနဲ့ ကာကွယ်ရေးကုမ္ပဏီတွေကို အရင်ဒီလိုမစ်ရှင်မျိုးတွေနဲ့ ထိတွေ့ဖို့ခွင့်မပြုခဲ့ဘူးလားလို့" ကောင်းဖန်ကအံ့သြသွားသည်၊ အစိုးရကမစ်ရှင်များကို လျို့ဝှက်လုပ်ဆောင်ပြီး အဖွဲ့ အစည်းတွေနဲ့ ကာကွယ်ရေးကုမ္ပဏီတွေကို လူမှုရေးနှင့်ပတ်သတ်သည့်လုံခြုံရေး အကြောင်းပြချက်တွေအတွက်ကြောင့်ဝင်ရောက်စွက်ဖက်ခွင့်မပြုဘူး၊ ထိုမစ်ရှင်များကို စစ်တပ်နဲ့အစိုးရပိုင်တဲ့ခေတ်ခွဲခန်းတွေကဘဲအပြီးသတ်လုပ်ဆောင်တာဖြစ်သည်၊

## စာစဉ် ၃

“အစိုးရယာယီညွှန့်ပေါင်းအဖွဲ့အစည်းက ရက်အနည်းငယ်အကြာတုန်းက အစည်း အဝေးလုပ်တယ်၊ သူတို့ကတချို့ပြုပြင်ရေးတွေနဲ့ဖျက်သိမ်းမှုတွေကို ပြုလုပ်ခဲ့ကြတယ်၊” လျိုစန်းလင်းကသက်ပြင်းချလိုက်သည်၊ “အခုကစပြီး ညွှန့်ပေါင်းအဖွဲ့အစည်းက မတူညီတဲ့အပိုင်းဘက်ကနေ သွားတော့မှာ၊ ဒါကအဖွဲ့အစည်းတွေနဲ့ကုမ္ပဏီတွေ, တရားမဝင်တပ်ဖွဲ့တွေကို ထိန်းချုပ်မှုတွေသုံးလိမ့်မယ်၊ ဒါပေမယ့် မကြာသေးခင်က နှစ်တွေအတွင်းမှာ လျင်မြန်တဲ့သားရဲတစ်ကောင်ရဲ့ဆင့်ကဲဖြစ်စဉ်က အစိုးရကိုအရမ်း စိတ်အနှောက်အယှက်ပေးခဲ့ပြီးတော့ သူတို့နောက်ဆုံးသူတို့တစ်ကိုယ်တည်းတိုက်လို့ မရဘူးဆိုတာကို သတိထားမိလိုက်တယ်လေ၊ ဒါကြောင့်, ဒီအချိန်မှာသူတို့က များပြားတဲ့ မူဝါဒတွေကို ဖွင့်ဟလိုက်တယ်လေ။”

ကာကွယ်ရေးကုမ္ပဏီရဲ့ မန်နေဂျာတစ်ယောက်အနေနဲ့ လျိုစန်းလင်းကထိုအဖြစ်အပျက်တွေအတွက် ငြင်းပယ်ဖို့မဖြစ်နိုင်တာကိုတွေ့ရသည်၊

ကားက အဆောက်အဦးရဲ့အရှေ့မှာရပ်လိုက်သည်၊ သူတို့ကားပေါ်ကဆင်းလာပြီး အဆောက်အဦးထဲသို့ဝင်လာသည်၊

## စာစဉ် ၃

တံခါးနှစ်ဖက်လုံးတွင်အပြာရောင်ယူနီဖောင်းနှင့်
လုံခြုံရေးအစောင့်နှစ်ယောက်က
နိုးနိုးကြားကြားနှင့်စောင့်ကြပ်နေကြသည်၊ သူတို့ နောက်မှာ
နတ်ဆိုးရှိခိုးကောင်နှစ်ကောင်က ပန်းပုရုပ်ထုနှစ်ခုအတိုင်းရပ်နေကြသည်၊

အဆောက်အဦးကြီးရဲ့နောက်က လေးထောင့်ပုံမြေကွက်လပ်သည်
ကာကွယ်မှုအောက်တွင်ရှိသည်၊ ရှည်လျားတဲ့နံရံသုံးခုက
ထိုလေးထောင့်ကွက်ဘေးပတ်လည်တွင်ရှိပြီး
၎င်းတို့ကလျှပ်စီးဝိုင်ယာကွန်ယက်ဖြင့်ကာထားသည်။

ကောင်းဖန် ထိုအရာကိုကျော်ကြည့်လိုက်တော့,
ရာကျော်လောက်ရှိတဲ့နတ်ဆိုးရှိခိုး
ကောင်များကထိုလေးထောင့်ကွက်လပ်တွင် စုဝေးနေကြသည်၊ လေထုက
တင်းမာ နေသည်။

“ ဒါတွေက ငါတို့ဆီမှာရှိတဲ့နတ်ဆိုးသားရဲတွေဘဲ၊”
လျိုစန်းလင်းခေါင်းညိတ်ကာပြောလိုက်သည်၊

ကောင်းဖန်အရှေ့ကိုလျှောက်သွားလိုက်သည်၊သူက
ရှိခိုးကောင်တွေကိုကြည့်တော့

# စာစဉ် ၃

သိပ်သည်းနေတဲ့ဒေတာအချက်အလက်ဖောင်တွေကိုတွေ့လိုက်ရသည်၊ သူနောက်ဆုံး တော့နတ်ဆိုးရှစ်ခိုးကောင်၁၀ကောင်ကိုရွေးလိုက်သည်။

"ဒီရှိခိုးကောင်၁၀ကောင်နဲ့ကြိုးစားကြည့်လိုက်ရအောင်"

"ကောင်းမွန်တဲ့ရွေးချယ်မှုဘဲ,မစ္စတာကောင်း!"လျိုစန်းလင်းက ကောင်းမွန်စွာပြော လိုက်သည်။ ဒီနတ်ဆိုးရှိခိုးကောင်၁၀ကောင်က ကုမ္ပဏီမှာရှိတဲ့အကောင်းဆုံး အကောင်တွေဘဲ၊

"ကျနော်လိုအပ်တဲ့ပစ္စည်းတွေကို စာရွက်ပိုင်းတစ်ခုထဲမှာချရေးလိုက်မယ်, ခင်ဗျား ဖြစ်နိုင်ရင်မြန်မြန်သွားရှာလိုက်၊ အကယ်၍အကုန်လုံးကောင်းကောင်းမွန်မွန် အဆင် ပြေရင် သုံးရက်နဲ့တင်လောက်တယ်၊" ကောင်းဖန်စိတ်လှုပ်ရှားစွာနဲ့ပြောလိုက်သည်၊

"ငါနားလည်ပြီ"

အချိန်ခဏလေးအတွင်းမှာတင် ကောင်းဖန်က လျိုစန်းလင်းကိုလိုအပ်တဲ့ပစ္စည်းများ မှတ်စုစာရွက်တွင် ချရေးပေးလိုက်သည်။ လျိုစန်းလင်းက မှတ်စုစာရွက်ကိုကြည့်လိုက်ပြီး

# စာစဉ် ၃

အချိန်ဖြုန်းဖို့တောင်မဝံ့ရဲတော့ဘဲ ချက်ချင်းလူလွှတ်ကာဝယ်ယူစေသည်၊ သူက ငွေဘယ်လောက်ဘဲကုန်ကျပါစေ အကုန်လုံးကိုတစ်နာရီအတွင်းအပြီးအစီးလုပ်ထားရန် သူတို့ကိုအမိန့်ပေးလိုက်သည်။

ချန်အန်းမြို့တွင်အချိန်အကြာကြီးရှိနေပြီးသည့်နောက်, လျိုစန်းလင်းကသူ့ရဲ့ကိုယ်ပိုင် ဆက်သွယ်မှုတွေကို တည်ဆောက်နိုင်ခဲ့သည်၊ လူတိုင်းကို ရှာရန်စေလွှတ်လိုက်တာကြောင့် ပစ္စည်းအားလုံးကို စုဆောင်းရန် အချိန်ကြာကြာမယူခဲ့ရပေ။

“မစ္စတာကောင်း, ပစ္စည်းတွေအကုန်အဆင်သင့်ဖြစ်ပြီ,” လျိုစန်းလင်းလဲ ချွေးတွေရွှဲရွှဲစိုနေကာ စိတ်ဆန္ဒစောပြီး စိုးရိမ်နေသည်၊

ကောင်းဖန်ပြန်လှည့်ကြည့်မနေတော့ဘဲ သူဂရုတစိုက်နဲ့လက်အိတ်နဲ့မျက်နှာဖုံးကို တပ်လိုက်သည်။

သူ့ရှေ့မှာ ဆူပွက်နေတဲ့အိုးရှိနေပြီး, သူမျက်နှာကို အပူရှိန်တွေရိုက်လာသည်။

# စာစဉ် ၃

***

# စာစဉ် ၃

## *အပိုင်း ၃၉ အတောင်လေးခုနဲ့မြစိမ်းရောင်နတ်ဆိုးရှိုးကောင်*

မာကျန်းသာ ဤနေရာတွင်ရှိနေခဲ့လျှင် လက်ရှိမြင်ကွင်းမျိုးနှင့် လွန်စွာရင်းနှီးကျွမ်းဝင်နေပေလိမ့်မည်။

ထိုနေရာတွင် ရေပွက်ပွက်ဆူနေသည့်အိုးတစ်လုံးနှင့် စားပွဲပေါ်တွင်တော့ လှီးဖြတ်ထားသည့် ပါဝင်ပစ္စည်းများရှိနေကာ ဟင်းချက်တော့မလိုပင် ထင်ရသည်။

ရေဓါတ်က သစ်သားကို အာဟာရဖြည့်ပေးနိုင်ပေသည်။ စားပွဲပေါ်တွင်ရှိနေသည့် ပါဝင်ပစ္စည်းအများစုမှာ သစ်သစ်အမျိုးအစားပစ္စည်းများဖြစ်ကာ ရေအမျိုးအစားပါဝင်ပစ္စည်းများလဲ ရောနှောလို့နေသည်။ နတ်ဆိုးရှိုးကောင်များသည် သစ်သားအမျိုးအစားစွမ်းရည်ကိုပိုင်ဆိုင်ကြပေသည်။

# စာစဉ် ၃

ကောင်းဖန်က ငါး၏လေအိတ်ဟုထင်ရသည့်အရာတစ်မျိုးကို ကောက်ယူလိုက်သည်။ ၎င်းသည် လက်သီးတစ်ဆုပ်ခန့်အရွယ်အစားမျိုးရှိကာ ဖောက်ထွင်းမြင်နေရသည်။ ထိုလေအိတ်ထဲတွင်တော့ ဖြူညစ်ညစ်အရည်အနည်းငယ်ရှိနေသည်။

ကောင်းဖန် ငွေအပ်တစ်ချောင်းကိုလဲ ထုတ်လိုက်ကာ လေအိတ်ထဲသို့ အပ်ကို ဂရုတစ်စိုက်ထိုးသွင်းရင်း အပေါက်ငယ်တစ်ခုဖန်တီးလိုက်သည်။ ထို့နောက်တွင်တော့ အထဲမှအရည်များကို အကုန်စစ်ထုတ်ကာ နောက်ဆုံးအစေ့လေးတစ်စေ့လဲ ထွက်လာခဲ့သည်။

၎င်းပစ္စည်းကတော့ သစ်ပင်များမှနေပြီး ပေါက်လာသည့် ငါးလေပူဖောင်းဖြစ်သည်။ ၎င်းမှာ ခံနိုင်ရည်အားမြင့်မားကာ မြင့်မားလွန်းသည့်အပူချိန်ကိုခံနိုင်သလို ရေစိုလဲခံသည်။

## စာစဉ် ၃

ကောင်းဖန် အခြားသောလှီးဖြတ်ထားသည့် ပါဝင်ပစ္စည်းများကို ရောကာ ထိုငါးလေပူဖောင်းထဲသို့ ထည့်လိုက်သည်။ ငါးပူဖောင်းကို ဖြည်းဖြည်းချင်းလှုလှန်လိုက်သည်နှင့် ၎င်းက အိတ်ငယ်လေးတစ်ခုပမာ ပါဝင်ပစ္စည်းအားလုံးကို ထုပ်ပိုးထားသလိုဖြစ်သွားသည်။ ငါးလေပူဖောင်းကို အသေချည်နှောင်လိုက်ပြီးသည်နှင့် ပါဝင်ပစ္စည်းအားလုံးသည် ငါးလေပူဖောင်းထဲတွင် စနစ်တကျ တည်ရှိနေတော့သည်။

ကောင်းဖန်က ရေပွက်ပွက်ဆူကို အသုံးမချခင် ထိုအဆင့်များအတိုင်းပင် ငါးလေပူဖောင်း၁၀ခုခန့်ပြင်ဆင်လိုက်သည်။

လက်ရှိရောက်လာသည့်အဆင့်ကတော့ တကယ်ကိုဒုက္ခပေးသည့်အဆင့်ပင်ဖြစ်သည်။ ကောင်းဖန်အနေနှင့် ပါဝင်ပစ္စည်းများကို ရေပွက်ပွက်ဆူထဲထည့်ကာ ချက်ပြုတ်ရမည့်အပြင် တစ်ချိန်တည်းတွင်ပဲ ပါဝင်ပစ္စည်းများ

## စာစဉ် ၃

ရေနွေးငွေ့ညစ်ညမ်းသွားသည့်အခြေအနေ သို့မဟုတ် သစ်သားခါတ်ပါဝင်ပစ္စည်း၏ ဆေးဖက်ဝင်သည့်အရည်အသွေးများထိခိုက်သွားမည်ကိုလဲ ကာကွယ်ပေးရဦးမည်။

၁၀မိနစ်ကြာပြီးနောက်တွင်တော့ ကောင်းဖန် ငါးလေပူဖောင်းအားလုံးကို ပြန်ဆယ်ကာ သစ်သားဗန်းတစ်ခုပေါ်တွင်ပဲ တင်လိုက်သည်။ သတ္တုသည် သစ်သားခါတ်ကို လွှမ်းမိုးသွားနိုင်တာကြောင့် ဆေးဖက်ဝင်ပစ္စည်းများကို သတ္တုသို့မဟုတ် အခြားသော ခါတ်ပြယ်နိုင်သည့်ပစ္စည်းများနှင့် ထိတွေ့အောင်ထားခွင့်မရှိပေ။

ကောင်းဖန် ဆက်ပြီး ဖန်ခါးတစ်ချောင်းကိုပဲ အသုံးပြုကာ ငါးလေပူဖောင်းများကို ဖြည်းဖြည်းချင်း လှီးဖွင့်လိုက်သည်။ ပွင့်သွားသည်နှင့် အထဲမှဆေးဖက်ဝင်ပစ္စည်းများမှ

## စာစဉ် ၃

အပြင်သို့ထွက်ကြလာကာ အားလုံးအနေသင့်ရောနှောပြီး ကျက်နေပြီဖြစ်သည်။ ကောင်းဖန် ထိုပစ္စည်းများအား နတ်ဆိုးရှိခိုးကောင်များကို မကျွေးခင် အရင်ဆုံးလုံးလိုက်သေးသည်။

ဆေးလုံးများကို စားပြီးသည်နှင့် နတ်ဆိုးရှိခိုးကောင်များမှာ တုန်ရီကာ ပြိုလဲကျသွားကြသည်။ သူတို့၏အတောင်ပံများကပင် တဆတ်ဆတ်တွန့်နေကာ ကြမ်းပေါ်သို့ လဲကျနေကြခြင်းဖြစ်သည်။

ပထမအဆင့်က ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ နောက်ထပ်နှစ်ဆင့်ထပ်လုပ်ဖို့လိုပေသေးသည်။ ကောင်းဖန် ရပ်နားခြင်းမရှိဘဲ နောက်တစ်ဆင့်အတွက် လိုအပ်သည့်ဆေးဝါးပစ္စည်းများကို ပြင်ဆင်တော့သည်။

ညဘက်တွင်တော့ ဓါတ်ခွဲခန်းမှမီးများမှာ ဆက်လက်ထိန်လင်းနေခဲ့သည်။

## စာစဉ် ၃

ကောင်းဖန်တစ်ယောက်သာ ဓါတ်ခွဲခန်းထဲတွင်ရှိနေတာကြောင့် သူတစ်ယောက်တည်းနဲ့ပဲ အဆင့်တိုင်းကိုပြီးဆုံးအောင် လုပ်ရပေမည်။ ပါဝင်ပစ္စည်းအားလုံးကို အထူးအဆင့်မြင့်တိကျသေချာသည့် လျှပ်စစ်ချိန်ခွင်ဖြင့် ၀.၀၁ဂရမ်အတိအကျဖြင့်အောင် ချိန်တွယ်ရသည်။

စမ်းသပ်မှုများမှာ နောက်တစ်နေ့မနက်ရောက်မှသာ အားလုံးပြီးစီးသွားခဲ့သည်။ ဓါတ်ခွဲခန်းထဲမှ နတ်ဆိုးရှိုးကောင်၁၀ကောင်ကတော့ သတိလစ်ကာလဲကျနေစဲပင်။

ကောင်းဖန် ပိုလျှံနေသည့်ပါဝင်ပစ္စည်းအားလုံးကို ချည်နှောင်ကာ ဆာလ်ဖျူရစ်အက်စစ်ထဲသို့ထည့်လိုက်ပြီးကာမှ သူ့မျက်နှာဖုံးနှင့်လက်အိတ်ကို ချွတ်လိုက်သည်။

ကောင်းဖန် ဓါတ်ခွဲခန်းတံခါးကိုဖွင့်လိုက်ချိန်တွင်တော့ အပြင်ဘက်တွင် တစ်ညလုံးစောင့်နေခဲ့သည့် လျှိုစန်းလင်လဲ နိုးနိုးကြားကြားဖြစ်သွားသည်။ သူက ချက်ချင်းပင် ခုံမှထက်ကာ

# စာစဉ် ၃

ကောင်းဖန်ထံသို့ အလျင်စလို ချဉ်းကပ်သွားလိုက်သည်။ “မစ္စတာကောင်း၊ စမ်းသပ်မှုရလဒ်က….”

“အောင်မြင်ပါတယ်၊ သူတို့နေ့လည်ပိုင်းလောက်ကျရင် ပြန်နိုးလာကြလိမ့်မယ်။” ကောင်းဖန် တစ်ညလုံးအလုပ်လုပ်ထားရတာကြောင့် ပင်ပန်းနွမ်းနယ်နေကာ အခုချိန်မှာ ကောင်းကောင်းအနားယူပစ်ချင်စိတ်သာရှိနေသည်။

“အရမ်းကောင်းတာပဲ။ ကျေးဇူးပါ၊ မစ္စတာကောင်း။” လျှိုစန်းလင် ခေါင်းတစ်ညိတ်ညိတ်နှင့် ထိုစကားကိုသာ ထပ်ခါထပ်ခါပြောနေသည်။ “ငါတို့ကုမ္ပဏီက အခန်းတစ်ခန်းပြင်ထားတာရှိတယ်။ မစ္စတာကောင်းလိုရင် အဲ့ဒီအခန်းမှာ သွားအနားယူနိုင်ပါတယ်။ မင်းအိမ်ကိုပဲ ပြန်ချင်တယ်ဆိုလဲ မင်းအိမ်ကိုပြန်ပို့ဖို့ ငါကားတစ်စီးသေချာစီစဉ်ပေးပါ့မယ်။”

စာစဉ် ၃

ကောင်းဖန် ခဏလောက်ပြန်တွေးကြည့်လိုက်ကာ၊ "ကျွန်တော့်ကို စတူဒီယိုဆီကိုပဲ တစ်ခါတည်းလိုက်ပို့ပေးလိုက်ပါတော့၊ အလုပ်များစေမိပြီ။"

ကောင်းဖန် စတူဒီယိုထဲဝင်လာကာ သူ့ထိုင်ခုံနောက်မှီကို နှိမ့်လိုက်ပြီး အိပ်လို့အဆင်ပြေမယ့်အနေအထားဖြစ်အောင် ချိန်ညှိလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူ့ဆီသို့လာသည့် ဖောက်သည်ကအနည်းငယ်သာရှိတာကြောင့် စိတ်အေးလက်အေးအိပ်နိုင်ပေသည်။

ကောင်းဖန် နေ့လည်အထိ အိပ်ပျော်သွားကာ သူဘာသူပဲပြန်နိုးလာခဲ့သည်။ ထင်ထားသည့်အတိုင်းပဲ တစ်မနက်လုံး ဖောက်သည်တစ်ယောက်တောင် ရောက်မလာခဲ့ပေ။

ကောင်းဖန် နိုးလာချိန်တွင် လျှို့စန်းလင်ပို့ထားသည့် ကျေးဇူးတင်ကြောင်းစာကို တွေ့လိုက်ရသည်။ စာထဲတွင်တော့

## စာစဉ် ၃

တချို့သော နတ်ဆိုးရှိခိုးကောင်များသည် အဆင့်တက်ဖို့အရိပ်အယောင်ပါပြနေကြောင်း ပြောထားသည်။ ကောင်းဖန်ကကတော့ ထိုဖြစ်ရပ်အတွက် မအံ့ဩမိပေ။ သူကိုယ်တိုင်က အစကတည်းက အဆင့်တက်ဖို့သင့်တော်မည့် အကောင်းဆုံးသော နတ်ဆိုးရှိခိုးကောင်များကို သေချာရွေးထားခဲ့ခြင်းဖြစ်သည်။ တစ်ကောင်စီတိုင်းက အဆင့်၂၀သို့ရောက်နေပြီဖြစ်သည်။ လိုအပ်တာလေးဖြည့်ပေးလိုက်ရုံဖြင့် တစ်ခါတည်းအဆင့်တက်သွားလိမ့်မည်သာ။ ထိုကောင်တွေ အဆင့်မတက်သွားဘူးဆိုမှသာ အံ့ဩစရာဖြစ်နေမည်။

တစ်ဖက်တွင်တော့ လျှိုစန်းလင်၏နှလုံးမှာ ပြင်းထန်စွာခုန်လှုပ်လို့နေသည်။ နတ်ဆိုးရှိခိုးကောင်တစ်ကောင်က သူ့မျက်စိရှေ့တွင်ပဲ စတင်ကာ အဆင့်တက်နေပြီဖြစ်သည်။ ၎င်း၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်းချင်း ပိုလို့ရှည်လျားလာခဲ့သည်။

# စာစဉ် ၃

၎င်း၏ကျောပြင်မှ အတော်ပံများကလဲ ပိုမြင့်မားလာခဲ့သည်။

အရေပြားအသစ်ဖြစ်တည်သည့်အနေဖြင့် အသံတစ်သံထွက်လာကာ

ထိုအရေပြားအောက်မှနေပြီး သန်မာပုံရသည့်တောင်ပံတစ်စုံက

ထွက်ပေါ်လာခဲ့သည်။

ဝှစ်ရှ်–

ညင်သာတဲ့လှုပ်ရှားမှုနှင့်အတူ
တောင်ပံပေါ်တွင်ကပ်နေသောအရည်များကို ဖယ်ရှား လိုက်သည်၊

၎င်း၏တောင်ပံများကိုခတ်ရုံလောက်သာခတ်ပြီး
မြေပြင်ပေါ်ရှိဖုန်ကိုတဖျတ်ဖျတ် ပျံသန်းကာခါလိုက်ပြီး
လျှိုစန်းလင်း၏ခေါင်းပေါ်ကိုရှုပ်ပွအောင်လုပ်လိုက်သည်၊

သူ့ခန္ဓာကိုယ်ကိုအရှေ့သို့ကွေးလိုက်ပြီး
၎င်း၏ခေးကဲ့သို့လက်တံများက သမံတလင်း ထဲသို့ နစ်ဝင်သွားသည်။

မှုန်ဝါးနေသောအလင်းရောင်ရှိသည့် အလင်းဘောလုံးများက
နတ်ဆိုးရှိခိုးကောင်၏ ပတ်လည်တွင်ရှိပြီး
၎င်း၏ခန္ဓာကိုယ်ထဲသို့တစ်ခုချင်းစီတဟုန်ထိုးသွားနေကြသည်၊

## စာစဉ် ၃

အလင်းဘောလုံးတစ်ခုချင်းစီနှင့် ၎င်း၏ခန္ဓာကိုယ်အရွယ်အစားက ကြီးလာသည်၊

ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုသည် အပြီးသတ်ဖို့၁၅မိနစ်ပတ်လည်လောက်ရှိသည်။

နတ်ဆိုးရှိခိုးကောင်က လုံးဝကိုပြောင်းလဲသွားသည်၊ သူ့ရဲ့အမြင့်ကမူလအရွယ်၏ တစ်ဆခွဲလောက်ဖြစ်လာပြီး, သူ့ရဲ့ခန္ဓာကိုယ်သည်မူလထက်သုံးဆလောက်ဖောင်းလာ ကာထွားလာသည်၊

သူ့ရဲ့နောက်ကျောကအတောင်ပံအရေအတွက်ကလည်း နှစ်ဆတိုးလာပြီး, ယခုဆိုရင် နှစ်စုံရှိနေပြီဖြစ်သည်၊ ၎င်း၏မြစိမ်းရောင်ပြောင်လက်တောက်ပနေသောခြေဆံ လက်ဆံများက ဘိလပ်မြေခင်းထားသောကြမ်းပြင်ထဲသို့ထိုးသွင်းထားပြီး, ၎င်းက တို့ဖူးတုံးကိုဖြတ်တောက်သလိုအလွယ်တကူဖြတ်တောက်နိုင်သည်၊

သားရဲသည် ကျောက်စိမ်းရောင်အဖြစ်ပြောင်းသွားပြီး အရည်အသွေးကကျောက်စိမ်း နှင့်ထွင်းထုထားသလိုဖြစ်နေသည်။

# စာစဉ် ၃

ဘေးပတ်လည်တွင်ရှိနေသောနတ်ဆိုးသားရဲများက ထိုနတ်ဆိုးသားရဲကိုတစ်ချက် ကြည့်လိုက်ကြပြီး ၎င်းကိုသတိကြီးစွာထားကာနောက်ဆုတ်လိုက်ကြသည်၊ ရှိခိုးကောင်များသည် လူမှုရေးကောင်းတဲ့ အကောင်တွေမဟုတ်၊ သူတို့နဲ့မျိုးစိတ်တူ

ပေမယ့် အနေစိမ်းတဲ့အဖွဲ့ဝင်တစ်ကောင်နှင့်ရင်ဆိုင်ရလျှင် သူ့ကိုတင်ပြမည်မဟုတ်ဘဲ အဲ့ဒီအစားသူတို့ကိုယ်သူတို့ ပြေးတာဒါမှမဟုတ် ဖွက်တာတွေလုပ်လိမ့်မည်၊

“အုပ်ချုပ်သူအဆင့်..အတောင်လေးခုနဲ့မြစိမ်းရောင်နတ်ဆိုးရှိခိုးကေ ာင်” လျိုစန်းလင်း က သူ့မျက်မှန်ကိုတွန်းလိုက်ကာတီးတိုးရေရွတ်လိုက်သည်၊ သူကထူးခြားတဲ့အနုပညာလက်ရာကို ကြည့်နေရသလိုမျိုးခံစားနေရသည်။

ဒီနတ်ဆိုးရှိခိုးကောင်၏ဆင့်ကဲပြောင်းလဲမှုမတိုင်မီ သူ့ရဲ့ကုမ္ပဏီတစ်ခုလုံးမှာ အားလုံးပေါင်းအုပ်ချုပ်သူအဆင့်နတ်ဆိုးရှိခိုးကောင်လေးကောင်သာရှိသ

## စာစဉ် ၃

ည်။ ဒီတစ်ကောင်နှင့် ဆိုလျှင် ငါးကောင်ဖြစ်သွားပြီဖြစ်သည်၊ ၎င်း၏တိုးတက်မှုနှင့်ဆိုလျှင် ပြီးပြည့်စုံခြင်းအဆင့်ကိုလည်း အောင်မြင်စွာတိုးမြှင့်နိုင်ခဲ့ကြောင်းလည်း သက်သေပြနေသည်၊

အရင်ကလျိုစန်းလင်းသည် အခြားသောအလယ်အလတ်အဆင့်သားရဲပျိုးထောင်သူများထံကိုချဉ်းကပ်ခဲ့ဖူးသည်၊ သို့သော် နတ်ဆိုးသားရဲတွေက အတော်အသင့်သာဆက်ဆံမှုပြေပြစ်သည့် သားရဲများဖြစ်သောကြောင့် အနည်းငယ်သာအဆင့်တိုးမြှင့်နိုင်မှုကိုတွေ့ရှိခဲ့ရသည်။ သူ့၏တစ်ခုတည်းသောအခြားနည်းလမ်းမှာ သူနတ်ဆိုးသားရဲများကိုဝယ်ယူခဲ့သော တောင်ပိုင်းကောင်းကင်အဖွဲ့၏စမ်းသပ်မှုဌာနခွဲကို ချဉ်းကပ်ရန်သာဖြစ်ပြီး ထိုနတ်ဆိုးသားရဲများကို စမ်းသပ်မှုဌာနခွဲများမှ ကိုယ်တိုင်ဖန်တီးထားခြင်းများဖြစ်သည်၊ အရင်က နတ်ဆိုးသားရဲများကို အောင်မြင်စွာတိုးမြှင့်ပေးခြင်းသည် ငွေအများ အပြားကုန်ကျလိုက်သည်။

ကောင်းဖန်က သူ့အတွက်ကံကောင်းမှုတွေယူဆောင်လာတဲ့ကြယ်လေးဖြစ်သည်။

## စာစဉ် ၃

ကောင်းဖန်ကိုစဉ်းစားမိသောအခါ
လျှိုစန်းလင်းကသူ့နှလုံးထဲမှလောင်ကျွမ်းနေမှုများ
သက်သာသွားသည်ဟုပင်ခံစားလိုက်ရသည်၊ ကောင်းဖန်ကို
သားရဲပျိုးထောင်သူအတိုင် ပင်အဖြစ်ငှားလိုက်ခြင်းသည်
သူလုပ်ဖူးသမျှထဲတွင် အမြော်အမြင်အရှိဆုံးအလုပ်ဖြစ် သည်၊

ထိုစဉ်က သူ့ဦးလေး၏တောင်းဆိုမှုဖြင့်သာ
ကောင်းဖန်နှင့်စာချုပ်ချုပ်ရန်သဘောတူခဲ့တာဖြစ်သည်၊
သို့သော်ယခုတွင်သူသည်
ထိုလူငယ်လေးကိုစိတ်နှလုံးထဲမှပင်လေးစားနေပြီဖြစ်သည်။

ကောင်းဖန်ရဲ့ကိုယ်ပိုင်စရိုက်လက္ခဏာများကို သေချာမသိပေမယ့်
သူ့ဦးလေးက သူ့ကို ကောင်းဖန်အပေါ်အရမ်းမတင်းကြပ်ရန်နှင့်
စိတ်မကျေမနပ်မဖြစ်စေရန် သေသေချာချာသတိပေးထားသည်၊

သို့သော်ကောင်းဖန်၏နားလည်ရခက်သော စရိုက်ဝိသေသကို
ဘေးဖယ်ထားပြီး သူ့ရဲ့ စွမ်းဆောင်ရည်နှင့်ပင်လျှင်
အာရုံစိုက်ပေးမှုနှင့်တင် ပေးချေရတာတန်နေပြီဖြစ်သည်။

…

# စာစဉ် ၃

သုံးရက်ကြာပြီးနောက်, မီးကျီနက်သစ်တော၏ပတ်ဝန်းကျင်တစ်လျှောက်တွင် စစ်သားအများမပြားသည် တောအတွင်း၏ရေိယာတစ်လျှောက်ကိုပိတ်ဆို့ထားပြီး အပြင်ဘက်ရေိယာအကျယ်ကိုရှင်းလင်းထားပြီးဖြစ်သည်။

အနောက်ဘက်တွင် များစွာသောအမြောက်တပ်ယာဉ်များက အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး အေးခဲနေသောသတ္တုသားကောင်ကြီးတွေလိုဖြစ်နေသည်၊ သစ်တော၏အစွန်ဖျားပိုင်းတွင် အမြောက်ဆံများ၏အပိုင်းအစများကိုတွေ့ရသည်၊

“မင်းတို့အားလုံးဒီမှာရှိနေတာ ငါဝမ်းသာတယ်၊” စစ်တပ်ရဲ့ကိုယ်စားလှယ်က သူ့ရဲ့ များပြားတဲ့လူအစုအဝေးကိုပြောလိုက်သည်။

သူ့ရှေ့တွင်အဖွဲ့အနည်းငယ်လောက်ရှိပြီး တစ်စုချင်းစီရှင်းလင်းစွာသီးခြားခွဲထွက်နေပြီး သူ့ကိုယ်ပိုင်အဖွဲ့နှင့်သူစုနေကြသည်။

## စာစဉ် ၃

ထိုအဖွဲ့အတွင်းတွင်ရှိသည့်လူများထဲတွင် ဒိုင်းပြောလုံခြုံရေးအဖွဲ့ကုမ္ပဏီသည် မျက်စိအစားဆုံးအဖွဲ့ဖြစ်သည်။

သူတို့ရဲ့အဆင့်နဲ့ ဘေးပတ်လည်ရှိ ရှိခိုးကောင်တွေထက်ကြီးမားသည့်မြစိမ်းရောင် ရှိခိုးကောင်တွေရှိသည်၊ သူတို့ကဘေးပတ်လည်အဖွဲ့တွေရဲ့အာရုံစိုက်မှုအများအပြားကို ခံနေရသည်၊

ပုံမှန်ရှိခိုးကောင်တွေက နှစ်မီတာလောက်ဘဲရှည်လျားပေမယ့် ဒီအကောင်တွေက
အတောင်လေးခုနှင့်မြစိမ်းရောင်နတ်ဆိုးရှိခိုးကောင်များဖြစ်ကာ
အမြင့်ကသုံးမီတာထိ ရောက်လုနီးပါးဖြစ်သည်။
သူတို့ရှိနေခြင်းကပတ်ဝန်းကျင်ရှိလူများကိုကြီးမားတဲ့ဖိအား
ပေးနေသလိုခံစားနေရသည်။

အုပ်ချုပ်သူအဆင့်ရှိတဲ့ သားရဲရှစ်ကောင်!

ဘေးပတ်လည်ကအဖွဲ့အစည်းတစ်ခုချင်းစီတိုင်းသည် အုပ်ချုပ်သူအဆင့်သားရဲ သုံးကောင်လေးကောင်လောက်သာပို့သည်၊

## စာစဉ် ၃

နောက်ဆုံးမှာတော့ သူတို့က ဒီမစ်ရှင်လေး တစ်ခုအတွက်နဲ့ သူတို့ရဲ့ပြည့်ဝတဲ့ခွန်အားကိုမပေးနိုင်ကြဘူး၊

"စမ်းသပ်ချက်တွေအရ လက်တွေ့စမ်းသပ်မှုနမူနာအနည်းငယ်ကို ဆောင်ရွက်ကြည့်တော့ ငါတို့ဖမ်းဆီးခဲ့တဲ့ မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူတွေရဲ့အားနည်းချက်က မီးဖြစ်နေတာကို တွေ့လိုက်ရတယ်၊ သူတို့ကရှင်းရှင်းလင်းလင်းဘဲ မီးလျှံရှိတာကို အကြောက်အကန်တုံ့ပြန်ကြတယ်။"

***

စာစဉ် ၃

## *အပိုင်း ၄၀ မီးကျီနက်သစ်တောသခင်*

မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများသည် မီးကိုကြောက်ရွံ့ကြသည့်အကြောင်း သိလိုက်ရသည်နှင့် နေရာမှလူများစွာက အနောက်ဖက်မှအဖွဲ့တစ်ဖွဲ့ကို တပြိုင်တည်းလှမ်းကြည့်လိုက်ကြသည်။

ထိုအဖွဲ့သည် အမျိုးသမီးများအဖွဲ့ဖြစ်ကာ အဖွဲ့ဝင်တိုင်းက အဖြူရောင်တိုက်ခိုက်ရေးဝတ်စုံများကို ဝတ်ဆင်ထားပြီး ဆံပင်များကို မြောက်စည်းကာ သို့မဟုတ် ထုံးဖွဲ့ကာ ထားကြသည်။ သူတို့အဖွဲ့ကိုတော့ အရပ်ရှည်ရှည်နှင့်အမျိုးသမီးတစ်ဦးက ဦးဆောင်ထားပေသည်။

အမျိုးသမီးအဖွဲ့ဝင်များ၏ဘေးတွင်တော့ သူတို့၏မီးသားရဲများက တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေကြသည်။

# စာစဉ် ၃

ကုမ္ပဏီများနှင့်အဖွဲ့အစည်းများအပြင် အချို့သော ပြင်ပတိုက်ခိုက်ရေးအဖွဲ့များလဲ ဤတစ်ခေါက်အမဲလိုက်ပွဲတွင် ပူးပေါင်းပါဝင်ကြသည်။ ပြင်ပတိုက်ခိုက်ရေးအဖွဲ့များသည် အများအားဖြင့် သူငယ်ချင်းများ သို့မဟုတ် မိသားစုဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အချို့အဖွဲ့များတွင် အမျိုးမျိုးသော သားရဲများဖြင့်ဖွဲ့စည်းထားကာ အချို့အဖွဲ့များသည်တော့ ကိုယ်ပိုင်သားရဲအမျိုးအစားတစ်မျိုးတည်းကိုသာ သုံးကြသည်။

လွန်ခဲ့သည့်တစ်နှစ်တုန်းက သားရဲအမဲလိုက်မဟာမိတ်အဖွဲ့အစည်းကို တရားဝင်ဖွဲ့စည်းထားခဲ့ပြီးဖြစ်သည်။ ထိုအဖွဲ့တွင် တစ်ဦးချင်းမှတ်ပုံတင်သည်သာမက အဖွဲ့တစ်ခုအဖြစ်လဲ မှတ်ပုံတင်ထားနိုင်သည်။

## စာစဥ် ၃

ထိုအဖွဲ့အစည်းသည် ပြင်ပတိုက်ခိုက်ရေးအဖွဲ့များကို တရားဝင်ဖြစ်သွားစေခြင်းခဲ့ခြင်းဖြစ်သည်။

လူအများကတော့ ဟွာရှားအရှေ့တောင်ပိုင်းတွင်ဆိုလျှင် လူရာနှင့်ချီသည့်ပြင်ပတိုက်ခိုက်ရေးအဖွဲ့များတောင် ရှိနေပြီဟု ပြောကြသည်။

“ကြည့်ရတာ ဒီတစ်ခေါက်တော့ ခေါင်းဆောင်စုန့်ပဲ နိုင်လောက်မယ်။” လျှိုစန်းလင်က ပြုံးလိုက်ပြီး နှိမ့်ချကာပြောလိုက်သည်။

“မြှောက်နေပြန်ပါပြီ။ ရှင့်ရဲ့ နတ်ဆိုးရှိုးကောင်တွေကမှ သစ်တောသတ်ဖြတ်သူတွေလို့တောင် ခေါ်ကြတာမဟုတ်လား။ ဒီတစ်ခေါက် မစ်ရှင်ကို ရှင်ပဲ အရင်ဆုံးပြီးမြှောက်လောက်ပါတယ်။”

“မနေ့ကတည်းက ခင်ဗျားတို့အားလုံး အချက်အလက်တွေကို ဖတ်ထားပြီးလောက်ပါပြီ။ မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူတွေက

## စာစဉ် ၃

သူတို့သားကောင်ကို အုပ်စုဖွဲ့အမဲလိုက်ပြီး နောက်မှပြန်လည်ခွဲဝေဖို့အတွက်နဲ့ သူတို့ရဲ့အသိုက်ရှိရာကို ပြန်သယ်သွားလေ့ရှိတယ်။ သူတို့လိုအပ်တဲ့အစာပမာဏလုံလောက်သွားပြီဆိုရင်တော့ ပင့်ကူပေါင်းများစွာကို မျိုးပွားကြလိမ့်မယ်။” အစိုးရအရာရှိဘက်က ကြားဖြတ်ပြောလိုက်သည်။

“ဒါက အရေးကြီးတဲ့မစ်ရှင်တစ်ခုပဲ။ လူတိုင်း အကောင်းဆုံးကြိုးစားပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မျှော်လင့်တယ်။ မစ်ရှင်က အောင်အောင်မြင်မြင်နဲ့ပြီးဆုံးသွားသ၍ ခင်ဗျားတို့ ဆုကြေးကိုရမှာပါ။” အရာရှိက ထိုလူများ လက်ခံယုံကြည်နိုင်အောင် ပြောပေးနေသည်။ မစ်ရှင်ဆုကြေးအတွက် အဖွဲ့အစည်းအချင်းချင်း အပြိုင်တိုက်ခိုက်နေကြမည်မျိုး ဖြစ်လာမည်ကို ကြောက်မိသည်။

## စာစဉ် ၃

မစ်ရှင်မပြီးဆုံးခင်မှာပဲ ဒီအဖွဲ့တွေက အချင်းချင်းတိုက်ခိုက်ပြီး အင်အားကုန်ဆုံးနေမည်ကိုမျိုးကို သူတို့မမြင်လိုပေ။

မီးကျီနက်သစ်တောက အစွန်အဖျားတွင်တော့ သစ်ပင်များကြားက နေရာလွတ်များမှတစ်ဆင့် မီးခိုးရောင်ပင့်ကူခြေထောက်များ တွယ်တက်လာနေပေသည်။ သို့သော်လည်း ထိုပင့်ကူများ အတိအကျဘယ်နှကောင်ရှိနေသည်ကိုတော့ မပြောနိုင်ပေ။

စစ်တပ်၏နောက်ပိုင်းပစ်ခတ်မှုကို သစ်တောဘက်သို့ ဦးတည်ချက်ပြောင်းလိုက်တော့သည်။

စစ်ဦးထုပ်ဆောင်းထားသည့် ဦးစီးအရာရှိတစ်ဦးက "မင်းတို့အားလုံးကံကောင်းပါစေလို့။" ဟုလေးနက်စွာဖြင့် ပြောကြားလိုက်သည်။

## စာစဉ် ၃

ထို့နောက်တွင်တော့ သူက သစ်တောဘက်သို့လှည့်သွားကာ အဝေးတစ်နေရာသို့ မျှော်ကြည့်လိုက်ပြီးနောက် ကျယ်လောင်စွာ အမိန့်ပေးလိုက်တော့သည်။ “ပစ်!”

အမြောက်များမှ မီးတောက်လုံးကြီးများမှာ တစ်ပြိုင်နက်တည်းပင် ထိုးထွက်လာတော့သည်။

ဗုံး ဗုံး ဗုံး!

ဗုံးများမှာ နေရာတိုင်းသို့ပျံ့နှံ့သွားပြီး ဒေါသတကြီးပေါက်ကွဲတောက်လောင်ကြတော့သည်။ ၎င်းတို့မှာ သစ်တောဘက်သို့ဦးတည်ပျံ့သန်းနေကြပြီး နောက်ဘက်၌ အရိပ်ကိုသာ မြင်ရပေသည်။

မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများ၏ သတိလက်လွတ်အောင်ဟစ်သံများက ပျံ့နှံ့သွားကာ ပြန်လည်တုံ့ပြန်ဖို့လဲ အချိန်မမှီတော့ပေ။

## စာစဉ် ၃

ဗုံးများ မြေပြင်ပေါ်သို့ကျသည်နှင့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ လှိုင်းများနှင့် မီးတောက်များက သစ်တောအုပ်ကြီးကို လောက်ကျွမ်းကုန်သည်။ သစ်တောထဲတွင်တော့ ပူပြင်းတောက်လောင်နေသည့် လေနှင့် အဆက်မပြတ်ပေါက်ကွဲမှုများသည်သာ ပြည့်လို့နေသည်။ မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများ၏ အော်ဟစ်သံများက ဆူညံနေသလို ထိုကောင်များသည် ပြာဖြစ်သည်အထိတောက်လောင်ခံနေကြရသည်။

မီးဖြင့်တိုက်ခိုက်မှုတစ်ချီပြီးသွားသည်နှင့် မီးကျီနက်သစ်တောကြီးမှာ သားရဲကောင်ကြီးတစ်ကောင် ဝင်ရောက်သောင်းကျန်းသွားသလို ပျက်စီးနေတော့သည်။

မီးကျွင်းမီးကျန်များမှာလဲ သစ်ပင်များကို လောင်ကျွမ်းနေကာ မြေပေါ်တွင်လဲ မည်းနက်နေသည့်အသေကောင်များဖြင့် ဖုံးလွှမ်းနေသည်။ သစ်တော၏မိုင်ပေါင်းများစွာမှာ ဖျက်ဆီးခံလိုက်ရပြီး

# စာစဉ် ၃

ဘာမှမကျန်ရှိတော့ဘဲ အသက်ရှင်ကျန်ရစ်နေသေးသည့် ပင့်ကူအနည်းငယ်ကသာ ကြောက်လန့်တကြားအော်ဟစ်နေကြသည်။

ဒါကတော့ ကမ္ဘာမြေကို အုပ်စိုးနေသည့်လူသားများ၏ အင်အားဖြစ်သည့် ခေတ်မီလက်နက်များ၏စွမ်းအားပင်ဖြစ်သည်။

"ဂါး!!" ဒေါသတကြီးအော်ဟစ်သံတစ်သံက မိုးခြိမ်းလိုက်သလိုပင်။ သစ်တောနက်ထဲမှ သစ်ပင်များမှာ စတင်လှုပ်ရမ်းလာပြီး တစ်ပင်ပြီးတစ်ပင် ကျိုးပဲ့ကုန်ကာ အမှောင်ထဲမှ အနက်ရောင်အမွေးများကို ဝိုးတဝါးမြင်လာရသည်။

ဆူညံသံက မြန်မြန်ဆန်ဆန်ပင် ပိုလို့ နီးကပ်လို့လာကာ မမြင်နိုင်သည့်ဖိအားတစ်ခုကလဲ လူတိုင်းအပေါ် ခြိမ်းခြောက်ဖိနှိပ်လာခဲ့ပြီး လေထုကပင်လျှင် အေးခဲသွားသလို!

## စာစဉ် ၃

ကားတစ်စီးအရွက်လက်သီးဆုပ်တစ်ခုက ရုတ်တရက်ဆိုသလို သစ်တော၏အစွန်ဘက်မှနေပြီး ကြမ်းတမ်းစွာဖြင့် ရိပ်ခနဲ တိုးထွက်လာသည်။

ဘွန်း!!

ပထမလက်သီးချက်က မြေပေါ်သို့ကျသွားကာ ကမ္ဘာမြေကြီးလှုပ်ခါသွားသည်ကို လူတိုင်းခံစားလိုက်ရသည်။

လေးထပ်တိုက်မျှမြင့်မားသည့် အနက်ရောင်ကင်းကောင်ကြီးတစ်ကောင်က သစ်တောထဲမှ တိုးထွက်လာခဲ့သည်။ သူ့ရဲ့ခြေချောင်းများမှနေပြီး ရွှေရောင်ကွန်ကရစ်လိုမျိုးအရာများ ပျံ့ထွက်လို့လာခဲ့သည်။

ရုတ်တရက်ဆိုသလို လူတိုင်းသေလောက်အောင် တိတ်ဆိတ်လို့သွားခဲ့သည်။

## စာစဉ် ၃

လက်ရှိရှိနေသည့် အုပ်ချုပ်သူအဆင့်အောက်မှသားရဲများသည် သူတို့ကိုယ်တိုင်မြေပြင် ပေါ်သို့လှဲချလိုက်ကြပြီးတုန်လှုပ်နေကြကာ လူအုပ်ကြီးကလည်းသေးထွက်မတတ် ကြောက်လန့်နေကြသည်။ အုပ်ချုပ်သူအဆင့်သားရဲများကတော့ ကြည့်ရတာတော့ အနည်းငယ်တည်ငြိမ်နေပုံပေါ်သည်၊ သူတို့ကရပ်နေရုံမျှသာရပ်နေပြီး ဆူဆူညံညံတော့မလုပ်ရဲကြပေ။

“ဒါကမီးကျီနက်သစ်တောရဲ့ သခင်ဘဲ၊” လျိုစန်းလင်းက ခါးသီးတဲ့အရသာကို ခံစားလိုက်ရသည်၊ သူတို့အနေနဲ့ မီးကျီနက်သစ်တောရဲ့သခင်ကိုဘယ်လိုလုပ် နှောက်ယှက်ရဲမည်နည်း?

ဘန်း, ဘန်း…..

သန်မာတဲ့လက်မောင်းတွေက ၎င်းကို မြေကြီးပေါ်တွင်ထောက်ကန်ပေးထားပြီး ထိုသားရဲက သူတို့နားကို ဖြေးညင်းစွာချဉ်းကပ်လာကာ ၎င်း၏ခြေလှမ်းတိုင်းက ကြီးမား တဲ့ဖိအားကိုပေးနေသည်၊

သူ့ရဲ့ကြီးမားတဲ့ခန္ဓာကိုယ်က ရှေးဟောင်းခေတ်ကသားရဲတစ်ကောင်နဲ့တူပြီး သူ့ရဲ့ မျက်နှာက

## စာစဉ် ၃

ဒယ်အိုးအောက်ခြေဖင်ကဲ့သို့မဲမှောင်နေပြီး တင်းတင်းကြပ်ကြပ်ကို မျက်မှောင်ကြုတ်ထားသည်။

ဒါကသူတို့လူတွေအကုန်လုံး မီးကျီနက်ရဲ့ဒီလိုဒဏ္ဍာရီလာသားရဲမျိုးကို ပထမဆုံး တွေ့ဖူးခြင်းဖြစ်သည်။

ဒီမီးကျီနက်သခင်က နက်ရှိုင်းတဲ့တောနက်ထဲက ထွက်လာလိမ့်မယ်လို့ဘယ်သူမှ မမျှော်လင့်ထားဘူး၊ ဆိုလိုသည်က ထိုသခင်ကရှားရှားပါးပါးသူ့ပိုင်နက်ထဲကနေ ထွက်လာခြင်းဖြစ်သည်။

အချို့လူများက ထွက်ပေါက်လမ်းကြောင်းကိုစဉ်းစားလာကြသည်။ သားရဲသခင်နှင့် မျက်နှာချင်းဆိုင်နေရသောအခါ သူတို့မှာပြန်တိုက်ဖို့အခွင့်အရေးမရှိပါ။ သူတို့မှာ အုပ်ချုပ်သူသားရဲဒါဇင်လိုက်များ,သေနတ်တွေ,အမြောက်တွေရှိရင်တောင် သူတို့ နိုင်နိုင်ဖို့အတွက်အနည်းငယ်လေးလောက်တောင်ဖြစ်နိုင်ခြေမရှိပေ။ အမြောက်များက သားရဲသခင်ကိုအလုံးစုံခြိမ်းခြောက်၍မရနိုင်ပါ။

ခ်ီး....

## စာစဉ် ၃

ငှက်တစ်ကောင်၏စူးစူးဝါးဝါးအော်မြည်သံသည် သူတို့ခေါင်းပေါ်မှထွက်ပေါ်လာသည်၊ ရုတ်တရက် နေရောင်ခြည်ကို အလွန်ကြီးမားတဲ့အရိပ်ဖုံးအုပ်သွားခဲ့သည်၊ တစ်ယောက်က သူတို့အပေါ်ကကောင်းကင်ကိုမော့ကြည့်လိုက်ကာ ကြီးမားသည့်ရွှေရောင်ဝင်းလက်နေသည့် လင်းယုန်ငှက်ကြီးကိုကောင်းကင်ပေါ်တွင်တွေ့လိုက်ရသည်၊

"အဲ့ဒါ ရွှေရောင်နတ်ဘုရားလား!" လူတွေက စိတ်လှုပ်ရှားနေကြသည်၊ သူတို့ကယ်ခံရတော့မယ်၊

ထိုအရာက ဟွားရှား ချန်အန်းမြို့ရဲ့စစ်တပ်နယ်မြေပိုင်အသန်မာဆုံး ရွှေရောင်နတ်ဘုရားဖြစ်သည်။

ချန်အန်းမြို့ကိုအကောင်းဆုံးအကာအကွယ်ပေးနိုင်သည့်အကြောင်းအရင်းမှာ ရွှေရောင်နတ်ဘုရားကြောင့်ဖြစ်သည်။ ထိုရွှေရောင်နတ်ဘုရားသည် မျိုးရိုးဗီဇပြောင်းလဲသွားသောရွှေရောင်လင်းယုန်ကြီးတစ်ကောင်ဖြစ်ပြီး ၎င်းကကောင်းမွန်သော ဂရုစိုက်မှုနှင့် မွေးမြူမှုကြားတွင်မြှင့်တင်ပေးခံခဲ့ရသောလင်းယုန်ဖြစ်သည်၊

## စာစဉ် ၃

ကပ်ဆိုးကြီးပြီး နောက်တွင်၎င်းကရှေ့တန်းတွင်တိုက်ခိုက်ပြီး သန္ဓေပြောင်းသားရဲများကိုလည်း ကာကွယ်ခဲ့သည်။

ထိုရွှေရောင်နတ်ဘုရားထွက်ပေါ်လာမှုသည် မီးကျီနက်သခင်ကို ကြီးမားသောခြိမ်းခြောက်မှုကြီးဖြစ်စေခဲ့သည်၊ အနက်ရောင်ကင်းကောင်ကြီးကနောက်ကို ဆုတ်လိုက် ပြီး ဒေါသထွက်စွာနှင့် ဟိန်းဟောက်နေကာ ရှုပ်ထွေးသောသစ်တောဘက်သို့ ဦးတည်ကာ ၎င်းကမေးခွန်းတစ်ခုကိုဟိန်းဟောက်ကာမေးနေသလိုမျိုးပြုလုပ်နေသည် ။

ရွှေရောင်နတ်ဘုရားက လေထဲသို့တဟုန်ထိုးတက်သွားကာ အေးစက်စွာနှင့်အော်လိုက် သည်၊

မီးကျီနက်သခင်က ကြည့်ရတာသင့်မြတ်ဖို့လိုလိုလားလားမရှိပေ၊ ၎င်းက မတ်တပ်ရပ်လိုက်ပြီး သူ့ရင်ဘတ်ကိုလက်သီးဖြင့်ထုကာ ကျယ်လောင်သောဆူညံမှုကိုပြုလုပ်နေ သည်။

## စာစဉ် ၃

ရွှေရောင်နတ်ဘုရားက ၎င်းကိုအထင်အမြင်သေးစွာနှင့်ကြည့်လိုက်ပြီး အော်ဟစ်ကာ အဝေးသို့ထွက်သွားသည်။

မီးကျီနက်သခင်က အသက်ကိုလေးလံစွာရှူလိုက်ရသည်၊ ၎င်းကလူများကိုမုန်းတီးစွာနှင့်စိမ်းစိမ်းဝါးဝါးကြည့်ကာ ခြေကိုစောင့်၍ဒေါသကြီးစွာနှင့်ဟစ်အော်တော့သည်၊ နောက်ဆုံး ၎င်းကမီးကျီနက်သစ်တောထဲသို့ဦးတည်ကာ လှည့်လိုက်ပြီးနောက် သစ်ပင် များအကြားတွင်ပျောက်သွားတော့သည်၊

“ဒီမှာ ကျွန်တော်တို့မကူညီနိုင်တာတစ်ခုရှိတယ်၊ ခင်ဗျားတို့မြန်မြန်လုပ်ရလိမ့်မယ်, ပြီးတော့ မှတ်ထားပါ, သစ်တောကိုအလွန်အကျွံမဖျက်စီးမိစေနဲ့၊ တစ်နည်းနည်းနဲ့ ပြောရမယ်ဆိုရင်တော့ အကယ်၍မီးကျီနက်သခင်ကို နောက်ထပ်ယိတိယားတား သွားလုပ်ရင်တော့ ခင်ဗျားတို့အကြီးအကျယ်ဒုက္ခရောက်လိမ့်မယ်။” စစ်တပ်ကြေးဝါ ဦးထုပ်ဆောင်းထားသူက သူ၏မျက်လုံးများကိုကျဉ်းမြောင်းကာ ထိုသခင်ထွက်သွား ခြင်းကိုကြည့်နေသည်။

## စာစဉ် ၃

အထူးသဖြင့်စစ်တပ်မှလွဲ၍ရှိနေသူများသည် ချန်အန်းတွင်အထူးကျွမ်းကျင်သူများ ဖြစ်သည်၊ သူတို့က ယုံကြည်ချက်များ, ဂုဏ်ယူခြင်းအပြည့်နှင့်လာခြင်းဖြစ်သည်။

ဒါပေမယ့် သူတို့ပထမဆုံးမီးကျီသခင်ကိုဖြတ်ပြီးနောက် သူတို့ရွှေရောင်နတ်ဘုရားနှင့် တွေ့ကြသည်၊ သူတို့ထဲကတစ်ယောက်ပင်လျှင် ဒီလူစုကို တစ်ချက်တည်းနဲ့ အလွယ်တကူချေမှုန်းလိုရပေသည်။ ထိုအတွေ့အကြုံက သူတို့မာနကြီးနေခြင်းကို မျက်ရည်တောင်ကျစေနိုင်သည်။

ကမ္ဘာထိပ်ဆုံးလူများကိုအမှီလိုက်နိုင်ရန် သူတို့လျှောက်မည့်လမ်းကအဝေးကြီးလိုသေး သည်၊

ထိုလူများ၏နောက်ကျောကိုကြည့်ရင်း စစ်တပ်ဦးထုပ်နှင့်လူကမျက်မှောက်ကြုတ်ကာ “ ကျွန်တော်တို့ကိုယ်တိုင်ဒါကိုဖြေရှင်းနိုင်တယ်, ဘာလို့သူတို့ကိုလုပ်ခိုင်းတာလဲ?”

အစိုးရအရာရှိကသူ့ခေါင်းကိုယမ်းလိုက်သည်၊ “လွန်ခဲ့တဲ့နှစ်တွေက ကမ္ဘာ့နိုင်ငံပေါင်းများစွာက လာမယ့်ကမ္ဘာ့အပြောင်းအလဲတွေကို

# စာစဉ် ၃

သတိပြုမိခဲ့ကြလို့ကြိုတင်ပြင်ဆင်ထားကြတယ်၊ ဒါပေမယ့်ကမ္ဘာကြီးက မမျှော်လင့်ဘဲနဲ့ အရမ်းကိုပြောင်းလဲသွားခဲ့တယ်၊ ငါတို့ကသူတို့ရှေ့ကို ခြေတစ်လှမ်းဦးနေရုံပဲ။ အချိန်တွေကုန်လာတာနဲ့အမျှ အစိုးရ နဲ့ အစိုးရအဖွဲ့မဟုတ်တဲ့အဖွဲ့အစည်းတွေရဲ့ ကွာဟချက်က ပိုပြီး နည်းသထက်နည်းလာတယ်၊ ငါတို့အခုလုပ်ဖို့လိုအပ်နေတာက ငါတို့အနာဂါတ်အတွက်ပြင်ဆင်မှုဘဲ၊”

***

# စာစဉ် ၃

## *အခန်း ၄၁ သားပေါက်မီခင်*

မဲမှောင်နေသည့်ဂူကြီးထဲတွင် ဘယ်အရာကိုမှမမြင်နိုင်ပေ။ စွမ်းအင်သုံးမီးအိမ်များကိုသာ လမ်းကြောင်းသိဖို့ရန် ထွန်းလင်းထားရသည်။

ဂူနက်ပိုင်းမှနေပြီး အော်ဟစ်သံများထွက်ပေါ်လာခဲ့သည်။ မီးအိမ်၏အလင်းရောက်အောက်တွင် မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများစွာကို ဂူ၏မျက်နှာကြက်၊ ကျောက်နံရံများပေါ်နှင့် ဂူတစ်လျှောက်တွင်တွေ့ရှိရသည့် သေးငယ်သည့် တွင်းကျင်းလေးများတွင်တောင်မှ မြင်တွေ့နိုင်သည်။

အုပ်စုထဲမှ ကြီးမားသည့် မီးမုန်တိုင်းကျားကြီးက သူ့ပါးစပ်ကို ဖွင့်ဟလိုက်ကာ ပူပြင်းနီရဲနေသည့်မီးတောက်များက ၎င်း၏ပါးစပ်ထဲတွင် စုစည်းလာပြီး လျင်မြန်စွာလှည့်ပတ်နေကာ မီးဘောလုံးကြီးတစ်လုံးဖြစ်လာခဲ့သည်။

ဖွန်း!

## စာစဉ် ၃

မီးဘောလုံးသည် ချက်ချင်းပင် မီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူရှိရာသို့ ပျံသန်းသွားကာ ထွက်ပြေးလွတ်မြောက်ချိန်ပင် ချန်ထားမပေးခဲ့ပေ။ ပင့်ကူမှာ ထိုမီးတောက်၏ လွှမ်းမိုးလောင်ကျွမ်းခြင်းကို မခံရခင် စိတ်ကျက်ကြေကွဲနေသည့်အော်ဟစ်သံများကိုသာ ထုတ်လုပ်နိုင်ခဲ့သည်။

ထိပ်တန်းအဆင့်သားရဲတစ်ကောင်သည် ပြန်လည်တိုက်ခိုက်ဖို့ရန်ပင် အခွင့်အရေးမရဘဲ မီးဘောလုံး၏လောင်ကျွမ်းပစ်ခြင်းကို ခံလိုက်ရသည်။

“မဖြစ်ဘူး၊ ဒီလိုလုပ်လို့မဖြစ်ဘူး၊ ငါတို့စွမ်းအားတွေအများကြီး ဖြုန်းတီးသလိုဖြစ်သွားမယ်။” အဖွဲ့ထဲမှ အမျိုးသမီးတစ်ယောက်က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ သူမသည် ပုခုံးထိရှည်လျားသည့် ဆံပင်ရှည်နှင့်အတူ အဖြူရောင်တိုက်ခိုက်ရေးဝတ်စုံကို ဝင်ဆင်ထားသူဖြစ်သည်။

သူတို့မီးလေးတစ်ချက်လောက်မှုတ်ထုတ်လိုက်ရုံနှင့် ထိပ်တန်းအဆင့်သားရဲများကို အလွယ်တကူသတ်ပစ်နိုင်သည်ဆိုသော်လည်း ထိုထိပ်တန်းအဆင့်သားရဲများ၏အရေအတွက်မှာ များပြားနေသည်။

## စာစဉ် ၃

ထိုထိပ်တန်းသားရဲတစ်ကောင်ကို လတ်စတုန်းပစ်ဖို့ရန် မီးဘောလုံးတစ်လုံးလိုအပ်သည်ဆိုပါက သူတို့၏ကိုယ်ပိုင်သားရဲများမှာ မကြာခင်တွင်ပဲ စွမ်းအင်များကုန်ခမ်းသွားပေလိမ့်မည်။

"ငါတို့အခု အနီးကပ်တိုက်ပွဲမျိုးလုပ်ပြီး အဝေးတိုက်ပွဲကို ရှောင်သင့်တယ်။ ရှေ့တန်းမှာ ခုခံကာကွယ်နိုင်တဲ့အမျိုးအစား သားရဲတွေနေ၊ အလယ်မှာတော့ အထောက်အပံ့ပေးမယ့်သားရဲတွေနေ၊ ပြီးရင် တိုက်ခိုက်ရေးသားရဲတွေကတော့ ရှေ့ထွက်တိုက်ကြ။ ဒီပုံစံအတိုင်း ထိန်းသိမ်းထားပြီး ရှေ့ဆက်ကြတာပေါ့။ တခြားအဖွဲ့တွေ အရင်ရသွားတာမျိုး ခွင့်မပြုကြနဲ့။" ကပ္ပတိန်စုန့်က နောက်တန်းမှနေကာ ညွှန်ကြားလိုက်သည်။ တခြားသူတွေကလဲ ခေါင်းညိတ်လိုက်ကာ လျင်မြန်စွာပဲ တိုက်ခိုက်မှုပုံစံအသစ်ကို ပြောင်းလဲနေရာယူလိုက်သည်။ သူတို့အားလုံးက တစ်ယောက်အကြောင်း တစ်ယောက်နားလည်မှုရှိထားပြီးသား တိုက်ခိုက်သူတွေဖြစ်တာကြောင့် ကောင်းစွာလုပ်ဆောင်နိုင်ကြသည်။

ကပ္ပတိန်စုန့်၏ပုခုံးထက်တွင်တော့ မီးတောက်နီရောင်မုတ်ဆိတ်ရှည်ရွက်တစ်ကောင်က တိတ်ဆိတ်ငြိမ်သက်စွာလဲလျောင်းလို့နေသည်။

## စာစဉ် ၃

၎င်း၏ရှေ့ခြေလေးနှစ်ချောင်းက ကပ္ပတိတ်စုန့်၏ပုခုံးပေါ်တွင်ရှိနေကာ မျက်လုံးများကတော့ ဘေးပတ်ဝန်းကျင်မှအခြေအနေများကို အကဲခတ်လို့နေသည်။

ဖွဲ့စည်းပုံ၏အရှေ့ဘက်တွင်ရှိနေသည်က အလွန်မြင့်မားသည့်ကာကွယ်နိုင်စွမ်းနှင့် မီးစွမ်းအင်တစ်စိတ်တစ်ပိုင်းပါရှိသည့် အနီရောင်ဒိုင်းအမဲလိုက်ခွေးတစ်ကောင်ဖြစ်သည်။

သူတို့ပြောင်းလဲဖွဲ့စည်းခဲ့သလို ပင့်ကူများဘက်ကလဲ အနီရောင်ဒိုင်းအမဲလိုက်ခွေးကို ရှေ့ဆက်မတိုးလာစေရန် စေးကပ်ကပ်အရည်များဖြင့် ပစ်လွှတ်နေကြသည်။ ဖွဲ့စည်းပုံ၏အလယ်မှ ဆူးပန်းနတ်ဆိုးသည် ၎င်း၏စွမ်းရည်ကို အသက်သွင်းကာ ဒိုင်းအမဲလိုက်ခွေးကို ၎င်း၏ဆူးဒိုင်းအလွှာဖြင့် ကာကွယ်ပေးနေသည်။

ဆူးများသည် တစ်ခုနှင့်တစ်ခုကန့်လန့်ဖြတ်ရွှေ့လျားနေတာကြောင့် ပင့်ကူမျှင်များကို ထိရောက်စွာ ကာကွယ်ထားခဲ့သည်။

ကပ္ပတိန်စုန့်၏ပုခုံးပေါ်မှ မီးတောက်ကြွက်သည် ဆူးဒိုင်းပေါ်သို့ မီးဘောလုံးတစ်လုံးပစ်ထည့်လိုက်ကာ ဆူးဒိုင်းမှာ မီးတောက်များကြောင့်

## စာစဉ် ၃

လောင်ကျွမ်းလာပြီး ရုတ်တရက်ဆိုသလို လောင်ကျွမ်းနိုင်သည့်မီးဒိုင်းတစ်ခုဖြစ်သွားတော့သည်။

သူ့အနားသို့ရောက်လာသည့် ပင့်ကူတို့၏စေးကပ်ကပ်အရည်တိုင်းကို ဘာမှမကျန်သည်အထိ လောင်ကျွမ်းသွားစေကာ ထိုအရည်များက မီးတောက်အတွက် လောင်စာသဘောပင် သက်ရောက်စေခဲ့သည်။ ထို့အပြင် လေထုသည်လဲ လောင်ကျွမ်းနေသည့် ညှော်နံ့များဖြင့် ပြည့်နှက်လာတော့သည်။

မီးတောက်များသည် ပင့်ကူတို့၏စေးကပ်ကပ်အရည်များကို ချေဖျက်ရတာတွင် အလွန်ထိရောက်လှသည်။ မီးတောက်များနှင့် ထိုအရည်များထိတွေ့လိုက်သည်နှင့် မီးတောက်ကိုပင် ပိုအားပေးရာရောက်သွားကာ ၎င်း၏စေးကပ်ကပ်နိုင်မှုနှင့်ဆွဲဆန့်နိုင်သည့်စွမ်းရည်များ ပျောက်ကွယ်သွားတော့သည်။

မီးတောက်ကြွက်သည် သခင်အဆင့်သို့မရောက်သေးတာကြောင့် စာရင်းဝင်အဖြစ် အတည်မပြုရသေးသော်လည်း အနီရောင်ဒိုင်းအမဲလိုက်ခွေးတွင် မီးခံနိုင်ရည်စွမ်းမြင့်မားနေသ၍

## စာစဉ် ၃

ဘာမှအရေးမကြီးတော့ပေ။ ဒါကပဲ ကပ္ပတိန်စုန့်နှင့်သူမအဖွဲ့ဖြစ်တည်လာသည့် တိုက်ပွဲနည်းစနစ်တစ်ခုဖြစ်နေခြင်းပင်။

ဂူသည် ဝင်္ကပါများ လမ်းလွှဲများဖြင့် ရှုပ်ထွေးနေသည့် သဘာဝနက်ရှိုင်းသည့် လှိုဏ်ဂူတစ်လုံးပင်ဖြစ်သည်။

သူတို့ရှေ့မှနေပြီး ပြင်းထန်သည့်တိုက်ပွဲသံသဲ့သဲ့ကို ရုတ်တရက်ကြားလိုက်ကြရသည်။ အသံက ဂူ၏အတော်ဝေးဝေးအတွင်းဘက်မှလာခြင်းဖြစ်တာကြောင့် သူတို့ဦးတည်ရာနေရာနှင့် အလွန်ဝေးသေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအခိုက်အတန့်တွင်ပဲ ကပ္ပတိန်စုန့်၏အမူအရာမှာ ချက်ချင်းပင်ပြောင်းလဲသွားတော့သည်။ သူတို့ထက်အရင်ဦးတဲ့လူရှိနေတာပဲ!

သူတို့အလျင်အမြန်ပဲ အရှိန်ကိုမြှင့်တင်လိုက်ကာ အနီရောင်ဒိုင်းအမဲလိုက်ခွေးကလဲ ၎င်း၏မီးဒိုင်းကြီးခြံရံကာ ဂူများထဲသို့အမြန်ဆုံးအရှိန်ဖြင့် တိုးဝင်လိုက်သည်။ ခဏလေးအတွင်းတွင်ပဲ သူတို့ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက်ကြီး

## စာစဉ် ၃

လင်းရှင်းသွားကာ တခြားသော လှိုဏ်ဂူများထက် အဆများစွာပိုကြီးသည့် လှိုဏ်ဂူကြီးတစ်လုံးက သူတို့မျက်စိရှေ့တွက် ထွက်ပေါ်လို့လာခဲ့သည်။

လှိုဏ်ဂူ၏အနက်ရှိုင်းဆုံးအပိုင်းတွင်တော့ အလွန်ကြီးမားသည့် သားပေါက်မိခင်တစ်ကောင် မြေပေါ်လဲလျောင်းနေသည်ကို တွေ့လိုက်ရသည်။ ၎င်းသည် အတော်လေးရောင်ရမ်းနေပုံရကာ သူ၏ခန္ဓာကိုယ်ကို များပြားလှသည့် ဖြူစေးကပ်သည့် အရာများဖြင့် ဖုံးအုပ်ထားတာကြောင့် အဖြူရောင်ဘောလုံးကြီးတစ်လုံးနှင့်ပင် တူနေသည်။

ထိုဘောလုံးထဲမှ ၎င်း၏ပင့်ကူခြေထောက်များသာ ထွက်ပေါ်နေပြီး ခြေထောက်တစ်ချောင်းစီပေါ်တွင်လဲ ချွန်ထက်ကာ ထောင်နေသည့်အမွေးများရှိနေသည်။

ဂူထဲတွင်တော့ ကိုယ်ပိုင်သားရဲများစွာက ထိုသားပေါက်မိခင်ကို ဝန်းရံတိုက်ခိုက်နေနှင့်ကြပေပြီ။ မီးတောက်များ၊ အေးခဲသည့်ရေခဲများနှင့် လေဓါးသွားများက လေထဲတွင် ပျံသန်းနေကြပေမည့် အားလုံး၏ဦးတည်ရာက အဖြူရောင်ဘောလုံးကြီးရှိရာသို့ဖြစ်သည်။

# စာစဉ် ၃

သို့ပေမည့် ထိုတိုက်ခိုက်မှုအလုံးစုံမှာ သမုဒ္ဒရာထဲမှ ရေတစ်စက်လိုပဲ အနားရောက်သည်နှင့်ပျောက်ကွယ်သွားကာ နည်းနည်းလေးမှ ထိရောက်မှုမရှိပေ။

တိုက်ခိုက်မှုများဝင်ရောက်လာသော်လည်း သားပေါက်မိခင်ကတော့ အသံတစ်ချက်လေးတောင်မပြုဘဲ ငြိမ်သက်စွာ လဲလျောင်းနေမြဲပင်။ ၎င်း၏ဝါရင့်ရင့်မျက်လုံးများက အေးစက်ကာ ဂရုမစိုက်ဟန်သာ ပြနေသည်။ တိုက်ခိုက်မှုတစ်ခုခုက သူ့မျက်လုံး သို့မဟုတ် မျက်လုံးအနီးသို့ရောက်လာမှသာ သူ့မျက်လုံးကို ကာကွယ်ရန်အတွက် သလင်းလိုအကာအကွယ်တစ်မျိုးပြုလုပ်ကာ တုံ့ပြန်ခဲ့သည်။

ကပ္ပတိန်စုန့်က သူ့ရဲ့မျက်လုံးထဲမှာ တစ်ခုခုကရင်းနှီးနေသလိုခံစားနေရပြီး သူမအရင်က ထိုအရာကိုတစ်နေရာရာမှာမြင်ဖူးနေသလို ဖြစ်နေတယ်၊

“သားပေါက်မိခင်က တိုက်ခိုက်စွမ်းရည်အများကြီးမရှိဘူး၊ သူ့ရဲ့ကြီးမားတဲ့အရွယ်အစားနဲ့အရှုးအလုပ်မခံနဲ့, ဒါကငယ်ရွယ်တဲ့အကောင်တွေကို မွေးဖို့ဘဲ၊ သူ့ရဲ့ အမှန်တကယ်

## စာစဉ် ၃

တိုက်ခိုက်သန်မာမှုက အဲ့ဒီအဆင့်တွေထဲမှာအားအနည်းဆုံးဘဲ၊”
တစ်ယောက်က ပင့်ကူကိုသတ်ဖို့လူတိုင်းကိုခေါ်ရန် အော်ဟစ်လိုက်တယ်၊

“ငါတို့အားလုံးအတူအလုပ်တွဲလုပ်မယ်ဆိုရင်,
ငါတို့ဒီသားပေါက်မိခင်ကို အလွယ်တကူသတ်နိုင်တယ်!
ငါတို့အဲ့ဒါကိုသတ်လိုက်တဲ့အချိန် ငါတို့အားလုံးအုပ်စုကွဲဖျက်သွားပြီး
ပျက်စီးမှုအဆင့်ကိုအခြေခံပြီး သူ့ကိုအဆုံးသတ်လို့ရတယ်၊”
လျိူစန်းလင်းကပြောလိုက်သည်၊

“ကောင်းပြီ” ထိုအရာကိုကြားတဲ့အခါမှာသူတို့ထဲက
အများအပြားက သူတို့ကိုယ်ပိုင်သားရဲတွေကို
တိုက်ခိုက်မှုအရှိန်မြှင့်တင်ရန်အမိန့်ပေးလိုက်ကြသည်၊

သားပေါက်မိခင်က ပြန်ပြီးတိုက်ခိုက်ခြင်းမပြုခဲ့ပါ၊
၎င်းကထူးဆန်းတဲ့အခြေအနေမှာ ရှိနေပြီး
အများအားဖြင့်သူ့ကလေးတွေကို မွေးဖွားဖို့ပြင်ဆင်နေပုံရသည်၊
သူတို့အားလုံး ၎င်း၏အားနည်းနေတဲ့အချိန်တွင်
တိုက်ခိုက်ဖို့အခွင့်အရေးကိုအရယူမည်ဖြစ်သည်၊

## စာစဉ် ၃

တိုက်ခိုက်မှုကြားအချိန်သည် နည်းသထက်နည်းလာသည်ပြီး သားပေါက်မိခင်အပေါ် ကိုဖုံးအုပ်ထားသောအဖြူရောင်အမြှုပ်များသည် တစ်ဖြည်းဖြည်းနှင့်ပျောက်ကွယ်သွားသည်၊ ၎င်း၏ခန္ဓာကိုယ်ပြင်ပေါ်သို့ တိုက်ခိုက်မှုအနည်းငယ်စီစဉ်ခြင်းဖြင့် ဒဏ်ရာပြဲသွား စေပြီးအနက်ရောင်နှင့်အဝါရောင်အရည်များ စီးကျလာသည်၊

သားပေါက်မိခင်၏နာကျင်မှုကိုတွေ့သောအခါ, အဖွဲ့လိုက်လူများက စိတ်လှုပ်ရှားသွားကာ သူတို့ကိုယ်ပိုင်သားရဲတွေကို ဆက်လက်တိုက်ခိုက်ဖို့ အမိန့်ပေးလိုက်သည်၊ သူတို့ ကိုယ်တိုင်ဆုတ်ခွာခဲ့ကြပြီး တိုက်ပွဲမှ ရှောင်ရှားလိုက်ကြသည်၊

တောင်ပံလေးခုမြစိမ်းရောင်နတ်ဆိုးရှိုးကောင်က အရှေ့သို့တဟုန်ထိုးတက်သွားကပြီး သူ့နောက်တွင်ပုံရိပ်ရောင်ကိုတောင်ချန်ခဲ့သည်၊ ၎င်းကသူ့ရဲ့ဓားသွားလက်များကို အတွင်းသို့ဆွဲသွားပြီး ကြွတ်ခြေခတ်ပုံစံပြောင်းလိုက်သည်၊

ပွတ်ချ်…!

## စာစဉ် ၃

ပင့်ကူကသူ့ရဲ့မျက်လုံးကိုကာကွယ်နိုင်ရန် ကျောက်သလင်းအလွှာကိုမြှင့်လိုက်ပြီး ၎င်းတို့ကကျောက်စိမ်းရောင်ခေါးသွားများ၏လွယ်ကူစွာသီးခြားစီ ဟက်တက်ခွဲခံ လိုက်ရသည်၊

ကျောက်သလင်းအလွှာမှကြေမွကွဲထွက်သောအစိတ်အပိုင်း လေထဲသို့ကွဲထွက်သွား ကာ အပေါ်မှမိုးရွာသလို ရွာချလာသည်၊

စခီး ့း ့း ့း…!!!

သားပေါက်မိခင်ကသူ့ရဲ့တည်ငြိမ်နေသောအပြုအမူများဆုံးရှုံးသွား ပြီဖြစ်သည်၊ ၎င်း၏ အဝါရင့်ရင့်မျက်လုံးများက ရုတ်တရက်အရောင်လက်လာကာ လူများကိုရွှေရောင်စူးရှ နေသောအကြည့်ဖြင့်ကြည့်လိုက်သည်၊ ၎င်း၏စူးရှနေသောအော်သံက လှိုင်ခေါင်းကို ဖြတ်ကာ ပဲ့တင်ထပ်သွားသည်၊

အချို့သောသားရဲလေ့ကျင့်သူများသည်သူတို့ဒူးတွေထောက်ကျသွား ပြီး နာကျင်စွာနှင့် သူတို့နားတွေကိုဖုံးအုပ်လိုက်ကြသည်၊ သူတို့၏လက်ကြားများထဲမှ သွေးများကစိမ့် ထွက်လာသည်။

ဟူး…

# စာစဉ် ၃

ပင့်ကူ၏ထူထဲသည့်ခြေထောက်က ရုတ်တရက်မြေထဲမှဆွဲထုတ်လိုက်သည့်အခါတွင် လေတိုက်သည့်ညည်းသံတောင်ကြားရသည်။

လေထုထဲတွင် အတောင်လေးခုရှိသော ကျောက်စိမ်းရောင်နတ်ဆိုးရှိခိုးကောင်က သူ့၏အတောင်များကိုပြင်းပြင်းထန်ထန်ခတ်လိုက်ပြီး သူ့ခန္ဓာကိုယ်ကိုလှည့်လိုက်ကာ ပင့်ကူ၏ကြီးမားသောလုံကဲ့သို့ထိုးဖောက်နိုင်သည့် ခြေထောက်များကို ရှောင်ရှားလိုက်သည်၊ ပင့်ကူရဲ့ခြေထောက်တွေကအားမစိုက်ရဘဲ ကျောက်တုံးကို အပိုင်းအစများဖြစ်အောင်ခွဲချေလိုက်သည်မှာ ထောပတ်တုံးကို ဖြတ်သည့်အတိုင်းပင်ဖြစ်သည်၊

လှိုက်ဂူတစ်ခုလုံးတွင် နက်ရှိုင်းသောအသက်ရှူသံနှင့်ပွဲတင်ထပ်နေသည်၊ သားပေါက်မိခင်သည် အမြှုပ်များဖြင့်ပလုံစီနေသည့်နေရာတွင် လှုံလျောင်းနေရာမှနွေးကွေးစွာထလိုက်ပြီး သူ့ရဲ့ခြေချောင်းလက်ချောင်းများကို ဆန့်ထုတ်လိုက်သည်။

## စာစဉ် ၃

ငင်း၏ခြေချောင်းတစ်ချောင်းချင်းစီတိုင်းသည် ၁ဂမီတာလောက်ထိရှည်လျားပြီး ရှည်လျားသောလှံတံကဲ့သို့ မြေပြင်ထဲသို့ထိုးစိုက်သွားသဖြင့် မြေကြီးသည်ကွဲထွက်သွား သည်။

မီးခိုးရောင်ပင့်ကူ၏ခြေထောက်များသည် အထက်သို့ကွေးတက်နေသော ချွန်ထက်သော အမွေးများဖြင့်သိပ်သည်းစွာ ဖုံးအုပ်ထားသည်၊ သူ့ရဲ့ပါးစပ်အပိုင်းများက စားပွဲတစ်လုံးကဲ့သို့ကြီးမားပြီး ကြည့်ရသည်မှာ ဂန္ဓာမာပန်းပွင့်နှင့်တောင်တူသည်၊ ငင်းက ပွင့်လိုက်ပိတ်လိုက်နှင့် ဆိုးရွားသည့်အနံ့အသက်ကိုလေထုထဲသို့ထုတ်လွှတ်နေသည်၊

ငင်း၏ထုထည်ကြီးမားသောအရွယ်အစားနှင့်ရက်စက်သောသွင်ပြင် ပေါ်လာခြင်းသည် သေစေနိုင်လောက်သောအင်အားဖြင့်ဖိနှိပ်နိုင်သည်။

ဘယ်သူပြောလိုက်တာလဲ သားပေါက်မိခင်ကတိုက်ခိုက်မှုအင်အားအနည်းငယ်ဘဲရှိ တယ်လို့?

လှိုင်ဂူထဲမှလူများသည် တိတ်ဆိတ်စွာကျိန်ဆဲနေကြသည်၊

ငါတို့ကြုံရပြီ! ဒီလိုမစ်ရှင်က ကြီးမားတဲ့အစီအစဉ်ဘဲ ပြီးတော့ငါတို့အားလုံးအခု ကြုံတွေ့နေရပြီ!

# စာစဉ် ၃

ကပ္ပတိန်စုန့်ကနောက်ဆုံးတော့ ဘာလို့ဒီသားပေါက်မိခင်၏မျက်လုံးတွေကို ရင်းနှီးနေလဲဆိုတာကို မှတ်မိသွားပြီဖြစ်သည်၊ မီးကျီနက်သခင်မှာရှိတဲ့မျက်လုံးတွေနဲ့ သူတို့ကအတူတူပင်ဖြစ်သည်၊ မျက်လုံးတွေကအထက်သို့မြင့်တက်နေပြီး အောက်သို့ စိုက်ကာအဆင့်နိမ့်သောသားရဲများကို ကြည့်နေသည်။

သားပေါက်မိခင်၏အောက်ခြေတွင်, ပုံပျက်ကာမပြည့်စုံသေးသော ရောင်ခြည်စက်ဝန်းက နေးကွေးစွာနှင့်လှည့်ပတ်နေသည်၊ မီးကျီနက်သခင်၏ရောင်ခြည်စက်ဝန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သားပေါက်မိခင်တွင်ရှိသောတစ်ခုသည် မီးကျီနက်သခင်၏ ၁ဂဆလောက်သာရှိသည့်အရာဖြစ်ပြီး အလွန်အမင်းပင်ပုံပန်းပျက်နေသည်၊

ဒီဟာက အုပ်ချုပ်သူသားရဲအဆင့်၏အထွတ်အထိပ်အဆင့်ဖြစ်ပြီး ဒါကဆင့်ရဲဖြစ်စဉ်၏ အလယ်တွင်ရှိနေသည်။

သူတို့ကဒီသားရဲ၏ဆင့်ကဲဖြစ်စဉ်ကို အနှောက်အယှက်ဖြစ်နေတယ်ဆိုတာထင်ရှားနေသည်၊ အရှူးတောင်မှ

# စာစဉ် ၃

သူတို့ကျူးလွန်ခဲ့ခြင်းကြောင့် အလွန်ဒေါသထွက်ခံရခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းကိုခံရတော့မည်ဆိုတာသိသည်။

“ပြေး”

လျိုစန်းလင်းကပြတ်ပြတ်သားသားနှင့်ကောက်ချက်ချလိုက်သည်၊ သူက ချက်ချင်းပင်တောင်ပံလေးခုရှိသည့်ကျောက်စိမ်းနတ်ဆိုးရှိခိုးကောင်ကိုခေ ါ်လိုက်သည်၊ သူကသူ့ကိုယ်ပိုင်သားရဲ၏နောက်ကျောပေါ်မှ စီးနင်းကာထွက်ပြေးတော့သည်။

***

စာစဉ် ၃

## *အပိုင်း ၄၂ ခရမ်းရောင်ကျောပြင် မိုးကြိုးကင်းခြေများ*

တခြားလူတွေနဲ့ ဆက်ဆံရေးပိုကောင်းလာအောင် သူတို့ကိုကယ်ဖို့ နေခဲ့ရမယ်တဲ့လား၊ ပေါက်ကရစကားတွေ! ကိုယ့်အသက်ကိုတောင် မနည်းလုပြေးနေရမယ့်အချိန်မှာ တခြားလူတွေကို ဂရုစိုက်နေဖို့ အချိန်မရှိဘူး။ တစ်ယောက်ထက်တစ်ယောက် မြန်မြန်ပြေးနိုင်ဖို့ကသာ အရေးကြီးဆုံးပန်းတိုင်ပဲ။

ပင့်ကူမသည် ဖြည်းဖြည်းချင်း တွားသွားလာခဲ့သည်။ သူမပုံစံကနှေးကွေးပုံပေါ်သော်လည်း တကယ်တမ်း သူမ၏အလျင်မှာ မြန်ဆန်လှသည်။

၎င်း၏ခြေချောင်းများ မြင့်တက်သွားကာ မြေပေါ်သို့ ခပ်ပြင်းပြင်းပြန်ချလိုက်ချိန်တိုင်း လေထဲတွင် မီးခိုးရောင်အရိပ်တစ်ခုသာ ကျန်ခဲ့သည်။

၎င်းအောက်မှကျန်ရှိနေသည့် ကိုယ်ပိုင်သားရဲများကတော့ သူမတိုက်ခိုက်လာသမျှကို ခက်ခက်ခဲခဲရှောင်ရှားနေရသည်။ အချို့ကံမကောင်းကြသည့် ကိုယ်ပိုင်သားရဲများကတော့

# စာစဉ် ၃

ပင့်ကူခြေထောက်များဖြင့် ကိုယ်ကို ထုတ်ချင်းဖောက်ခံရကာ သွေးနှင်းဆီပန်းများပွင့်နေသကဲ့သို့ ကြောက်စရာကောင်းလှသည်။

………

မီးကျီနက်သစ်တောအပြင်ဘက်တွင်တော့ အဝေးမှအစိမ်းရောင်ပုံရိပ်တစ်ခုက ပျံသန်းလာခဲ့သည်။

“မစ်ရှင်က ငါမှန်းထားတာထက် မြန်မြန်ပြီးသွားတာပဲ။” အစိုးရအရာရှိကာ ပြုံးလို့နေသည်။

သို့ပေမည့် သူ့ဘေးမှ စစ်ဦးထုပ်နှင့်လူကတော့ သူနှင့်ဆန့်ကျင်ဘက်အမူအရာမျိုးသာ ဖြစ်နေခဲ့သည်။ ထိုလူက မျက်မှောင်ကို ခပ်တင်းတင်းကြုတ်ကာ ပျံသန်းလာနေသည့် တောင်ပံလေးခုမြစိမ်းရောင်နတ်ဆိုးရှိခိုးကောင်ကို စိုက်ကြည့်နေခဲ့သည်။ ထို့နောက် ရုတ်တရက်ဆိုသလိုပဲ တစ်ခုခုကို သတိထားမိသွားကာ အမူအရာရုတ်ချင်းပြောင်းလဲသွားတော့သည်။

သူ့လက်ကို ရှေ့သို့ဆန့်တန်းငှေ့ရမ်းကာ ခပ်ကျယ်ကျယ်အမိန့်ပေးလိုက်တော့သည်။ “နေရာယူ၊ တိုက်ခိုက်ဖို့အသင့်ပြင်ကြ!”

## စာစဉ် ၃

တောင်ပံလေးခုမြစိမ်းရောင်နတ်ဆိုးသားရဲပေါ်တွင် စီးနင်းလိုက်ပါလာသည့် လျှိုစန်းလင်မှာ သူ့ဆီသို့အမြှောက်များချိန်ရွယ်ထားသည်ကိုမြင်လိုက်ရတော့ နှလုံးပင် ခုန်ထွက်တော့မတတ် လန့်ဖြန့်သွားတော့သည်။ သူက ချက်ချင်းပင် သူလက်ကို မြင့်မြင့်မြှောက်လိုက်ကာ အော်လိုက်သည်။ “မပစ်ပါနဲ့၊ မပစ်ပါနဲ့၊ ငါက မင်းတို့ဘက်ကပါ!”

အမြှောက်များမှ မီးများကို ပြန်လည်ငြိမ်းသတ်လိုက်ကြသည်။ ထို့နောက်တွင်တော့ တောင်ပံလေးခုမြစိမ်းရောင် နတ်ဆိုးရှိခိုးကောင်သည်လဲ လူအုပ်ကြီး၏ရှေ့သို့ သက်ဆင်းလာခဲ့သည်။ လျှိုစန်းလင်၏ခြေထောက်များမှာ တုန်ရီနေစဲဖြစ်ကာ ဟိုပင့်ကူမကိုပဲ ကြောက်နေတာကြောင့်လား၊ အမြှောက်တွေကြောင့်လား ဒါမှမဟုတ် နှစ်ခုလုံးစုံသွားတာကြောင့်လားပင် မပြောတတ်တော့ပေ။

“သားရဲတွင်းထဲကဟာက ပင့်ကူမ,မဟုတ်ဘူး၊ မဟုတ်သေးဘူး။ ပင့်ကူမကနေ ဆင့်ကဲတိုးတက်လာတာ။ အဲ့ဒီပင့်ကူမက လုံး၀တိုက်ခိုက်ရေးသားရဲကြီးပဲ!” လျှိုစန်းလင် အလွန်စိုးရိမ်ပူပန်နေတာကြောင့် ဗလုံးဗထွေးပြောနေမိသည်။

# စာစဉ် ၃

"ဖြည်းဖြည်း၊ ရေအရင်သောက်လိုက်ဦး။" စစ်ဦးထုပ်နှင့်လူက ရောက်လာကာ လျှိုစန်းလင်ကို ရေဘူးပေးလိုက်သည်။

လျှိုစန်းလင်လဲရေသောက်ပြီးကာမှ နောက်ဆုံးတွင် ထိတ်လန့်နေမှုမှ ပြန်လည်သက်သာလာကာ အနည်းငယ်စိတ်ငြိမ်သွားတော့သည်။ ထို့နောက်တွင်တော့ ဖြစ်ကြောင်းကုန်စဉ်က ရှင်းလင်းပြောပြခဲ့သည်။

လျှိုစန်းလင်၏ထွက်ဆိုချက်ကိုကြားပြီးနောက် ရှိနေသည့်လူတိုင်း၏အမူအရာများ ပြောင်းလဲကုန်ကြတော့သည်။

နောက်တော့ ဦးထုပ်နှင့်လူက အစိုးရအရာရှိဘက်ကို မျက်စောင်းထိုးကာ အေးစက်စွာပြောလိုက်သည်။ "ဒါ ခင်ဗျားရဲ့ အစိုးရလက်တွေ့ခန်းကနေ ထွက်လာတဲ့ လေ့လာချက်ရလဒ်ပဲ၊ ပင့်ကူမက 'တိုက်ခိုက်ရည်နိမ့်ကျတဲ့သားရဲ'ပါဆို။"

အစိုးရအရာရှိမှာ နေရခက်နေကာ ဘာမှပြန်မဖြေနိုင်တော့ပေ။ မတော်တဆမှုက တကယ်ကိုပဲ အစိုးရဘက်မှဖြစ်လာခြင်းဖြစ်သည်။

"ငါတို့ကို အသေခံဖို့လွှတ်လိုက်တယ်ဆိုတာ မင်းရဲ့အစိုးရကောသိရဲ့လား?" သူကအသံတိုးတိုးဖြင့်ပြောလိုက်သည်။

## စာစဉ် ၃

“အချက်အလကတွေက လုံးဝမှားနေတာပဲ!” သူ့နှလုံးသားထဲ သွေးစိမ်းရှင်ရှင်ကျလို့နေသည်။ ဒါဆုံးရှုံးမှုကြီးပဲ၊ ငါ့လူတွေ ဘယ်လောက်တောင် ခံလိုက်ရမလဲတောင်မသိတော့ဘူး။ ပင်စင်လစာနဲ့ဆုံးရှုံးမှုကတော့ တိုက်ရိုက်အချိုးကျနေပြီ။

သူတစ်ယောက်တည်းထွက်ပြေးလာတာကြောင့် နောက်ထပ်ဘယ်နှယောက်များ ရှင်သန်လာနိုင်မလဲ?

“သူတို့ပဲ၊ ငါတို့ဘက်ကို လူနည်းနည်းပြန်ရောက်လာပြီ။” စစ်သားတစ်ဦးက သူတို့ဘက်ဆီပြန်သန်းလာနေသည့် သစ်တောဘက်မှ အရိပ်များကို ညွှန်ပြလိုက်သည်။

“ပင့်ကူဘုရင်ကောဘယ်မလဲ?” ဦးထုပ်နှင့်စစ်အရာရှိက ထိုလူများ၏နောက်ဘက်သို့ကြည့်ကာ မေးလိုက်သည်။ သူ ပင့်ကူဘုရင်ကို မမြင်ရပေ။

“မသိဘူး။ တခြားလူတွေနောက် လိုက်သွားပုံရတယ်။ ငါတို့ခွဲထွက်ပြီး လမ်းကြောင်းအမျိုးမျိုးကနေ လာကြတာ။” တစ်ယောက်က ထိတ်လန့်နေစဲအခြေအနေနှင့်ပင် ပြန်ဖြေလိုက်သည်။ သူ့လေသံထဲတွင် စိတ်အေးကာကျေနပ်နေမှုအချို့ကို ဖော်ပြနေခဲ့သည်။

# စာစဉ် ၃

သို့ပေမည့် မကြာခင်တွင်ပဲ ထိုသို့မပြောသင့်မှန်း ပြန်သတိရသွားကာ နှုတ်ဆိတ်သွားတော့သည်။

"သူတို့ ငါတို့ဘက်ကိုပဲ ဦးတည်လာကြတာလား?"

"မဟုတ်ဘူး။"

လူများထပ်မံငြိမ်ကျသွားပြန်သည်။ သူတို့ဘက်က ပြင်းပြင်းထန်ထန်ပြန်လိုက်တိုက်ခိုက်ဖို့ အသင့်ဖြစ်နေပေမည့် ပင့်ကူဘုရင်က သူတို့ဘက်ကိုမလာခဲ့ပေ။ ဒီအခြေအနေကြောင့် အောင်ပွဲခံရမှာလား ဝမ်းနည်းရမှာလားတောင် မသေချာတော့ပေ။

ပင့်ကူဘုရင်က အုပ်ချုပ်သူအဆင့်အထိတက်သွားပြီမှန်း ငါစောစောကတည်းကသာ သိထားလိုက်ရင်ကွာ.... စစ်ဦးထုပ်နှင့်အရာရှိမှာ ဘာမှမပြောဘဲ သူ့နှုတ်ခမ်းကိုသာ ခပ်တင်းတင်းစေ့ထားမိသည်။ သူတော်တော်လေးနောင်တရနေသည်။

ဒီလိုသာ သူဒီလောက်လူပမာဏလောက်ပဲ ခေါ်လာခဲ့မှာမဟုတ်ပေ။

ပြောရလျှင် အုပ်ချုပ်သူအဆင့်သားရဲတစ်ကောင်ကိုသာ ရလိုက်ပါက ချန်အန်း၏စစ်အင်အားကို များစွာတိုးမြင့်သွားစေနိုင်သည်။

## စာစဉ် ၃

"ကျန်တာတွေအတွက် မစိုးရိမ်နဲ့တော့။
မီးကျီနက်သစ်တောသခင်က လွှတ်ထားမှာမဟုတ်ဘူး။
ကျားနှစ်ကောင်က အထီးနဲ့အမဖြစ်နေရင်တောင် ဘယ်တော့မှ
တောင်တစ်တောင်တည်းမှာ အတူရှိနေနိုင်မှာမဟုတ်ဘူး။
ပင့်ကူဘုရင်နဲ့အနက်ရောင်ကင်းကောင်က မျိုးစိတ်တူတာလဲမဟုတ်ဘူး။
အုပ်ချုပ်သူသားရဲတစ်ကောင်တည်းသာဆို
အခြေအနေပြောင်းသွားလိမ့်မယ်။ ဒါပေမယ့် ဒီပင့်ကူဘုရင်က
အုပ်ချုပ်သူအကြိုအဆင့်ပဲရှိသေးလို့ အဆုံးမှာ
မီးကျီနက်သခင်စားတာခံလိုက်ရနိုင်တယ်။"

သူ့စကားများထဲတွင် အနည်းငယ်နှောင်တရမှုများပါဝင်လို့နေသည်။

အကယ်၍သူပင့်ကူဘုရင်ကို စစ်တပ်နယ်မြေဘက်သို့ပြန်ပို့နိုင်ရင် ဒါကအရမ်းကောင်း လွန်းတဲ့ အင်အားတစ်ခုဘဲ။

ဘယ်လိုဘဲဖြစ်ဖြစ်, ပင့်ကူဘုရင်ရဲ့ဆင့်ကဲပြောင်းလဲမှုက အဆက်ပြတ်သွားပြီး တစ်နည်းအားဖြင့်ပြောရရင် မအောင်မြင်ခဲ့ပေ၊ ထို့ကြောင့်အဲ့တာက အသုံးမဝင်တော့ပေ။

.....

# စာစဉ် ၃

"ကွဲကြေသံ" သူတို့ရှေ့က သစ်သားပုံသည် အပိုင်းအစများဖြင့်နေရာတိုင်းသို့ ပျံထွက် ကာလွင့်စင်ကုန်ကြသည်၊ တာ့ဇီရဲ့အပေါ်ပိုင်းခန္ဓာကိုယ်သည်မြေပြင်ကို တင်းတင်းကြပ်ကြပ်ဖမ်းကိုင်ထားကာ သူ့ရဲ့အောက်ပိုင်းခန္ဓာကိုယ်သည်ချွန်ထက်သော ဓားတစ်ချောင်းကဲ့သို့ ပိုင်းချလိုက်သည်၊

သစ်သားအပိုင်းအစများသည် မညီမညာဖြင့်ချိုင့်ဝင်နေကာ ဒဏ်ရာဒဏ်ချက်များနှင့် ဖုံးအုပ်ထားသလိုဖြစ်နေသည်။

ကောင်းဖန်ကအားပေးလိုက်သည်, "တော်တယ်, ဒီမှာမင်းရဲ့ဆု"၊ သူကတာ့ဇီကို တီကောင်မုန့်ပေးလိုက်သည်၊

သူကတာ့ဇီရဲ့ခေါင်းကိုပုတ်လိုက်ပြီး, တခြားအရာတစ်ခုကိုစဉ်းစားနေသည်၊ သာမန်အဆင့်ကနေ ထိပ်တန်းအဆင့်ကိုမြှင့်တင်ဖို့က မခက်ခဲပေ။

သားရဲကိုယ်တိုင်က ပင်ကိုပါရမီမပါသော်လည်း ကြိုးစားမှုနှင့်ဆိုလျှင်, ၎င်းက မကြာခင်ဒါမှမဟုတ်နောက်ပိုင်းတွင် ထိပ်တန်းအဆင့်သားရဲဖြစ်လာလိမ့်မည်။

## စာစဉ် ၃

အဆင့်၁မှ၁၀အထိ သာမန်အဆင့်တွင်ရှိပြီး အဆင့်၁၁မှ၂၀အထိသည် ထိပ်တန်းအဆင့်သားရဲဖြစ်သည်။

နည်းပြချန်းက ကစားကွင်းကိုလမ်းလျှောက်ကာလှည့်ပတ်နေပြီး အလျဉ်းသင့်သလို စစ်ဆေးနေသည်။ သူနီးကပ်လာတာကိုမြင်တဲ့အခါ ပျင်းနေသောကျောင်းသားများက ရုတ်တရက်ထလိုက်ကြကာ, အာရုံစိုက်နေကြသည့်ပုံဖြင့် ဟန်ဆောင်နေကြသည်။

တကယ်တော့နည်းပြချန်းက, ကျောင်းသားတွေက လေ့ကျင့်မှုအပေါ်မှာ အာရုံစိုက် လား၊ မစိုက်ဘူးလားဆိုတဲ့အပြုအမူတွေကိုသိသည်။ လေ့ကျင့်ရေးတွင်လိုအပ်တဲ့ သားရဲလေ့ကျင့်သူတွေနှင့် သားရဲတွေကပူးပေါင်းလုပ်ဆောင်ကြရပြီး သားရဲကိုအမိန့်ပေးလေ့ကျင့်ရန်နှင့် အကျိုးသက်ရောက်မှုတွေကို တိုးမြှင့်ပေးရမည်။

တချို့လူတွေက သူတို့နှဖူးပေါ်မှာချွေးတစ်စက်တောင်မကျ, နည်းပြဖြတ်သွားသည့်အခါတွင် သူတို့သာလျှင်သူတို့သားရဲတွေကို

## စာစဉ် ၃

နှိုးဆွနေရသည်။ သူတို့သားရဲတွေက ကြက်သေသေနေကြပြီး, ဘာဖြစ်သွားလဲဆိုတာကို ဘာမှမသိလိုက်ကြပေ။

သူတို့မှာတုံ့ပြန်ဖို့ပင် အချိန်လုံလုံလောက်လောက်မရလိုက်ပေ၊

ဘာတွေဖြစ်ကုန်တာလဲ?

ငါ့ပိုင်ရှင်က ဘာတွေလုပ်နေတာလဲ?

ငါ့ကိုကစားဖို့ခွင့်မပြုထားဘူးမဟုတ်ဘူးလား?

အူး–ဝိုး! ရွှေရောင်ဟက်စကီးကောင်က သူ့သွားတွေကိုဒေါသနှင့်ကြိတ်လိုက်သည်၊ ၎င်းကသူ့ရှေ့ကလူကို ေးကြည့်နေသည်၊ ငါ့ကိုဘယ်လိုပြောရဲတာလဲ!

အချိန်တိုင်း၎င်းက ဒီလူရဲ့အမိန့်ကိုမနာခံသည့်အခါ ထိုသူကထိုဆိုးရွားတဲ့ ဝံပုလွေ တွေကို အနိုင်ကျင့်ခွင့်ပြုလိမ့်မည်။

ပျာယာခတ်နေကာ ဒေါသထွက်နေသလိုခံစားနေရပြီး, ရွှေရောင်ဟက်စကီးကောင်သည် ထပ်ပြီးမခံမရပ်နိုင်ဖြစ်လာတော့သည်။

ဘူး….!

“ချီးဘဲ, မင်းမိမစစ်ဖမစစ်ကောင်! ခဏငါ့ကိုမကိုက်နဲ့၊”

# စာစဉ် ၃

ကောင်းဖန်ရဲ့ဘေးမှဖြတ်သွားတော့ နည်းပြချန်း၏မျက်လုံးများအောက်ခြေကနေစပြီး သဘောကျခြင်းနှင့်အတူ အလင်းမှိန်မှိန်လေးဖြင့်မြင့်တက်လာသည်၊ လူအနည်းငယ် လောက်ကဒီလူငယ်ကြိုးစားသလိုလုပ်သင့်တယ်၊

ဘန်း!

နောက်ထပ် ဖင်မြီးပိုင်းနှင့်တိုက်ဖြတ်ခြင်း။

ထိုအချိန်တွင်၎င်းအသံက တစ်ခုခုပေါက်ကွဲသလိုဖြစ်နေပြီး ဖျောက်အိုးများ တစ်ဖြောက်ဖြောက်မြည်နေသလိုဖြစ်နေသည်။

တဲ့ဇီကချွန်ထက်တဲ့ခြေထောက်များကို လှည့်လိုက်ပြီးလျင်မြန်တဲ့အမြန်နှုန်းနဲ့ ဖြတ်လိုက်သည်၊ လွှဲရိုက်လိုက်ခြင်းသည် အလောတကြီးနှင့်အလျင်အမြန်ဖြစ်လာပြီး ကြီးမားသည့်သစ်သားပုံကြီးကို ဖျက်စီးလိုက်သည်။ အကယ်၍ကျိုးပဲ့ခြင်းများကို ကြည့်လျှင် ၎င်းတွင်မညီညာသောချွန်ထက်နေသည့် အစွန်းများဖြစ်နေသည်၊ လွှဲရိုက် နေစဉ်အတွင်းတွင်

# စာစဉ် ၃

တာ့ဇီ၏ခြေချောင်းများသည်လျှပ်စီးများလှည့်ပတ်နေသည့်လွှသွား လိုဖြစ်နေသည်။

တာ့ဇီရဲ့ချွန်ထက်သည့်ခြေချောင်းများကိုသူတွေ့သောအခါ ကောင်းဖန်ကအကြံတစ်ခုထွက်လာသည်၊ ထိုခြေချောင်းများက ချွန်ထက်သည့်လွှ၏အစွန်းကဲ့သို့ဖြစ်နေသည်။

“ဆက်လုပ်!”

လေ့ကျင့်ရေးကွင်းတွင်ကောင်းဖန်သည် တာ့ဇီကိုအလေးအနက်ထားသည်။

တာ့ဇီကသူ့ရဲ့ခေါင်းကိုမြှင့်လိုက်ပြီး သူ့ရဲ့သခင်ကိုကြည့်ပြီးနောက်သူ့ရဲ့ကြိုးစားအား ထုတ်ကာလေ့ကျင့်ရသည့်ဘက်သို့ ပြန်လှည့်သွားသည်။ကောင်းဖန်ကဘေးဘက်တွင်တောင် ထိုင်ကာကြည့်မနေဘဲ တာ့ဇီနှင့်အတူလေ့ကျင့်သည်။

ဥပမာအားဖြင့်တာ့ဇီပြေးနေချိန်တွင် ကောင်းဖန်ကသူနဲ့အတူလိုက်ပြေးကာ သင်ကြားမှုပေးသည်။

## စာစဉ် ၃

လေ့ကျင့်သူနှင့်သားရဲသည် ပျော်ရွှင်မှုနှင့်အတူဆင်းရဲဒုက္ခများကိုအတူတကွမျှဝေ ခံစား မှုသာလျှင် ကိုယ်ပိုင်သားရဲကပိုပြီးနာခံမှုရှိလာမည်ဖြစ်သည်။

နောက်ဆုံး, သုံးနာရီကြာပြီးနောက်, တဇ္ဇီ၏အသွင်အပြင်သည် သိပ်ပြီးပြောင်းလဲမှုမရှိသော်လည်း ကောင်းဖန်နောက်ဆုံးတော့သူ့ရဲ့အဆင့်သည် အဆင့်၁၀မှအဆင့်၁၁သို့ ပြောင်းလဲသွားသည် ကိုရှင်းရှင်းလင်းလင်းတွေ့လိုက်ရသည်။

***

စာစဉ် ၃

## *အပိုင်း ၄၃ စစ်ဆေးမှု*

မျက်စိတစ်မှတ်လေးအတွင်းမှာပဲ ရက်သတ္တပတ်အနည်းငယ်က လျင်လျင်မြန်မြန်ကုန်ဆုံးသွားခဲ့သည်။ ထိုအချိန်က လျင်မြန်စွာကုန်ဆုံးသွားပေမည့် တပြိုင်နက်တည်းမှာပဲ အဖြစ်အပျက်မျိုးစုံလဲဖြစ်ပျက်ခဲ့သည်။

ပြီးခဲ့သည့်ထိုအချိန်ပိုင်းအတွင်း ကောင်းဖန်ကသည်လဲ ဒိုင်းပြာကာကွယ်ရေးကုမ္ပဏီသို့ အခေါက်ပေါင်းများစွာ သွားခဲ့ရသည်။ အစိုးရတာဝန်မှ လျှို့စန်းလင်ပြန်လာကတည်းက ထိုလူက ပိုလို့တိတ်ဆိတ်ကာ သုန်မှုန်လာခဲ့သည်။ ကောင်းဖန်လဲ ကုမ္ပဏီအခြေအနေက မှောင်မိုက်မှုများဖြင့်ပြည့်လာသည်ကို ခံစားမိသည်။

သို့ပေမည့် သူကအပြင်လူသာဖြစ်ပေသည်။ ပြီးတော့ တချို့ကိစ္စတွေက မမေးပဲထားတာက ပိုကောင်းပေသည်။

# စာစဉ် ၃

သို့သော်လည်း သူနှင့်လှျိုစန်းလင်တို့ သီးသန့်တွေ့ဆုံခဲ့ချိန်တွင်တော့ သူကြုံခဲ့ရသည့် ကံကောင်းသောနေ့မှ အဖြစ်အပျက်များအကြောင်း ကောင်းဖန်ကို ပြောပြခဲ့သည်။

သခင်အဆင့်တဲ့လား!

အစိုးရဘက်မှတာဝန်ကို လက်ခံလိုက်တာကြောင့်သာ လှျိုစန်းလင်အနေဖြင့် ဤကဲ့သို့ သခင်အဆင့်သားရဲကြီးနှင့် သခင်အဆင့်ရောက်လုနီးပါးသားရဲကြီးနှစ်ကောင်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ လှျိုစန်းလင်တစ်ဦးတည်းသာ သူ့ကံဘယ်လောက်တောင် ဆိုးလဲဆိုသည်ကို နားလည်နိုင်သည်။

ကောင်းဖန် နှစ်သိမ့်စကားဆိုချင်သော်လည်း ဘယ်ကစပြောလို့ပြောရမှန်းမသိပေ။ အဆုံးမှာတော့ သူ့ပါးစပ်ထဲ မုန့်တွေထိုးထည့်ပြီးကာ နှုတ်ဆိတ်နေလိုက်တော့သည်။

ထိုရက်သတ္တပတ်များအတွင်း ကောင်းဖန်၏ဂရုစိုက်မှုကြောင့် ဒိုင်းပြာလုံခြုံရေးကုမ္ပဏီမှပိုင်ဆိုင်သည့် တောင်ပံလေးခုမြစိမ်းရောင်နတ်ဆိုးရှိခိုးကောင် အရေအတွက်မှာ

# စာစဉ် ၃

နောက်ထပ်လေးကောင်တောင် တိုးများလာခဲ့သည်။ ဒါကပဲ လျှိုစန်းလင် တာဝန်အတွင်း ဆုံးရှုံးခဲ့မှုကို ပြန်လည်ဖြည့်စည်းနိုင်ခဲ့သည်။

လျှိုစန်းလင်က ကောင်းဖန်ကို သီးသန့်စာအိတ်နီထူထူတစ်ခုပေးဖို့ ကြိုးစားခဲ့ပေမည့် ကောင်းဖန်က ငြင်းဆန်ခဲ့သည်။ "ကြဲထားတာမရှိဘဲ မရိတ်သိမ်းနိုင်ဘူး။ ကျွန်တော်လုပ်ရမယ့်အလုပ်ကို လုပ်ခဲ့ရုံပါ။ ကျွန်တော့်ကို သီးသန့်စာအိတ်နီထပ်ပေးတာ သိပ်မကောင်းဘူး။"

လျှိုစန်းလင်တွင်လဲ ကောင်းဖန်ကို စာအိတ်နီပေးရသည့် အကြောင်းအရင်းရှိပေသည်။ သူက ကောင်းဖန်နှင့်ရည်ရှည်လက်တွဲလုပ်ကိုင်သွားဖို့ မျှော်လင့်မိခြင်းပင်။ အရင်က ကောင်းဖန်၏တောင်းဆိုမှုကြောင့် သူတို့ချုပ်ထားသည့်စာချုပ်မှာ တစ်နှစ်အထိသာ အကျုံးဝင်ပေသည်။

တကယ်တော့ ထိုအချိန်တုန်းက လျှိုစန်းလင်သည် ထိုသို့ချုပ်ဆိုခြင်းက သူ့အတွက်ကောင်းသည်ဟုထင်ကာ ကောင်းဖန်၏တောင်းဆိုချက်အတိုင်း လက်ခံခဲ့သည်။

ဒါပေမယ့် အခုများတော့ ကောင်းဖန်နှင့် ရည်ရှည်လက်တွဲနိုင်သည့်လမ်းခင်းရန် မကြိုးစားဘဲ မနေနိုင်တော့ပေ။

## စာစဉ် ၃

သူသာ ကောင်းဖန်နဲ့ကောင်းမွန်တဲ့ဆက်ဆံရေးမတည်ဆောက်ထားပါက တစ်နှစ်ကြာပြီးလို့ ကောင်းဖန် တကယ်ထွက်သွားရင် ဘယ်လိုလုပ်မလဲ?

သို့သော်လည်း သူမသိလိုက်သည်က ကောင်းဖန်သည် ဘယ်ကုမ္ပဏီနဲ့မှ ရည်ရှည်လက်တွဲလုပ်လိုခြင်းမရှိကြောင်းကိုပင်။ သူက သူ့အစီအစဉ်၏ပထမခြေလှမ်းအတွက် ငွေစုရန်လုပ်နေခြင်းသာဖြစ်သည်။

သာမာန်အဆင့်သားရဲအသေတစ်ကောင်သည် မဟာမိတ်ခရက်ဒစ်အနည်းငယ်လောက်သာရပေမည့် ထိပ်တန်းအဆင့်သားရဲအသေကောင်ဆိုလျှင် မဟာမိတ်ခရက်ဒစ်၁ဂခုမကအထိတောင် ရနိုင်သည်။ အကယ်၍များ ထိပ်တန်းအဆင့်သားရဲတစ်ကောင်ကို အရှင်ဖမ်းနိုင်ခဲ့ပါက မဟာမိတ်ခရက်ဒစ်၁ဂဂကျော်အထိတောင် ရနိုင်သည်။ အုပ်ချုပ်သူအဆင့်သားရဲတစ်ကောင်ဆိုလျှင်တော့ ထိုထက်ဈေးမြင့်မည်သာ။

ဒါကြောင့်ပဲ ကောင်းဖန်က တာ့ဇီနှင့်ဒမ်ဘီတို့ကို အုပ်ချုပ်သူအဆင့်အထိရောက်အောင် လေ့ကျင့်ပေးကာ တောထဲသို့ခေါ်သွားပြီး သားရဲများကို သတ်ဖို့ ဒါမှမဟုတ်လဲ

# စာစဉ် ၃

အရှင်ဖမ်းနိုင်ဖို့ ခေါ်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။ ထိုအချိန်တွင် သူလဲ သားရဲပျိုးထောင်သူအနေဖြင့် နာမည်တစ်ခုရနေသင့်တာကြောင့် ယန်ကျင်းမြို့သို့သွားကာ အဆင့်မြင့်သားရဲပျိုးထောင်သူလက်မှတ်ရဖို့လဲ စီစဉ်ထားသည်။ ပထမတစ်မျိုးကတော့ သူ့ရဲ့အဓိကအလုပ်အကိုင်ဖြစ်ကာ နောက်တစ်ခုကတော့ အထောက်အပံ့အနေဖြင့်ထားမည်ဖြစ်သည်။ ဒီလမ်းကြောင်းကတော့ ကောင်းဖန် သူ့အတွက်သူရေးဆွဲထားသည့် ဘဝလမ်းကြောင်းပင်။ ဒီလမ်းကြောင်းအတိုင်း ဆက်လျှောက်သွားသ၍ သူသေချာပေါက် သန်မာလာပေလိမ့်မည်။

ဒါတွေထက် မာကျန်းသည်လဲ ချန်အန်းပန်းဘုရင်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည်။ မာနကြီးတဲ့ကောင်လေးဖြစ်တာကြောင့် ဒုတိယရခြင်းက သူ့ရဲ့ကိုယ့်ကိုကိုယ်အလေးထားမှုကို ဆိုးရွားစွာထိခိုက်သွားတာကြောင့် တစ်ပတ်လုံး ဘယ်သူ့ကိုမှမတွေ့ဘဲ အိမ်တွင်းပုန်းနေတော့သည်။

နောက်တော့မှ ပန်းဘုရင်ပြိုင်ပွဲတွင် ထိပ်တန်းအဆင့် ဒက်ဖောဒယ်ပန်းမိစ္ဆာက အနိုင်ရသွားကြောင်း ကောင်းဖန်လဲ သိခဲ့ရသည်။

# စာစဉ် ၃

ဒါက တကယ်ကိုပဲ လုပ်နိုင်ခဲ့တာဘာမှမရှိခဲ့ဘူးပဲ။ မာကျန်း၏ဘီဂိုးနီးယား ဆမ်ပါဖလော့ရမ့်စ်အပင်သည် သာမာန်အဆင့်သာဖြစ်ပြီး ပထမရသွားသည့်သားရဲနှင့် အဆင့်ကြီးတစ်ဆင့်တောင် ကွာခြားနေသည်။

နောက်ဆုံးအနေဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း တာ့ဇီ၏အဆင့်မှာ အဆင့်၁၀အထိတိုးတက်လာခဲ့ကာ ဒမ်ဘီသည်လဲ အဆင့်၁၄ကို ချိုးဖောက်ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ဝမ်းနည်းစရာကတော့ ကောင်းဖန် သားရဲအမဲလိုအဖွဲ့အစည်းတွင်တင်ထားခဲ့သည့် အလုပ်တောင်းဆိုမှုကတော့ ဘယ်သူကမှ မဖြည့်စည်းပေးခဲ့ပေ။ အိမ်မှာကျန်ရှိနေသည့် ယင်ဓါတ်သစ်ကတိုးပင်တွေကလဲ မြန်မြန်ဆန်ဆန်ပဲ ကုန်သွားခဲ့ပေပြီ။

ဒမ်ဘီကတော့ သူ့နာမည်အတိုင်းပဲ နေ့တိုင်း ရေခဲသေတ္တာကိုသာ ကြောင်အအနှင့်ထိုင်ကြည့်နေတတ်သည်။

“ကျောင်းသားတွေ လူစုကြ! အခု ငါတို့တစ်ဦးခြင်းလေ့ကျင့်မှုပြီးဆုံးသွားပြီ။”ဟု နည်းပြကျန်းပိုင်ရန်က အော်လိုက်သည်။

## စာစဉ် ၃

လူတိုင်းလဲ ဒီနေ့ဖြစ်လာမည့်ကိစ္စကို သိထားပြီးကြပေပြီ။ တချို့ကတော့ စိတ်လှုပ်ရှားစွာ ရှေ့သို့ကျော်တက်လာကြပြီး တချို့ကတော့ စိုးရိမ်ပူပန်နေကာ တခြားလူများကတော့ သူတို့အခွင့်အလမ်းများအတွက် ယုံကြည်ချက်မရှိနေကြောင်း သိသာလှသည်။ သို့ပေမည့် နောက်ဆုံးအုပ်စုကတော့ ပျင်းစရာကောင်းလှသည့်လေ့ကျင့်ရေးက ပြီးဆုံးခါနီးပြီမှန်း သိလိုက်ရ၍ စိတ်အေးကာ သက်ပြင်းချနေကြသူများပင်။

ပထမဆုံးတော့နည်းပြကျန်းပိုင်ရန် ဘယ်သူမှမထင်မှတ်ထားသည့် တစ်စုံတစ်ခုကိုလုပ်ခဲ့သည်။ သူ့ရဲ့အိပ်ကတ်ထဲက စက္ကူအပိုင်းကိုထုတ်ယူလိုက်သည်။

“နာမည်စာရင်းတွေကို ပထမဆုံးကြေညာမယ်၊” ကျန်းပိုင်ရန်ကသူ့ခေါင်းကိုငုံ့လိုက်ပြီး ကျယ်လောင်စွာနဲ့ဖတ်လိုက်သည်, “လျိုခဲ့ရှို့,အရည်အချင်းမပြည့်မှီ!ရှဲ့ကျန်ရိ,အရည်အချင်းမပြည့်မှီ! ဟူလထန်,အရည်အချင်းမပြည့်မှီ!..”

# စာစဉ် ၃

ကျောင်းသားအနည်းငယ်က အံ့အားသင့်သွားကြကာ, အခြားသူများကလည်းနည်းပြကို ပြန်ခံမပြောကြဘဲ မေးခွန်းစမေးတာတို့ဖြစ်လာကြသည်။

ကျွန်းပိုင်ရန်ဤအရာကိုမျှော်လင့်ထားပုံရသည်၊ သူ့ခေါင်းကိုမမော့ဘဲ, သူကရိုးရိုးတန်းတန်းပြောလိုက်သည်, “ဒါက ကန့်ကွက်မှုအချို့ရှိနေလည်း စိတ်မရှည်မဖြစ်ကြနဲ့၊ ငါဒါကိုအကုန်ဖတ်ပြီးမှ အသံထွက်ကြ။”

သူကနာမည်စာရင်းအားလုံးကိုအကုန်ပြီးသွားအောင်အမြန်ဖတ်လိုက်သည်၊ အဖွဲ့၁၀အတွင်းတွင်ပင် အားလုံးပေါင်း၃၈ယောက်မှ ၆ယောက်သည်အရည်အချင်းမပြည့်မီသူများဖြစ်ပြီးရွေးချယ်ထားသည့်စစ်ဆေးမှုတွင် ပါဝင်ရန်အခွင့်အရေးမရှိတော့ပေ။

“မင်းတို့ထဲကတစ်ချို့တွေ ဒီဟာနဲ့ပတ်သတ်ပြီးမပျော်မရွှင်ဖြစ်လိမ့်မယ်ဆိုတာ ငါသိတယ်, ဒါပေမယ့် ငါတစ်ခုတော့ပြောချင်တယ်၊ ဒီအပတ်အနည်းငယ်အတွင်းမှာ မင်းတို့အားလုံးရဲ့ လုပ်ဆောင်မှုတစ်ခုချင်းစီတိုင်းကို

## စာစဉ် ၃

ငါ့ရှင်းရှင်းလင်းလင်းမြင်ပြီးပြီ၊ မင်းတို့ ကျောင်းပြေးတာမပြေးတာ မင်းတို့ကောင်းကောင်းသိမှာပါ။ ဘယ်ကျောင်းသားကိုမှ ငါမှားမှာမဟုတ်ဘူး၊”

“မင်းတို့အားလုံးထဲက တစ်ချို့က ငါတို့ဆုံးဖြတ်ချက်အပေါ်မှာ တစ်ခုခုပြောစရာရှိမယ် ဆိုတာငါသိတယ်၊ ဒါပေမယ့် မင်းတို့ကအကယ်၍ဒီရက်သတ္တပတ်အနည်းငယ်အတွင်း မင်းတို့ကကြိုးစားပြီး အခြေခံကျတဲ့လေ့ကျင့်မှုတွေတောင်မှာမှ မင်းတို့လစ်လပ်နေမယ်ဆိုရင် မင်းတို့ကို ဒီနောက်က လေ့ကျင့်ရေးတွေဆီ ဆက်ခေါ်သွားစရာ ဘာအကြောင်းမှမရှိဘူး၊ ရှဲ့ကျန်ရိ, မင်းဖုန်းနဲ့ကစားရတာပျော်လား?, ဟူလထန် မနက်ဖြန်ကစပြီး မင်းအခန်းထဲကိုပြန်သွားပြီးဆက်အိပ်လို့ရပြီ, လေ့ကျင့်ရေးမြေပြင်ကတစ်မွေးလောက် အိပ်ဖို့အတွက်သက်တောင့်သက်သာရှိတဲ့ နေရာမဟုတ်ဘူး၊” သူကထိုနာမည်နှစ်ခုကို ကျပန်းညွှန်းလိုက်ကာပြောလိုက်သည်၊

အကုန်လုံးက ရုတ်တရက်ဘာကိုမှမပြောတော့ချေ၊ သူတို့ခေါင်းထဲမှာ ဘာတွေတွေးနေတယ်ဆိုတာလည်း ဘယ်သူမှမသိနိုင်ဘူး၊

## စာစဉ် ၃

“ကျန်တဲ့လူတွေအကုန်လုံး မင်းတို့စစ်ဆေးမှုကိုစမယ်၊ ငါတို့အမြန်နှုန်းစစ်ဆေးမှုနဲ့ စတင်လိုက်ရအောင်..”

စမ်းသပ်မှုကနှစ်နာရီလောက်ကြာပေမယ့် ရလဒ်ထွက်ဖို့ကတော့ အချိန်သိပ်မယူလိုက်ရပါဘူး၊

ကိုယ်ပိုင်သားရဲတစ်ကောင်ချင်းစီရဲ့ရလဒ်တွေက အီလက်ထရောနစ်စက်ကရိယာကနေ မှတ်တမ်းတင်ထားပြီး ကွန်ပြူတာဆီသို့တိုက်ရိုက်ပေးပို့သည်။

ရမှတ်များသည် သားရဲများ၏ မျိုးစိတ်,စွမ်းရည်နှင့်အခြားသောအရေးကြီးသည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားသော ပုံသေနည်းတစ်ခုကိုအသုံးပြု၍တွက်ချက်သည်၊ နာရီဝက်အတွင်းမှာပင် ရလဒ်တွေကထွက်ပေါ်လာသည်။

“ခေါင်းဆောင်နည်းပြချန်း, ဒါကတော့နာမည်စာရင်းပါ၊ အာလုံးပေါင်းလူ၁၃၂၈ရဲ့တွေ့ရှိမှုလိုအပ်ချက်တွေပါ။”လက်အောက်ကအရာရှိထံမှ ချန်းယွမ်နာမည်စာရင်းကိုယူလိုက်သည်၊

“အမ်, ခဏလေး,” ချန်းယွမ်ကနာမည်စာရင်းကိုယူလိုက်ပြီး မကြည့်ဘဲ သူ့နောက်က ခုံတွင်ထားလိုက်သည်၊ သူ့ရှေ့တွင်

## စာစဉ် ၃

ငွေလရောင်အယ်လ်ဖာဝံပုလွေသည်
အံ့ဩစရာကောင်းစွာလေဆာရောင်ခြည်ကို
တဟုန်ထိုးဖြတ်ပြေးသွားသည်၊ ထိုအရာက

လျှင်မြန်သောငွေရောင်မြွေတစ်ကောင်ကအခန်းတစ်ခန်းကိုဖြတ်သွ
ားသလိုပင်။

နောက်ဆယ်မိနစ်အကြာတွင်, လေ့ကျင့်ရေးအဆုံးသတ်လိုက်သည်၊ ငွေလရောင် အယ်လ်ဖာဝံပုလွေသည် အခန်းထဲကနေလှမ်းထွက်လိုက်ပြီး, သူ့၏ငွေရောင်အမွေး တွေကိုခါလိုက်ကာ, ဘေးဖက်တွင်ရှိနေသောမြေညီထပ်တွင်ပေါ့ပေါ့ပါးပါးလှဲချလိုက် သည်။

ထိုသို့ပြုလုပ်ပြီးကာမှ, ချန်းယွမ်ကလှည့်ကာစကားပြန်လိုက်သည်၊ “ဒါဆို ၁၃၂၀ဖြစ်သွားပြီပေါ့၊ အပိုတစ်ရာ့နဲ့နှစ်ဆယ်ကကောင်းကောင်းကျော်ဖြတ်နိုင်ကြတယ်၊ သူတို့မှာစွမ်းရည်တွေရှိတယ်, ငါတို့အလဟသမဖြစ်စေသင့်ဘူး၊ ငါလေ့ကျင့်ရေးကွင်းကို တိုးချဲ့ဖို့အတွက် ဌာနချုပ်ကိုပြောလိုက်မယ်၊ကျန်တဲ့လူတွေကိုအကြောင်းကြားလိုက်ဦး။”

## စာစဉ် ၃

“ဟုတ်ကဲ့,ဆရာ”
လက်အောက်အရာရှိကအလျင်အမြန်သူ့ခေါင်းကိုခေါင်းငုံကာ ပြန်ဖြေလိုက်သည်။ အမြဲတမ်း, ခေါင်းဆောင်နည်းပြချန်းက အပြင်ပန်းမှာသာအေးစက်စက်ရှိပေမယ့် သူ့အတွင်းစိတ်ကတော့နွေးထွေးသည်။

နောက်ဆုံးမျှော်မှန်းထားသည်က အောင်မြင်သည့် လူအရေအတွက်အားလုံးပေါင်းက ၁၃၂၀ဖြစ်ပြီး အားလုံးပေါင်း၏လူ၁၂၀သည် မူလမျှော်မှန်းထားသည်ထက်များခဲ့သည်။

“အခုမင်းတို့က အောင်သွားပြီ, မြန်မြန်နဲ့မင်းတို့သားရဲအတွက်လိုချင်တဲ့နေရာကို စာရင်းသွင်းလိုက်တော့။ ခုကစပြီး လေ့ကျင့်ရေးကမင်းတို့လုပ်ခဲ့လိုမျိုးပျော်စရာ ကောင်းတဲ့ဂိမ်းမျိုးမဟုတ်တော့ဘူး၊ မင်းတို့သားရဲတွေအတွက်နေရာအမျိုးအစား ရွေးပြီးတဲ့အချိန် မှာ မင်းတို့ရဲ့ကိုယ်ပိုင်သားရဲကအဲ့ဒီအခန်းကဏ္ဍမှာပါဝင်နိုင်လား ,မနိုင်ဘူးလားဆိုတာကို သေချာထည့်သွင်းစဉ်းစားဖို့ သတိရကြပါ၊ မဟုတ်ရင်မင်းတို့ရဲ့ နောက်ပိုင်းလေ့ကျင့်

## စာစဉ် ၃

မှုကတစ်ဝက်လောက်ဘဲကျွမ်းကျင်မှုရှိလိမ့်မယ်၊” ကျန်းပိုင်ရန်က သတိပေးသည်။

“တိုက်ခိုက်ခြင်းအမျိုးအစား” ဒါကတော့ဇီအတွက်ကောင်းဖန်ရွေးထားသောနေရာ အမျိုးအစားဖြစ်သည်၊ ဒီရွေးချယ်မှုမှာ တုံ့ဆိုင်းနေတာဘာမှမရှိခဲ့ဘူး၊ တိုက်စစ်က ကျိန်းသေတာ့ဇီရဲ့ သန်မာမှုကိုပြသနိုင်သည်။

အဆုံးမှာတော့,တိုက်ခိုက်မှုအမျိုးအစားကိုရွေးသောသူများမှာအများဆုံးဖြစ်ခဲ့ပြီး အားလုံးပေါင်း လူ၇၀၀ကျော်ရှိသည်၊ ကျန်ရှိသည့်အနက်၅၀၀ကျော်သည် ခုခံကာကွယ်ခြင်းအမျိုးအစားကိုရွေးချယ်ခဲ့ကြသည်၊တချို့ ပံ့ပိုးသူအမျိုးအစား, ကုစားသူအမျိုးအစားနှင့်ကြီးကြပ်သူအမျိုးအစားကိုရွေးချယ်သူသည် ၁၀၀အောက် နည်းသည်။

***

# စာစဉ် ၃

## *အပိုင်း ၄၄ လှောင်အိမ်ထဲမှာလေ့ကျင့်မယ်*

"ကောင်းပြီ၊ မင်းတို့ဆုံးဖြတ်လို့ပြီးရင် မင်းတို့ရဲ့သားရဲတွေအတွက် တာဝန်ယူမှုရှိဖို့လဲ လိုတယ်။ မင်းတို့ရဲ့ရွေးချယ်မှုတွေမြဲဖို့ ငါမျှော်လင့်တယ်။"

လေ့ကျင့်ရေးပထမနေ့တွင် စစ်နည်းပြတစ်ဦးက သူ့အတွေ့အကြုံများအကြောင်း ပြောပြဖို့ ရောက်လာသည်။

နည်းပြသည် အစိမ်းရင့်ရောင် စစ်ယူနီဖောင်းနှင့် ငယ်ရွယ်ကာ အားမာန်ရှိပုံရပြီး အိတ်တစ်အိတ်ကိုကိုင်၍ လျှောက်လာသည့် သူ့ခြေလှမ်းများမှာ မြန်ဆန်လှသည်။

သူက အိတ်ကို စားပွဲပေါ်သို့တင်လိုက်ပြီးနောက် သစ်သားပန်းပုများစွာကို ထုတ်ယူလိုက်သည်။

"ဒီနေ့၊ ငါ စွမ်းအားတွေကို ဘယ်လိုကြီးမားအောင်လုပ်ရမလဲဆိုတာကို သရုပ်ပြမယ်။" နည်းပြက လိုတိုရှင်းသာပြောလိုက်သည်။

# စာစဉ် ၃

"ကိုယ်ပိုင်သားရဲအမျိုးမျိုးမှာ သူတို့ရဲ့မတူညီတဲ့တိုက်ခိုက်နည်းတွေ ရှိတယ်ဆိုပေမယ့် ယေဘုယျအားဖြင့်တော့ ဆင်တူကြတယ်။ ဥပမာအားဖြင့်ပြောရရင် သူတို့အများစုက သူတို့ရဲ့သွား၊ အမြီး၊ ခြေထောက်တွေနဲ့ ဦးချိုတွေကို သုံးပြီးတိုက်ခိုက်လေ့ရှိကြတယ်။"

နည်းပြစရာက ပြောနေသလိုပဲ ချက်ချင်းပင် သူ့ညာဘက်လက်ကို ဆန့်ထုတ်ကာ ခါးသဏ္ဍာန်လေးချောင်းပူးကပ်လိုက်သည်။

ဖက်!

သူ့လက်က သစ်သားပန်းပုရုပ်တစ်ခုကို ခွဲပစ်လိုက်သည်။

ကျောင်းသားများမှာတော့ ထိတ်လန့်သွားကြသည်: ဆရာက ဘာလို့ ကြိုတောင်အသိမပေးဘဲ သရုပ်ပြလိုက်ရတာလဲ?

နည်းပြက အေးဆေးတည်ငြိမ်စွာပင် သူ့လက်ကို ပြန်ရုတ်လိုက်ကာ လပ်တော့ထဲမှ ပါဝါပွိုင့်တစ်ခုကို ဖွင့်လိုက်သည်။ "ဒါကတော့ နမူနာပဲ။ ငါ အချိန်ကိုက် ညာဘက်ခြမ်းကနေ တိုက်ခိုက်လိုက်၊ ဒါကြောင့်ပဲ ငါ့လက်နဲ့ သစ်သားပန်းပုရုပ်တစ်ခုကို ခွဲလိုက်နိုင်တာပဲ။"

## စာစဉ် ၃

"ဆရာ၊ ဒီသစ်သားပန်းပုအာရုံလွဲနေတဲ့အချိန်မှာ ဆရာက ခွဲပစ်လိုက်တာလား?" ထန်ချန်ကျင်းက မသိစိတ်အလျောက်ထုတ်မေးလိုက်သည်။

ကျောင်းသားများလဲ တိတ်ဆိတ်ကာ အဖြေကို စောင့်နေခဲ့ကြသည်။ နည်းပြ၏ နက်မှောင်သည့်မျက်ခုံးများ မြင့်တက်သွားကာ၊ "ဟုတ်တယ်၊ သူသတိလွတ်နေတဲ့အချိန် ငါရိုက်လိုက်တာ။ စစ်ပွဲမှာ အားလုံးကတရားတယ်၊ မင်းတို့ရဲ့ကိုယ်ပိုင်သားရဲတွေကိုလဲ ရန်သူကို တိတ်တဆိတ်တိုက်ခိုက်ခွင့်ပြုရမယ်။"

ထို့နောက် နည်းပြက ဆက်လက်သရုပ်ပြခဲ့သည်။ သူတစ်ခုခုလုပ်လိုက်တိုင်း သစ်သားပန်းပုများမှာ လက်ဗလာနှင့် အုတ်ခဲကိုချိုးသကဲ့သို့ အလွယ်တကူ ကျိုးပဲ့သွားကြသည်။

ပါဝါပွိုင့်တွင် အချက်အလက်များစွာပါဝင်နေကာ အများစုကတော့ တိုက်ပွဲဆိုင်ရာအသိပညာများပင်ဖြစ်သည်။ ထိုထဲတွင် တိုက်ခိုက်ရာတွင် လုပ်သင့်မလုပ်သင့်သည့်အချက်များ၊ ရန်သူ၏တိုက်ခိုက်မှုကို ဘယ်လိုကာကွယ်ရမလဲဆိုတာအပါအဝင်

## စာစဉ် ၃

ကိုယ့်သားရဲ၏တိုက်ခိုက်နိုင်စွမ်းကို တိုးပွားအောင် လုပ်နည်းများပါဝင်သည်။

တစ်ခုတည်းသောပြဿနာကတော့ သူက တစ်ချိန်တည်းနှင့် အသိပညာများစွာကို ပြောပြခဲ့တာကြောင့် ကျောင်းသားများအနေဖြင့် ထိုအရာများသည် မှန်ကန်ကြောင်း ကိုယ်တိုင်သိနားလည်ဖို့ အချိန်တစ်ခုလိုအပ်နေခြင်းပင်။

ကောင်းဖန်ကတော့ သင်ခန်းစာတစ်လျှောက်လုံး စိတ်ပါဝင်စားစွာဖြင့် ထိုင်နေခဲ့သည်။ ဖတ်စာအုပ်ထဲတွင် မပါဝင်သည့် သူတစ်ခါမှမတွေ့ဖူးသည့် အချက်များစွာ ပါဝင်နေကာ သူလက်ရှိကြုံတွေ့နေရသည့် ပြဿနာအချို့ကိုလဲ နားလည်သွားခဲ့သည်။ ဒီသင်ခန်းစာက သူ့အတွက် အသိဉာဏ်အသစ်များပေးလာခဲ့သည်။

အတန်းချိန်ပြီးသွားချိန်တွင် မုထျယ်ယင်းက ကြာစေ့လေးနှင့်အတူ ရောက်လာခဲ့သည်။

ကြာစေ့လေးသည် မုထျယ်ယင်းနောက်မှ နီးကပ်စွာပါလာခဲ့ပြီး သူ့ခေါင်းကတော့ ဘေးဘယ်ညာ လည်ထွက်နေပေမည့် အရင်လောက်

# စာစဉ် ၃

ရှက်ရွံ့ပုံမရတော့ပေ။ အနည်းဆုံးတော့ သူလူတွေကို ခေါင်းမတ်ကာကြည့်နိုင်နေပြီ။

"ဟော့၊ ဒါနင့်အတွက်။" မုထျယ်ယင်းက မှတ်စုထူထူတစ်အုပ်ကို ကောင်းဖန်ဆီသို့ ကမ်းပေးလိုက်သည်။ သူလဲ ထိုစာအုပ်ကို အပြာရောင်အဖုံးနှင့်စာအုပ်ဖြင့် လဲလှယ်လိုက်သည်။

ကောင်းဖန် မှတ်စုစာအုပ်ကို ဖွင့်လိုက်ကာ မှတ်ထားသည့် အဓိကအချက်များကို အကြမ်းဖျင်းကြည့်လိုက်သည်။

ခုခံကာကွယ်သူအမျိုးအစားသားရဲများအတွက် မင်းရဲ့သားရဲဟာ ကမ္ဘာပေါ်မှ အသန်မာဆုံးခုခံကာကွယ်သူတစ်ဦးမဟုတ်ခဲ့လျှင် သံခါတ်ကတော့ ရုပ်ပိုင်းဆိုင်ရာခုခံကာကွယ်နိုင်စွမ်းထက် အမြဲပိုလို့ အရေးကြီး....

မှတ်စုများထဲတွင် ဘယ်လိုခုခံကာကွယ်ရမလဲဆိုသည်ကို ခုခံကာကွယ်ရေးသားရဲများ၏အားသာချက်များဖြင့် ဥပမာအချို့ပေးကာ ရှင်းပြထားသည်။

ကောင်းဖန် ဖတ်ကြည့်ပြီးနောက် ကျေနပ်သွားကာ မုထျယ်ယင်းကို ကျေးဇူးတင်စကားဆိုလိုက်သည်။ "ကျေးဇူးပါပဲ။"

# စာစဉ် ၃

"မလိုပါဘူး။ အချင်းချင်း ကူညီရမှာပေါ့။" မုထျယ်ယင်းလဲ သူမလက်ထဲမှ အပြာရောင်အဖုံးဖြင့်စာအုပ်ကို ဇွေ့ယမ်းပြလိုက်သည်။

နေ့လည်ပိုင်းတွင်တော့ လက်တွေ့လေ့ကျင့်ရေးအချိန်ဖြစ်ကာ သားရဲများစွာကိုတင်ဆောင်လာသည့် ထရပ်ကားကြီးကိုကြည့်ပြီး ကောင်းဖန် စိတ်ထဲက သက်ပြင်းချလိုက်သည်။ ဒါတော်တော်ကုန်မှာပဲ။

ဒီလောက်များတဲ့သားရဲတွေကို စောင့်ရှောက်ဖို့ ငွေဘယ်လောက်တောင်ကုန်ပြီး ဘယ်လောင်တောင် အားစိုက်ထုတ်ရမလဲဆိုသည်ကို သူမသိပေ။

သားရဲများကို အောက်ချပြီးနောက် အထူးပြုလုပ်ထားသည့် သံမဏိဝါယာကြိုးလှောင်အိမ်များထဲတွင် သော့ခတ်ထားလိုက်သည်။ သံမဏိဝါယာကြိုးလှောင်အိမ်သည် ပျမ်းမျှအားဖြင့် မီတာ၅၀ကျယ်ကာ မီတာ၅၀ရှည်ပြီး မီတာ၅၀မြင့်ပေသည်။

လေ့ကျင့်ရေးကွင်းထဲတွင် ထိုသို့သောလှောင်အိမ်ပေါင်း ၂၀၀ ဝန်းကျင်ရှိကာ လှောင်အိမ်တိုင်းတွင် သားရဲတစ်ကောင်စီပါရှိသည်။ ထိုသားရဲများသည် မယဉ်ပါးသေးဘဲ လှောင်အိမ်များအတွင်း စိုးရိမ်တကြီးနှင့် ဆက်တိုက်လျှောက်သွားနေကာ တစ်ခါတစ်ရံ

# စာစဉ် ၃

အသံတိုးတိုးဖြင့် ဟိန်းဟောက်နေပြီး လှောင်အိမ်အပြင်ဘက်မှ သက်ရှိများကို ကြည့်နေသည်။

“ဒီသားရဲတွေက ငါတို့ကိုယ်ပိုင်သားရဲတွေနဲ့ တိုက်ရမှာလား?” ကောင်းဖန်အနားလေးမှာရပ်နေတဲ့ ပိန်ပါးပြီး အရပ်ရှည်တဲ့ကောင်လေးတစ်ယောက်က စိတ်လှုပ်ရှားနေပြီး တိုက်ခိုက်ဖို့အတွက်စိတ်အားထက်သန်နေသည်၊ သူကယုံကြည်ချက်ရှိရှိနဲ့ သူ့ရဲ့အမြီးသုံးချောင်းနဲ့ခွေးကိုကြည့်လိုက်တယ်၊ “ငါရဲ့ခွေးလေးကအသန်မာဆုံးဘဲ, သူကယုံချင်စရာ မကောင်းလောက်အောင်ကို ဒီကသားရဲတွေကိုရိုက်ပစ်နိုင်တယ်၊”

“မင်းရဲ့သားရဲက ခြိမ်းဘဲခြိမ်းခြောက်နေနိုင်တာ, တစ်ကြိမ်လောက်တိုက်ပွဲထဲကိုဝင်ကြည့်ပါ့လား, အဲ့ကောင်ကတုန်လှုပ်နေပြီးကြောက်နေလိမ့်မယ်၊ ငါ့ရဲ့အဝါရောင်အမြီးနဲ့ ကင်းမြီးကောက်ဘုရင်ကမှ တကယ့်တိုက်ခိုက်သူအစစ်။” လူငယ်တစ်ယောက်က တော့သူ့သားရဲအတွက် အရမ်းကို ဂုဏ်မြောက်နေသည်။ သူက နူးညံ့စွာနဲ့ ခြေချောင်းသုံးချောင်းခန္ဓာကိုယ်နှင့် ခြောက်လက်မခွဲရှိသောအမြီးနဲ့ ကင်းမြီးကောက်ရဲ့အဝါရောင်အခွံကိုပုတ်လိုက်သည်။

## စာစဉ် ၃

“အဓိပ္ပါယ်မရှိလိုက်တာ၊ ဒါကသာမန်အဝါရောင်အမြီးနဲ့ကင်းမြီးကောက်ဘဲ၊ မင်းက ကိုယ်တိုင်ဘုရင်ဆိုတဲ့ခေါင်းစဉ်တောင် ထည့်လိုက်သေးတယ်, ဟုတ်တယ်မလား?” ခုနကလူက ငြင်းပယ်လိုက်သည်။

“ငါကိုယ်တိုင်ခေါင်းစဉ်မတပ်ပါဘူးနော်! မင်းကဘယ်လိုလုပ်ပြီးသားရဲရဲ့ဆင့်ကဲဖြစ်စဉ်ကို ဟောကိန်းထုတ်နိုင်ရတာလဲ? ငါ့ကင်းမြီးကောက်က သေချာပေါက်ကိုအဝါရောင် အမြီးနဲ့ကင်းမြီးကောက်ဘုရင်ဖြစ်လာမှာ!”

ခြေလက်များကိုချည်နှောင်ထားပြီး နှုတ်သီးစွတ်ထားသောသားရဲများက ထရပ်ကားများပေါ်မှ ရွှေ့လျားလာကြသောအခါ ကျောင်းသားတွေကစိတ်လှုပ်ရှားစွာနှင့် စကားတွေပြောကြတော့သည်၊ လေ့ကျင့်ရေးကွင်းကပျားပန်းခတ်ကာ လှုပ်ရှားသွား လာနေကြသည်။

## စာစဉ် ၃

"အဖွဲ့တစ်ခုမှာ လူငါးယောက်၊ မင်းတို့ရဲ့အစမ်းလေ့ကျင့်မှုက မကြာခင်စတော့မှာနော်" ထိုအချိန်မှာဘဲ နည်းပြရဲ့အသံကထွက်လာသည်။

ပြန်ပြီးအုပ်စုတွေဖွဲ့ပြီးတဲ့နောက်, ကောင်းဖန်ရဲ့အုပ်စုနည်းပြက ကျန့်ရန်ပိုင်ဖြစ်သည်၊ သူကအခြားသောလှောင်အိမ်များကိုလည်း စောင့်ရှောက်နေသည်။

" ကူညီမဲ့သူတစ်ယောက်လာက်?" ကျန့်ရန်ပိုင်ကမေးလိုက်သည်။

ပြိုင်ပွဲချိန်ကတကယ်ရောက်လာတဲ့အခါ ကျောင်းသားတွေက ရုတ်တရက်အသံတိတ်သွားတော့သည်၊ ဘယ်သူမှသူတို့ကိုယ်ပိုင်သားရဲကို အရင်လိုမချီးမွမ်းကြတော့ဘူး။

"မင်းတို့တွေ တက်တက်ကြွကြွနဲ့ ပါဝင်နိုင်မယ်လို့မျှော်လင့်ပါတယ်၊ အဲ့ဒီနောက်, ပထမဆုံးတိုက်ပွဲက အကောင်းဆုံးလေ့ကျင့်မှုတစ်ခုကို သယ်ဆောင်လာတယ်၊ ပြိုင်ပွဲပေါင်းများစွာပြီးတဲ့အခါ လှောင်အိမ်ထဲမှာရှိတဲ့သားရဲတွေက ခုလိုမျိုး ကောင်းမွန်တဲ့ အခြေအနေမှာမရှိနိုင်တော့ဘူး,

## စာစဉ် ၃

ပြီးတော့သက်ရောက်မှုကိုလည်းကြီးကြီးမားမား လျှော့ချလိမ့်မယ်၊ မင်းတို့အားလုံးအခွင့်အရေးကိုအမိအရဖမ်းနိုင်ဖို့မျှော်လင့်ပါတယ်၊”

ဒါကအဓိပ္ပါယ်ရှိတယ်၊ ဒါပေမယ့် ချွန်ထက်နေတဲ့စတီးဆူးတွေနဲ့တောဝက်တွေကို ကြည့်လိုက်တော့ ခြောက်ပေခွဲလောက်ရှည်ပြီး ၁၀ပေလောက်မြင့်တယ်, ဘယ်နဲ့ညာ တစ်ဖက်စီကကြီးမားတဲ့ တင့်ကားကြီးလိုဘဲ, ဘယ်သူမှသူတို့သားရဲသေဖို့အတွက် မလွှတ်ရဲကြဘူး။

ချွန်ထက်စတီးဆူးတောဝက်က ရှုးနှမ်းစွာနဲ့လှောင်အိမ်ကို တိုက်ဖျက်နေကာ ကျယ်လောင်သည့် ဆူညံသံကိုပြုလုပ်နေသည်။

၎င်း၏နီရဲနေသောမျက်လုံးများက ရက်စက်မှုတွေနဲ့ပြည့်နေပြီး ပြင်းပြင်းထန်ထန် လေများကိုမှုတ်ထုတ်နေသည်။

သူကဘယ်တော့မှမငြိမ်းငွေ့သလိုမျိုး လှောင်အိမ်ကို ဆက်ဖျက်နေသည်၊ အနက်ရောင် ကျောရိုးတွေကဆူးချွန်တွေလိုထွက်နေပြီး သံချွန်အပ်ကြီးများနှင့်တောင်တူသည်။

# စာစဉ် ၃

“ဆရာ, ကျွန်တော့်ကိုသားရဲပြောင်းပေးလို့ရလား?” ကျောင်းသားကတုံ့ဆိုင်းစွာနှင့် သူ့နောက်မှာရှိတဲ့တခြားလှောင်အိမ်ကို ညွှန်ပြကာမေးလိုက်သည်။ ထိုလှောင်အိမ် ထဲတွင် သွေးနီခွေးရိုင်းကရပ်နေပြီး, သူ့ရဲ့အသားကသေချာစူးစိုက်ကြည့်လျှင် ၎င်း၏ အမွှေးမရှိဘဲသန်မာသောကြွက်သားများကို လေထဲတွင်မြင်သာအောင်ပြထားသည်။

၎င်းကတိရိစ္ဆာန်ရုံကနေလွှတ်လာတာ ဖြစ်နိုင်သည်။

ထိုအကောင်ကလည်းကြောက်ဖို့ကောင်းပြီး သူ့အရွယ်အစားက သိပ်တော့မကြီး, ခြောက်ပေခွဲလောက်သာရှည်ပြီး သုံးပေလောက်သာမြင့်သည်၊ သားရဲအများကြီးနှင့် ယှဉ်ကြည့်လျှင် ခြိမ်းခြောက်ခြင်းမှအပသိပ်ပြီးအကျိုးဝင်ပုံမပေါ်ပေ။

[မကောင်းဆိုးဝါးအမည်]–စတီးချွန်တောဝက်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၈

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်

[မကောင်းဆိုးဝါးအခြေအနေ]–မပြင်းထန်သောဒဏ်ရာရ( ခြိမ်းခြောက်နေ)

# စာစဉ် ၃

...

[မကောင်းဆိုးဝါးအမည်]-မွှေးပြောင်သွေးနီခွေးရိုင်း

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၁၈

[မကောင်းဆိုးဝါးအဆင့်အတန်း]-အထူးအဆင့်

[မကောင်းဆိုးဝါးအခြေအနေ]-
အတော်အသင့်ဒဏ်ရာရ(နိုးနိုးကြားကြားရှိနေ)

မမျှော်လင့်စွာဘဲ ထိုရုပ်ဆိုးတဲ့ခွေးရိုင်းက
အထူးအဆင့်သားရဲဖြစ်နေသည်။

ဖြည့်စွက်ချက်အရ
၎င်းကဒဏ်ရာရနေပြီးရက်စက်ကြမ်းကြုတ်သည့်သားရဲဖြစ်သည်။

စတီးချွန်တောဝက်နဲ့မတူဘဲ မွှေးပြောင်သွေးနီခွေးရိုင်းက
လှောင်အိမ်ရဲ့အလယ်မှာ တိတ်ဆိတ်စွာလှဲနေပြီး
သူ့ရဲ့ဒဏ်ရာကိုလျှာဖြင့်ယက်နေသည်။

***

# ကောင်းဖန်

## စာစဉ် ၃

# စာစဉ် ၃

## *အပိုင်း ၄၅ မရဘူး၊ မင်းမလုပ်ရဘူး*

မွေးပြောင်သွေးနီခွေးရိုင်းက ငြိမ်သက်စွာနဲ့မြေပြင်ပေါ်တွင်လှဲနေသည်၊ ၎င်း၏ ဘယ်ဘက်ခြေထောက်ထောင့်တွင် ကြီးမားသော ထိုးဖောက်ခံထားရသည့် ဒဏ်ရာရှိသည်။ ဒါက အရိုးထိမြင်နိုင်အောင်ပင်အတော်နက်သည်။

ထိုဆိုးရွားတဲ့ခြေထောက်အနာနဲ့ကြောင့် တချို့ကတော့ မွေးပြောင်သွေးနီခွေးရိုင်းသည် နူးညံ့သောတရုတ်တည်သီးနှင့်တောင်တူသည်ဟု ရိုးရိုးတန်းတန်းသာမြင်ကြသည်။ တစ်ယောက်ကတော့ ထိုနူးညံ့သောတည်သီးလေးကိုရွေးလိုက်သည်၊

ဒါပေမယ့်ကောင်းဖန်ကတော့ခြားနားစွာမြင်သည်။ ပြောကြသည့်စကားများအတိုင်း ဟောင်သောခွေးသည်မကိုက်တတ်။

ထိုသွေးနီခွေးရိုင်းသည် ပြင်းထန်သည့်ဒဏ်ရာရနေသော်လည်း ၎င်းကဘာသံမှပင် မပြုလုပ်ပေ၊ အတွင်းပိုင်းတွင်

## စာစဉ် ၃

မည်မျှပင်ရက်စက်ပြီးကြမ်းတမ်းသည့်အကြောင်း ဘယ်သူမှမပြောနိုင်ပေ။ ထို့အပြင် ၎င်းက ထင်ရှားခြင်းအဆင့်လည်းဖြစ်သည်။ အကယ်၍ ၎င်းကသူ့ရဲ့ သက်ရှိလမ်းကြောင်းပေါ်တွင် တိုက်ခိုက်ပါက စတီးချွန်တောဝက်ထက်ပင်အားမနည်းနိုင်ပေ။

ပိုပြီးအရေးကြီးတာက, မွေးပြောင်သွေးနီခွေးရိုင်းသည် အဆိပ်ခုခံနိုင်ခြင်းအဆင့်တစ်ခုလောက်အထိပိုင်ဆိုင်သည်။

“ဒါဆိုကျွန်တော်အရင်ဆုံးပထမဆုံးစိန်ခေါ်မှုလုပ်ပါမယ်၊” ကောင်းဖန်ရှေ့ကိုလျှောက်သွားလိုက်ပြီးပြောလိုက်သည်၊ သူကတကယ်တော့ နည်းပြဆရာက သူတို့ကို ထိုမွေးပြောင်သွေးနီခွေးရိုင်းနှင့်စိန်ခေါ်မှု လက်ခံလိုက်မည်ကိုကြောက်မိသည်၊

စတီးလှောင်အိမ်သည်ဂျိုင်းခနဲအသံနှင့်အတူပွင့်သွားသည်၊ စတီးချွန်တောဝက်က အမွေးတွေထောင်နေပြီး ထပ်ကာထပ်ကာစတီးဝိုင်ယာများကိုတိုက်နေမှုမှ ရုတ်တရက်ရပ်သွားတော့သည်၊ သူ့ရဲ့အသက်ရှုနှုန်းကကြမ်းလာပြီး သူ့ရဲ့သေးငယ်တဲ့သွေးနီရောင်မျက်လုံးတွေက

# စာစဉ် ၃

ပွင့်သွားတဲ့လှောင်အိမ်တံခါးကို စိုက်ကြည့်နေပြီးတာ့ဇီကတော့ လှောင်အိမ်ထဲသို့ ဝင်သွားတော့သည်။

အမွှေးထောင်နေသောစတီးတောဝက်က လူတွေဖမ်းဆီးရမိကတည်းက ထိတ်လန့်တုန်လှုပ် ဖွယ်အခြေအနေတွင်ရှိနေပြီးဖြစ်သည်။ အခုတွင် သူတို့ကဒီလိုသေးငယ်တဲ့ လှောင်အိမ်ထဲတွင် သေစေနိုင်လောက်တဲ့သားရဲနဲ့တောင်မှ မိတ်ဆက်ပေးလိုက်သေးသည်။ ဒါကသူ့ရဲ့အာရုံအလုံးစုံကို နိုးနိုးကြားကြားဖြစ်သွားစေပြီး နောက်ဆုံးမှာတော့ ကြမ်းတမ်းသည့်အခြေအနေကို အစပျိုးပေးလိုက်ပြီဖြစ်သည်၊

“ဟွန်း..အော်ဟစ်သံ!” ၎င်းကကျယ်လောင်ပြီးနက်ရှိုင်းသည့်အသံကို သူ၏လည်ချောင်းမှ ထုတ်လွှတ်လိုက်သည်၊ ၎င်း၏ခြေလေးချောင်းကမြေပြင်ကို နင်းထားပြီး သူ့ရဲ့ အားအင်အပြည့်နှင့်တာ့ဇီဆီကို ရူးနှမ်းစွာနှင့်အပြေးအလွှားသွားတော့သည်။

## စာစဉ် ၃

ငင်းကကြီးမားတဲ့အသားတင့်ကားကြီးလိုဘဲ, ချွန်ထက်သည့်အမွေးတွေက ထိုးထောင်ထွက်နေမှုမှာ နှစ်ဘီးတပ်စစ်ရထားပေါ်က လှံသွားများနှင့်တောင်တူသည်။

သူ့ရဲ့အမြန်နှုန်းကအတော်အသင့်မြန်သည်၊ သူ့ရဲ့ခွန်အားနှင့် ပြင်းထန်သောလေထုကို ဖန်တီးလိုက်ပြီး, သန်မာပြီးဆိုးဝါးတဲ့အနံ့ဆိုးကို လေထုထဲသို့ထုတ်လွှတ်နေသည်။

ငင်းကတာ့ဇီ၏ကျောပေါ်ကို နင်းတော့မည့်အချိန်တွင် တာ့ဇီက ရုတ်တရက်သူ့ကိုယ်သူ နောက်သို့ပြန်ဆုတ်လိုက်ပြီး လေးမြှားတစ်ခုလိုခုံးလိုက်ကာ သူ့ဆီလာနေသောအကောင်ထံမှ မီလီမီတာအကွာလောက်တွင် ရှောင်လိုက်သည်။

တာ့ဇီရဲ့များပြားတဲ့ခြေလက်များက အတွင်းသို့ကွေးလိုက်ကာ ရုတ်တရက်ထိုးထွက်လာကာ မျက်စိတစ်မှိတ်အတွင်းမှာတွင် ၁၀လက်မမြင့်လိုက်သည်၊ တာ့ဇီက စတီးမွေးချွန်တောဝက်ရဲ့နောက်ကျောပေါ်ကို ဆင်းလိုက်ပြီးနက်ရှိုင်းစွာနှင့် ချွန်ထက်သည့်ခြေများက ချိတ်ဖြင့်ချိတ်ထားသလို စတီးမွေးချွန်တောဝက်၏အဆီတွေထဲသို့ နစ်ဝင်နေသည်။

စတီးမွေးချွန်သားရဲက ဘယ်လိုဘဲ ကြိုးစားကာရုန်းကန်နေပါစေ တာ့ဇီကိုလှုပ်ကာ ဖယ်မချနိုင်ပေ။

## စာစဉ် ၃

တဘ္ဗဇီက ပိုပြီးနက်သထက်နက်အောင်ဆွဲထားသည်၊ သူ့ရဲ့ဦးမျှင်အစုံက ယိမ်းထိုးနေပြီး သူတို့မတော်တဆထိမိလိုက်သည့်အခါတွင် တောက်ပသောမီးဖွားများပင်ဖြစ်ပေါ်လာတော့သည်။

“ရှူးရှူး” တဘ္ဗဇီက စတီးမွှေးချွန်တောဝက်၏အနောက်ဘက်ခေါင်းရေိယာတစ်ဝိုက်ကို ပြင်းထန်စွာကိုက်ထားသည်၊ တဘ္ဗဇီ၏ချွန်ထက်သောခြေချောင်းများက တောဝက်၏ နောက်ကျောဘက်မှ အသားပေါ်ကိုထိုးဖောက်ထားပြီး ၎င်း၏အသားထဲသို့နက်ရှိုင်းစွာ နစ်မြုပ်နေသည်။ သူ့ရဲ့အစွယ်များမှတစ်ဆင့်အဆိပ်ကို တောဝက်၏အတွင်းထဲသို့ ထိုးသွင်းလိုက်သည်။

အော်ညည်းသံ–နှာမှုတ်သံ!

စတီးမွှေးချွန်တောဝက်က အန္တရာယ်ရှိသောအခြေအနေတွင်ရှိကြောင်းသတိပြုမိပြီး ထိပ်ထိပ်ပျာပျာနှင့်ခုန်ထလာသည်၊ ၎င်းအတွက်ကံကောင်းထောက်မစွာနှင့် သူ့ရဲ့နောက်ကျောကို စတီးဝိုင်ယာကြိုးများနှင့်တဘ္ဗဇီနောက်ကျောကို ထပ်ပြီးအရှိန်ပြင်းစွာနှင့် တိုက်ချရန်ဆုံးဖြတ်လိုက်သည်။

## စာစဉ် ၃

အကြိမ်အနည်းငယ်လောက်တိုက်ချပြီးနောက်တွင်, တာ့ဇီကမူးဝေလာပြီး စတီးမွေးချွန်တောဝက်၏နောက်ကျောမှလွတ်ရန် အခွင့်အရေးယူလိုက်သည်။ တာ့ဇီကသွက်လက်စွာနှင့် စတီးဝိုင်ယာများပေါ်သို့တက်လိုက်ကာ စတီးမွေးချွန်ဝက်၏တိုက်ခိုက်မှုမရောက်နိုင်သည့်နေရာထိတက်လိုက်သည်။

ကောင်းဖန်၏အမြင်တွင် စတီးမွေးချွန်ဝက်၏အချက်အလက်ပြဇယားသည် "မပြင်းထန်သည့်ဒဏ်ရာ"မှ "ဖျော့တော့သောဒဏ်ရာ" ထိုမှ "အလယ်အလတ်ဒဏ်ရာ" ထို့နောက်တွင် "ပြင်းထန်သောဒဏ်ရာ…"

အဆုံးမှာတော့, ထိုအချက်အလက်များသည် "ပြင်းထန်သောဒဏ်ရာ"သို့ရောက်သည့်အခါတွင်ရပ်သွားကာ ပြောင်းလဲသွားသည်၊ တစ်ချိန်ထဲမှာပင် ၎င်း၏အမည်ဘေးရှိ "အဆိပ်"သည် ပျောက်ကွယ်သွားသည်။

ထို့နောက်တွင်, စတီးမွေးချွန်တောဝက်သည် သူ့၏စွမ်းအင်အားလုံးကို အသုံးပြု ပြီးနောက် အိုနေသည့်လူလိုမျိုးဖြစ်ကာ မောပန်းနေသည်၊ သူကမြေပြင်ပေါ်တွင်လှဲပြီး ၎င်း၏လျှာကထွက်လာကာ,

## စာစဉ် ၃

မျက်လုံးများကကြည့်ရသည်မှာ သူ့ဘဝကိုအရှုံး
ပေးလိုက်သည့်ပုံပင်ဖြစ်နေသည်။

တာ့ဇီကနောက်ဆုံးတွင်
သူ၏သားကောင်သည်ပြန်လည်တိုက်ခိုက်ရန်စွမ်းအင်များ
ဆုံးရှုံးသွားတာကိုတွေ့ပြီး စတီးဝိုင်ယာကြိုးပေါ်မှနှေးကွေးစွာနှင့်
ဆင်းလာတော့သည်၊ သူ့ရဲ့များပြားတဲ့ခြေထောက်တွေက
သမံသလင်းပေါ်တွင် တစ်ကြွပ်ကြွပ်အသံကို ပြုလုပ်နေသည်၊

သူကတင်းမာပြီးကောက်ရိုတ်သိမ်းသည့်လူပုံစံနှင့်၎င်း၏
သားကောင်ဝိညာဉ်ကိုရိတ် သိမ်းထားသလို အရှေ့သို့လျှောက်လာသည်၊

"ကောင်းပြီ, မင်းဒီနေ့လေ့ကျင့်မှုကို ဖြတ်ကျော်နိုင်သွားပြီ", နည်းပြ
ကျန်းပိုင်ရန်က ပြောလိုက်သည်။ သူကဘာပြောရမှန်းမသိတော့ဘူး။
ဒီသားရဲကကျောင်းသားငါးယောက်သုံးဖို့အတွက်လျာထားပေမယ့်,
သူကတစ်ပွဲနဲ့တင်မစွမ်းဆောင်နိုင်တော့ဘူး။

အကယ်၍ဒီလိုအခြေအနေမျိုးဆိုရင်တောင်သူက
မတတ်သာဘဲချီးမွမ်းမှုတစ်ချို့ ပေါင်းထည့်လိုက်သည်၊ "
မင်းရဲ့ဒီကင်းခြေများမှာ စွမ်းအားပြည့်ဝတဲ့အဆိပ်ရှိတယ်၊ ဒါကတော့
တိုက်ပွဲအတွက်မဆိုးလှပါဘူး၊"

# စာစဉ် ၃

"အကယ်၍မင်းကမင်းရဲ့သားရဲကို တိုက်ခိုက်မှုအမျိုးအစားနဲ့လေ့ကျင့်ဖို့စဉ်းစားထားရင် လေ့ကျင့်နေတုန်းမှာ မင်းသားရဲရဲ့အဆိပ်အသုံးပြုတာကို ကန့်သတ်ထားတာအကောင်းဆုံးဘဲ၊ အကယ်၍မမျှော်လင့်ဘဲ မင်းကအဆိပ်ခုခံနိုင်တဲ့သားရဲနဲ့တွေ့ခဲ့ရင် သူ့တိုက်ခိုက်မှုအင်အားရဲ့ ကြီးမားတဲ့အစိတ်အပိုင်းကိုလည်း ဆုံးရှုံးစေလိမ့်မယ်၊" ကျန်းပိုင်ရန်က ကောင်းဖန်ကိုကြင်နာစွာနဲ့သတိပေးလိုက်တယ်။

ကောင်းဖန်နှိမ့်ချစွာနဲ့ခေါင်းညိတ်လိုက်ကာ, သူပြောတာကိုသဘောပေါက်တဲ့ အကြောင်းပြလိုက်တယ်။

ကျန်တဲ့ကျောင်းသားလေးယောက်ရဲ့ပါးစပ်တွေက ဟသွားတော့တယ်၊လှောင်အိမ်ထဲ မင်းဆိုးမင်းညစ်လို လှည့်ပတ်နေတဲ့စတီးမွေးချွန်တောဝက်ကို အဲ့လိုမျိုးဖြိုချလိုက်တာလား?

အခုတော့လှောင်အိမ်ထဲတွင်ရှိသော စတီးမွေးချွန်တောဝက်သည် အလွန်အားနည်းနေသည်၊ ပါးစပ်ထောင့်မှလည်း အဖြူရောင်အမြှုပ်များပင်ထွက်လာသည်။

ပုံကြည့်ရတာ ဒုက္ခရောက်နေတဲ့ဝက်ကိုသူတို့ထပ်ရိုက်ရမှာလား?

သူတို့အဖွဲ့သည်စိတ်လှုပ်ရှားနေတာကာကြည့်နေသည့်ပုံကို သူတို့မျက်နှာပေါ်တွင် တပ်ဆင်ထားကြသည်။

# စာစဉ် ၃

"နောက်ထပ်ကျွန်တော်သွားမယ်, ကျွန်တော့်သားရဲက နောက်ဒုတိယပွဲမှာကိုင်တွယ်နိုင်မယ်လို့ကျနော်ထင်တယ်" အဝါရောင်အမြီးကင်းမြီးကောက်ပိုင်ရှင်က ပြောလိုက်သည်။

"ဟမ်, မင်းကဒုက္ခရောက်နေတဲ့ဝက်ကို ရိုက်ဖို့ဘဲကျန်တာ ဘာလုပ်ဦးမှာတုန်း"

"မှန်တယ်၊ ငါတော့မင်းရဲ့မွေးပွခွေးကလည်းဘယ်လိုရိုက်မလဲဆိုတာသိချင်ပ။"

သူတို့နှစ်ဦးသည်တစ်ဦးနှင့်တစ်ဦးအငြင်းပွားနေပြီး ရန်ဖြစ်နေတာကိုမရပ်နိုင်ကြပေ၊

လှောင်အိမ်က နောက်ထပ်ပွင့်လာသည်၊ အဝါရောင်အမြီးကင်းမြီးကောက်သည် လှောင်အိမ်ထဲကို သတိကြီးစွာဝင်လိုက်သည်၊ စတီးမွေးချွန်ဝက်ကိုစမ်းသပ်ကြည့်လိုက် ရာတုံ့ပြန်မှုမရှိကြောင်းတွေ့လိုက်သည်။ သူ့ရဲ့အမြီးအဆုံးတွင်ချွန်ထက်နေသည့် ကိုက်သောအရာရှိပြီး လှုပ်ယမ်းကာသူစိတ်မအေးခင် စမ်းသပ်သည့်အနေဖြင့် တောဝက်ကိုအကြိမ်အနည်းငယ်လောက်ပုတ်၍ရန်စနေပြီး တောဝက်သည် သူ့ကိုဘာခြိမ်းခြောက်မှုမှမရှိတော့ပေ။

# စာစဉ် ၃

ငင်းက

သူ၏ကြီးမားသောခြေထောက်များဖြင့်စတင်တိုက်ခိုက်တော့သည်။

စကားအရ “သူတောင်းစားကိုမြင်းပေါ်တင်ပေးလိုက်ရင် သူကလူဆိုးတစ်ယောက်လို မထိမ့်မြင်ပြုလိမ့်မယ်” မမှန်နိုင်ဘူးလား၊

အဆုံးမှာတော့,စတီးမွေးချွန်တော၀က်သည်အ၀ါရောင်အမြီးကင်းမြီ းကောက်၏ အဆိပ်ကြောင့်သေဆုံးသွားသည်၊

အ၀ါရောင်ကင်းမြီးကောက်သည်ရှေ့သို့သွားလိုက်ပြီး ၀က်၏အသားကိုရက်စက်စွာ စုတ်ဖြဲပစ်ကာအစာစားလိုက်သည်၊

ပြီးနောက်

ငင်းကအဆိပ်ဖြစ်လာသည်။

ထိုနေရာတွင်တာ့ဇီ၏အဆိပ်တစ်စွန်းတစ်စသည် စတီးမွေးချွန်၀က်ခန္ဓာကိုယ် ထဲတွင် ကျန်ရှိနေသေးသည်။

ထိုအသားနှင့်တာ့ဇီ၏အဆိပ်နှင့် သူကိုယ်တိုင်၏အဆိပ်ရောနေသည်၊ တစ်ကိုက်ကိုက်ပြီးတဲ့နောက် အ၀ါရောင်အမြီးကင်းမြီးကောက်သည်မူးဝေလာပြီး ထိုက်ချီကို လေ့ကျင့်နေသလိုမျိုး အဝိုင်းပုံစံလှည့်ပတ်နေတော့သည်။

ပိုင်ရှင်ကရက်ရွံ့မှုကြောင့်သူ့မျက်နှာကို ဖုက်ထားလိုက်သည်။

## စာစဉ် ၃

မြွီးဝါကင်းမြီးကောက်၏ အမြီးသည်လှောင်အိမ်ကြားထဲတွင် ထိုးထည့်ထားသည်၊ သူ၏ ကြီးမားသောလက်ချောင်းများဖြင့် သူ၏ခေါင်းကိုဖုံးထားကာ ကလေးတစ်ယောက်က ရှုံးနိမ့်မှုကိုလက်မခံနိုင်သည့်ပုံစံဖြင့် ကျယ်လောင်စွာမြည်တမ်းနေသည်။

“ဟားဟားဟား, ဒီကောင်ငါ့ကိုသတ်နေတာဘဲ” အမြီးသုံးချောင်းမွေးပွခွေးပိုင်ရှင်က သူ့ဗိုက်ကိုကိုင်ကာအော်ရယ်နေသည်၊ “မင်းရဲ့အဝါရောင်အမြီးရှိတဲ့ကင်းမြီးကောက်က အသားတစ်ဖဲ့စားပြီး အဆိပ်သင့်နေတာကို ကြည့်လိုက်ပါဦး”

သူ့သခင်ရဲ့ရယ်သံကိုနားထောင်ရင်း အမြီးသုံးချောင်းမွေးပွခွေးက သူ့ခေါင်းကိုမော့ လိုက်ကာ သူ့သခင်ကိုကြည့်လိုက်သည်၊ ထို့နောက်စတီးမွေးချွန်တောဝက်အသေ ကောင်ဆီကို လှည့်ကြည့်လိုက်ပြီးနောက်သူ့မျက်လုံးတွေက တောက်ပသွားတော့သည်

“ခဏလေး, အိုး..ချီး*!မင်းဘာတွေလုပ်တာလဲ” အမြီးသုံးချောင်းမွေးပွခွေးသခင်က အံ့အားသင့်ကာ ဒေါသထွက်စွာနှင့်အော်လိုက်သည်။

“မရဘူး၊ မင်းမလုပ်ရဘူး, အဲ့တာကိုမလုပ်ရဘူး!မင်းအဲ့တာကိုတကယ်စားမရဘူး!”

# စာစဉ် ၃

ကျန်းပိုင်ရန်က ရုတ်တရက် အနည်းငယ်ပင်ပန်းလာသလို ခံစားလိုက်ရသည်၊ သူတခြား အဖွဲ့နည်းပြတွေကိုကြည့်လိုက်ပြီးနောက် သူ့ကိုယ်ပိုင်အဖွဲ့ကို ပြန်ကြည့်လိုက်သည်။

ဒီလိုအပြုသဘောမျိုးဆောင်တဲ့အခြေအနေဖန်တီးရန်နှင့်ထိန်းသိမ်းရန်အတွက် ယနေ့ကဲ့သို့သောအခြေအနေများကို ကိုင်တွယ်ရန် ကျန်းပိုင်ရန်သည်မျက်စိကိုမှိတ်ကာ အတွေးတစ်ခုကိုစဉ်းစားလိုက်သည်။

***

# စာစဉ် ၃

## *အပိုင်း ၄၆ ကျွန်တော်တို့ကို ရေလေးတိုက်လို့ရမလား?*

ကျောင်းဆင်းပြီးနောက် ကောင်းဖန် အိမ်သို့ပြန်လာကာ ညစာချက်ပြုတ်သည်။ ညစာစားပြီးနောက်တွင်တော့ သားရဲအမဲလိုက်အဖွဲ့အစည်းမှနေပြီး ဖုန်းဝင်လာခဲ့ကာ နံပါတ်ကတော့ 010101နှင့်ပင်။

ကောင်းဖန် ဖုန်းကိုင်လိုက်သည်နှင့်။ "ချစ်လှစွာသော သုံးစွဲသူ။ သားရဲအမဲလိုက်အဖွဲ့အစည်းမှ သင်၏မစ်ရှင်နံပါတ် ဝဝ၁၃၄၈၇၂သည် ပြီးမြောက်သွားသွားပါပြီ။ ကျေးဇူးပြုပြီး လက်မခံခင် သားရဲအမဲလိုက်အဖွဲ့အစည်းတွင်  သင့်၏ဆုလာဒ်ကို စစ်ဆေးပေးပါ။" ဖုန်းတစ်ဖက်မှ အမျိုးသမီးလိုစက်သံထွက်လာကာ သုံးကြိမ်တိုင်တိုင် ပြောခဲ့ပြီးနောက် အလိုအလျောက်ဖုန်းပြန်ချသွားခဲ့သည်။

နောက်ဆုံးတော့ တစ်ယောက်ယောက်က မစ်ရှင်ကို ပြီးမြောက်စေခဲ့ပြီပေါ့၊ ကောင်းဖန် စိတ်အေးသွားတော့သည်။ မစ်ရှင်သာ မပြီးမြောက်ဘဲ ကျန်ရှိနေပါက သူလဲ တာ့ဇီကို အဆင့်မြှင့်ပေးမည့် နည်းလမ်းကိုပြောင်းလိုက်ရပေလိမ့်မည်။

## စာစဉ် ၃

သားရဲအမဲလိုက်သူအတွက် မစ်ရှင်ဆုကြေးကတော့ ခရက်ဒစ်ပုံစံဖြင့်ဖြစ်ကာ သားရဲအမဲလိုက်အဖွဲ့အစည်းကို ကြိုတင်ပေးထားရသည်။ ထို့နောက် ကြေးစားသားရဲအမဲလိုက်သူက မစ်ရှင်ကို ပြီးဆုံးသွားလျှင် လိုအပ်သည့်ပစ္စည်းများကို သားရဲအမဲလိုက်အဖွဲ့အစည်းသို့တန်းပေးလိုက်မည်ဖြစ်ပြီး အဖွဲ့အစည်းမှ ကြေးစားထံသို့ ကော်မရှင်ခပြန်ပေးမည်ဖြစ်သည်။

ဤလုပ်ငန်းစဉ်အတွင်း အမဲလိုက်သားရဲအဖွဲ့အစည်းသည် ကြားနေကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ကောင်းဖန် အိမ်မှမထွက်ခင် ဧည့်ခန်းထဲရှိ ရေခဲသေတ္တာရှေ့တွင် ရပ်နေစဲဖြစ်သည့် ဒမ်ဘီကိုတစ်ချက်ကြည့်လိုက်သည်။ ၎င်းက ရေခဲသေတ္တာတံခါးကို တုံးတုံးအအနှင့်ဖွင့်ကာ စားစရာရှာနေပြီး အထဲမှာဘာမှမရှိကြောင်း ပြန်သတိရကာမှ တံခါးကိုပြန်ပိတ်လိုက်သည်။ ခဏလောက်နေပြီးလျှင်တော့ ထိုအတိုင်းပဲ ထပ်ကာလုပ်ပြန်သည်....

ဒီလိုသာ ထပ်ကာထပ်ကာလုပ်နေရင် အစားအသောက်တွေကပဲ မှော်ဆန်ဆန်ခုန်ထွက်လာတော့မလိုပင်။ ဒမ်ဘီက တကယ်ကို တုံးတုံးအအနဲ့ချစ်စရာလဲကောင်းလှသည်။

# စာစဉ် ၃

ကောင်းဖန် အောက်ထပ်သို့ဆင်းကာ သူ့ဆုလာဒ်အတွက် သားရဲအမဲလိုက်အဖွဲ့အစည်းသို့ ဦးတည်ခဲ့သည်။

ကောင်းဖန် သတိမထားလိုက်မိသည်က လမ်းတစ်ဖက်မှ မီတာ၅၀၀အကွာတွင် လူသုံးယောက်က သားရဲအမဲလိုက်အဖွဲ့အစည်းထဲမှ ထွက်လာသူမှန်သမျှကို စောင့်ကြည့်နေခြင်းကိုပင်။ သူတို့ထဲမှ ရွှေအိုရောင်ဒက်ရှန်းခွေးပုသည် မျက်လုံးများကို မှေးကျဉ်းကာ တစ်စုံတစ်ခုကို အနံ့ခံနေခဲ့သည်။

အဖွဲ့ထဲမှအငယ်ဆုံးကောင်လေးက စိတ်လှုပ်ရှားစွာဖြင့်မေးလိုက်သည်။ "အစ်ကို၊ ငါတို့အဖမ်းခံရလောက်လား?"

အကြီးဆုံးလူရွယ်၏မျက်လုံးထဲတွင် အကြောက်တရားဖြတ်ပြေးသွားသည်။ သို့ပေမည့် သူက ချက်ချင်းပင် တစ်စုံတစ်ရာကိုတွေးလိုက်ကာ အံကိုတင်းတင်းကြိတ်ရင်း၊ "အဖေ့ရဲ့ရှားပါးရောဂါကို သွေးစုပ်မျှော့တစ်မျိုးတည်းကပဲ ကုသနိုင်တာ။ ငါတို့သာ သားရဲအမဲလိုက်အဖွဲ့အစည်းရဲ့ကြေးစားပဲ ဆက်လုပ်နေရင်

## စာစဉ် ၃

သွေးစုပ်မျှော့တစ်ကောင်ကိုဝယ်နိုင်ဖို့ ဘယ်လောက်တောင် ကြာမလဲ? မင်းက အဖေ့ကိုပြန်မကောင်းလာစေချင်ဘူးလား?”

သူတို့ဘေးမှ ဆံပင်အစိမ်းရောင်နှင့်ကောင်လေးက နှာမှုတ်လိုက်ကာ၊ “စိတ်မပူပါနဲ့၊ ငါးကြီးက ငါးသေးတွေကိုစားတာ သဘာဝပဲ။ ငါတို့သာ ဂရုတစိုက်နဲ့ ဘာသက်သေမှမကျန်အောင် လုပ်ရင် အဆင်ပြေသွားလိမ့်မယ်။ ငါ့ညီ၊ မင်းကအရမ်းကြောက်တတ်တာပဲ။”

“ဒါပေါ့၊ ငါလဲအဖေ့ကိုပြန်ကောင်းလာစေချင်တာပဲ၊ ဒါပေမယ့် အစ်ကို၊ မင်းလဲသိသားပဲ၊ သာမာန်မိသားစုတွေက ယင်ခါတ်သစ်ကတိုးပင်ကို မတတ်နိုင်ကြဘူး။ ငါတို့ဘယ်လိုဆက်လုပ်ကြမလဲ?” အငယ်ကောင်လေးက သူ့လက်တွေကို စိုးရိမ်တကြီးပွတ်တိုက်နေသည်။

“မင်းအရူးပဲ။ ငါတို့ ဒါကို အခုချက်ချင်းကြီးလုပ်စရာမလိုပါဘူး။ ငါတို့ပစ္စည်းကိုသွားသိမ်းရုံပဲ၊ ဟုတ်ပြီလား? ငါတို့ မယူနိုင်ဘူးဆိုရင် ငါတို့ရည်မှန်းချက်ကလဲ ပြည့်မှာမဟုတ်ဘူး။” လူငယ်က သားရဲအမဲလိုက်အဖွဲ့အစည်းထဲသို့ ဝင်ထွက်နေသည့် လူများကို တုန်လှုပ်နေသည့်ခံစားချက်များဖြင့် ငေးကြည့်နေသည်။ သူလဲ

# စာစဉ် ၃

အရမ်းစိတ်လှုပ်ရှားနေတာပေါ့။ ကပ်ဘေးကာလမတိုင်ခင်တုန်းက ၂နှစ်လောက် ထောင်ကျခဲ့ဖူးရင်တောင် ခိုးမှုလောက်ဖြင့် ထောင်ကျခဲ့ခြင်းဖြစ်သည်။ ဖောက်ထွင်းမှုဆိုတာက ခိုးမှုထက် ပိုပြီး သိသာထင်ရှားလှသည်။

“အိုကေ၊ ဟော့၊ ရွှေအိုရောင်လေးလှုပ်ရှားနေပြီ။” ရွှေအိုရောင်ဒက်ရှန်းခွေးပုက ငြိမ်ငြိမ်လေးဝပ်နေရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး တောက်ပသည့်မျက်လုံးများဖြင့် တစ်နေရာကို စူးစိုက်ကြည့်ကာ ဟောင်ဖို့ပြင်လိုက်သည်။

လူငယ်က ချက်ချင်းပင် ရွှေအိုရောင်လေး၏ပါးစပ်ကို လှမ်းပိတ်လိုက်ကာ မဟောင်ရန်ချော့မြူလိုက်သည်။

တစ်ချိန်တည်းမှာပဲ ရွှေအိုရောင်ဒက်ရှန်းခွေးပုကို အနံ့အတိုင်းလိုက်စေကာ သူတို့လဲ တိုးတိုးတိတ်တိတ်လိုက်သွားကြသည်။

သူတို့က ကောင်းဖန်နောက်မှနေပြီး ရပ်ကွက်တစ်ခုသို့တိုင်အောင် လိုက်သွားခဲ့သည်။

# စာစဉ် ၃

ခေတ်ပြောင်းအဆောက်အဦးများကိုတွေ့လိုက်ရတော့ သုံးယောက်သား အံ့သွားကြတော့သည်။ ဒါက ‘ထူးခြားတဲ့’ ရပ်ကွက်များလား….

သူတို့နေတဲ့နေရာထက် ပိုသာတဲ့အနေအထားတောင်မရှိဘူး!

ဒီနေရာမှာနေတဲ့လူက ယင်ခါတ်သစ်ကတိုးပင်လို့ ဈေးကြီးတဲ့ပါဝင်ပစ္စည်းကို ဝယ်နိုင်တယ်တဲ့လား? သူတို့မှာ နေ့တိုင်းအဆင့်မြင့်အနေောက်တိုင်းစားသောက်ဆိုင်မှာ စားတဲ့လူက အုပ်တစ်ထပ်တိုက်အိမ်လေးမှာနေတာကို တွေ့လိုက်ရသလိုမျိုး မယုံနိုင်လောက်အောင် ခံစားသွားရသည်။

ယင်ခါတ်သစ်ကတိုးပင်ကို ဈေးကွက်ပေါ်တင်ပြီးရောင်းရတဲ့ တစ်ခုတည်းသော အကြောင်းပြချက်က ယင်ခါတ်သစ်ကတိုးပင်သည် တချို့သော အထူးသားရဲများအတွက် အာဟာရခါတ်ပြည့်ဝသည့် အစားအစာတစ်ခုဖြစ်ခြင်းကြောင့်သာဖြစ်သည်။ ဒါကြောင့်ပဲ ထိုပါဝင်ပစ္စည်းကို ဝယ်သူများသည် ချမ်းသာလျှင်ချမ်းသာ မဟုတ်လို့ကတော့ ရာထူးဂုဏ်ကြီးသူများသာဖြစ်သည်။ ဒီပါဝင်ပစ္စည်းက အာဟာရခါတ်ဖြည့်တင်းပေးတာကလွဲပြီး တခြားဘာမှမလုပ်နိုင်ဘဲ။

## စာစဉ် ၃

“အစ်ကို?” ဆံပင်အစိမ်းရောင်နှင့်ကောင်လေးက သူ့အစ်ကိုကြီးကို သူတို့ဆက်ပြီး လှုပ်ရှားသင့်လား မလှုပ်ရှားသင့်ဘူးလား မေးလိုသည့်ပုံဖြင့် ခေါ်လိုက်သည်။

ထိုလူငယ်က ခဏလောက်တိတ်တဆိတ်တွေးတောနေပြီးနောက် သူ့လက်ကိုဝှေ့ယမ်းလိုက်ကာ “ခဏလေး, ညအထိစောင့်ကြတာပေါ့၊”

“အမ်,အစ်ကို, ငါတို့တကယ်ပဲလား..” အငယ်ကောင်လေးကစိုးရိမ်နေပြီးတွန့်ဆုတ်နေသည်၊ ဒါက သူ့အတွက်ပထမဆုံးလုပ်တာဘဲ၊ မယုံနိုင်လောက်အောင်ပင် သူကစိတ်လှုပ်ရှားနေသည်၊

“အဲ့ကောင်လေးကထီပေါက်သလိုမျိုး တစ်ခုခုနိုင်လာတာရှိလိမ့်မယ်၊ စိတ်ငြိမ်ငြိမ်ထား” ကြီးတဲ့တစ်ယောက်က ယုတ်မာတဲ့မျက်နှာကိုပြုလုပ်လိုက်တယ်။

“လာစမ်းပါ, ဒါကအဆင်ပြေပါတယ်၊ ဒါနဲ့ဘဲလုပ်ဖို့ကိုနောက်တွန့်နေတော့မလို့လား၊ ငါ့ကိုစိတ်ပျက်အောင်မလုပ်စမ်းပါနဲ့၊”

# စာစဉ် ၃

ဆံပင်အစိမ်းရောင်နှင့်ကောင်လေးက သူ့ညာဘက်လက်မောင်းကို အငယ်ကောင်လေးရဲ့ပုခုံးပေါ်မှာတင်လိုက်သည်။

ညသန်းခေါင်တွင် လူသုံးယောက်နှင့်အတူ ကိုယ်ပိုင်သားရဲသုံးကောင်တို့က စတင်၍ လှေကားအုံပေါ်ကိုသတိကြီးစွာနှင့်တက်လာကြသည်၊

မှောင်မည်းနေသောလှေကားထစ်တွေဟာ ကြောက်မက်ဖွယ်ကောင်းပြီး ကြီးမားတဲ့ သားရဲတစ်ကောင်က နောက်စက္ကန့်အနည်းငယ်လောက်တွင် သူ့ရဲ့ကြီးမားတဲ့ပါးစပ်ကို ဖွင့်ကာအကုန်လုံးကိုမျိုချလိုက်ပုံနှင့်တောင်တူသည်၊

“ရှူး”၊ လူငယ်လေးက သံဝိုင်ယာကြိုးနှစ်ခုကိုထုတ်လိုက်ပြီး ကြတ်ခြေခတ်ပုံစံလုပ်လိုက်ပြီးနောက် သော့အပေါက်ထဲသို့ဖြတ်ကာထည့်လိုက်သည်၊

အခန်းထဲမှာတော့,တာ့ဇီကရုတ်တရက်အိမ်မက်ထဲမှနိုးလာပြီး သူ့ရဲ့ဦးမျှင်တွေကို မြင့်,မြင့် မြှင့်လိုက်သည်။

ဒမ်ဘီကတော့ ညှော့ခန်းထဲတွင်ထိုင်လျက်အိပ်ပျော်နေပြီး အခုတော့၎င်း၏မျက်လုံးများက

## စာစဉ် ၃

ဝိညာဉ်မီးတောက်များကထပ်မံတောက်ပလာပြီး တိတ်ဆိတ်နေတော့သည်၊ သူက တံခါးဘက်ကိုလှည့်လိုက်သည်...

ကလစ်! သော့ဖွင့်သောအသံက တိတ်ဆိတ်သောလှေကားတစ်လျှောက်မှအသံထွက် လာသည်။

“ဟေး အစ်ကို တော်လှချည်လား! မင်းက ပါ့ချောင်ဒေသရဲ့သော့ဘုရင်ဆိုတာ ဘယ်သူမှ မသိဘူး” ဆံပင်အစိမ်းနဲ့တစ်ယောက်က ချီးကျူးလိုက်တယ်၊

အကြီးဆုံးတစ်ယောက်ကအေးခဲသွားတော့သည်၊ သူ့နဖူးပေါ်သို့ချွေးများစီးကျလာ တော့သည် “မဟုတ်ဘူး, ငါမဟုတ်ဘူး ငါခုထိတံခါးကိုသော့မဖွင့်ရသေးဘူး”

ဒါဆိုဘယ်ကနေအသံထွက်လာတာလဲ?

“မင်းတို့တွေ, ဒါအိပ်ချိန်ရောက်နေပြီ, ဒီမှာဘာလုပ်နေကြတာလဲ?” ဦးလေးလျိုက သူ၏ ညအိပ်ဝတ်စုံဖြင့်ပင် သူတို့နောက်ကတံခါးမှထွက်ကြည့်လိုက်ပြီး သူ့မျက်လုံးတွေကိုပွတ်သတ်နေသည်၊

# စာစဉ် ၃

ဘာလဲ? ဘာလို့လဲ? ဘယ်လိုလုပ်ဖြစ်သွားတာလဲ? အငယ်ဆုံးတစ်ယောက်က ထိုနေရာမှာတင် ကြက်သေ,သေနေပြီး တကယ့်ကိုကြောင်နေတော့သည်။

အစိမ်းရောင်ဆံပင်နှင့်တစ်ယောက်မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်ဖျော့ဖျော့ ရှိသည့် အလင်းတစ်ချက်လက်သွားသည်။ သူကတိတ်တဆိတ်နဲ့ဝမ်းဗိုက်ထဲသို့ ထည့်ထားသည့်ညာလက်ကို ဆန့်ထုတ်ကာကုတ်ထဲတွင် ဓားမြှောင်တစ်လက်ကို ဂုက်ထားသည်၊

လူငယ်လေးကသူ့၏အပြုအမူကို တည်ငြိမ်လိုက်ပြီး သူ့လည်ချောင်းကိုရှင်းကာ ရှက်နေသည့်လေသံဖြင့်ပြန်ပြောလိုက်သည်၊ “ဦးလေးကိုနှောက်ယှက်မိတာ တောင်းပန်ပါတယ်, ကျွန်တော်တို့တိုက်ခန်းမှားသွားတာကို အခုမှပဲ သတိရတော့တယ်။”

“အဲ့လိုကိုး, မင်းတို့ကနေရာမှားလာကြတာဘဲ,” ဦးလေးလျိုကခေါင်းကိုညိတ်လိုက်ပြီး တံခါးပိတ်လိုက်သည်၊

ရုတ်တရက်အမှောင်ထဲကလက်တစ်ဖက်က တံခါးပိတ်တာကိုရပ်လိုက်သည်။

## စာစဉ် ၃

ထူးဆန်းတဲ့အကြည့်က ထိုလူငယ်ရဲ့မျက်နှာပေါ်မှာပေါ်လာသည်၊ သူကအသံနိမ့်နိမ့်နဲ့ မေးလိုက်သည် "ဦးလေး,ကျွန်တော်တို့ရေဆာလို့ ဖြစ်နိုင်ရင်သောက်စရာတစ်ခုခုပေးလို့ ရမလားမသိဘူး?"

"ရတာပေါ့, ဝင်ခဲ့လေ" ဦးလေးလျိုက ထိုသုံးယောက်ကိုနက်ရှိုင်းစွာကြည့်လိုက်ပြီး သူတို့နဲ့သားရဲတွေကို သူ့အခန်းထဲသို့ခေါ်လိုက်သည်။

ဆံပင်အစိမ်းနှင့်တစ်ယောက်က နောက်ဆုံးဝင်လာတဲ့သူဖြစ်သည်၊ သူကတံခါးကိုပိတ်လိုက်ပြီးလော့ချလိုက်သည်။

"လူငယ်လေး, ဘာလို့လော့ချလိုက်တာလဲ?" ဦးလေးလျိုက ရှုပ်ထွေးသွားသည်။

"ဟာ-ဟာ"

ဆံပင်အစိမ်းနှင့်တစ်ယောက်ကကောက်ကျစ်တဲ့အပြုံးကိုပြလိုက်သည်၊ "ကျွန်တော်တို့ကဘယ်အိမ်နီးချင်းကိုမှ အနှောက်အယှက်မပေးချင်လို့ပါ"

## စာစဉ် ၃

“အဆင်ပြေပါတယ်, စိတ်ပူစရာမလိုပါဘူး၊ ငါ့နံရံတွေက လျှပ်စစ်မစီးတဲ့ခိုင်ခံ့တဲ့ဟာနဲ့လုပ်ထားတာ၊ ငါအိမ်မှာ ဒစ်စကိုအကကနေရင်တောင်မှ သူတို့ကိုအနှောက်အယှက်မဖြစ်ဘူး”

“အိုး, ဟုတ်လား?” ဆံပင်အစိမ်းနှင့်တစ်ယောက်ရဲ့မျက်နှာက ပြောင်းလဲသွားပြီး ရက်စက်တဲ့အကြည့်နဲ့ကြည့်လိုက်သည်၊ “ဒါဆိုကောင်းတာပေါ့”

အကြီးဆုံးတစ်ယောက်က တစ်စုံတစ်ခုထူးခြားနေတာကို ခံစားနေရတယ်၊ သူကတစ်ခုခုပြောချင်ပေမယ့် အရမ်းနောက်ကျသွားပြီ။

သူတို့နောက်တွင်ရှိသောနံရံမှ ဖောက်မြင်ရတဲ့လျှာတစ်ပိုင်းကလှိမ့်ချလိုက်သည်၊ ရွှေအိုရောင်ဒက်ရှန်းခွေးပုကို တစ်ခါတည်းရှင်းပစ်လိုက်သည်။

***

# စာစဉ် ၃

## *အပိုင်း ၄၇ ဒေါသထွက်နေတဲ့ ကြာစေ့လေး*

'ဝါးနေသံ!'

ပုတ်သင်ညိုက ကျွတ်ရွကာ အရသာရှိသည့် ဟင်းသီးဟင်းရွက်များကို ဝါးနေသလိုမျိုး ဖြည်းဖြည်းချင်းဝါးနေခဲ့သည်။

ဆယ်ကျော်သက်လေးကတော့ ညည်းတွားနေတော့သည်။ သူ့ကိုယ်ပိုင်သားရဲက အခုပဲ အစားခံလိုက်ရတာကြောင့် သူ့ဝိညာဉ်ကိုလဲ ပျက်စီးမှုဖြစ်စေပေသည်။

နံရံပေါ်တွင်တော့ ကြီးမားသည့် တစ်ဝက်ဖောက်ထွင်းမြင်နေရသော ပုတ်သင်ညိုတစ်ကောင်ပေါ်လာခဲ့သည်။ ၎င်းက အပေါ်မှနေပြီး ရှေ့၊ နောက်၊ ဘယ်၊ ညာကို လှည့်ပတ်ကြည့်နေခဲ့သည်။

ထိုအခိုက်မှာပင် ဆံပင်စိမ်းနှင့်ကောင်လေးက မဆိုင်းမတွဘဲ သူ့ရဲ့ဘယ်ခြေကို ကြမ်းပေါ်တွင် မြဲမြဲမြံမြံရပ်လိုက်ကာ လက်ထဲမှ ဓါးမြှောင်ကို ကိုင်လှည့်လိုက်ပြီး ဦးလေးလျို့ထံသို့ အရှိန်ဖြင့် ထိုးလိုက်သည်။

## စာစဉ် ၃

ဦးလေးလျို့ကတော့ အေးအေးဆေးဆေးပင် ခြေတစ်လှမ်းဆုတ်ကာ သူ့ဘယ်ခြေကို နောက်သို့လျှောချလိုက်သည်။ ထို့နောက် သူ၏သားကောင်ကို စပါးအုံးမြွေတစ်ကောင်ကဲ့သို့ သူ့ညာလက်ဖြင့် ဖမ်းဆုပ်လိုက်သည်။ ဆံပင်အစိမ်းနှင့်ကောင်လေးမှာ သူ့ကို စပါးအုံးမြွေတစ်ကောင်က ရစ်ပတ်သွားသလိုခံစားလိုက်ရပြီး သူ့ညာလက်မောင်းကလဲ တင်းကျပ်လာကာ ကျိုးသွားတာကြောင့် နာနာကျင်ကျင် အော်ဟစ်မိကာ လက်ထဲမှဓါးပြုတ်ကျသွားသလို သူလဲ ဒူးထောက်ကျသွားတော့သည်။

တစ်ချိန်တည်းတွင်ပဲ ပုတ်သင်ညို၏လျှာက ထွက်မံ့ရှည်ထွက်လာပြန်သည်။ ဒီတစ်ခေါက်တော့ ဖြူကောင်နှင့်တူသည့် ကိုယ်ပိုင်သားရဲတစ်ကောင် ဝါးမျိုခံလိုက်ရသည်။ တတိယမြောက်ညီငယ်မှာ သူ့ကိုယ်ပိုင်သားရဲ သေဆုံးခြင်းမှ သူပါနာကျင်သွားရတာကြောင့် ငိုကြွေးတော့သည်။

“ကျည်ကြွက်၊ သူ့ကိုသတ်!” အစိမ်းရောင်ဆံပင်နှင့်လူငယ်က မျက်လုံးကနေကော နှာခေါင်းကနေပါ မျက်ရည်များ နှာရည်များစီးကျရက်ဖြင့် ရက်စက်စွာအော်ဟစ်လိုက်သည်။

## စာစဉ် ၃

သူတို့အနားရှိ ကြမ်းပေါ်တွင်တော့ ဘောလုံးအရွယ်မီးခိုးရောင်ကြွက်တစ်ကောင် ရှိနေခဲ့သည်။ အော်သံကိုကြားလိုက်သည်နှင့် ၎င်း၏မျက်လုံးများက အနီရောင်ပြောင်းသွားကာ ကျောပေါ်မှာလဲ သိပ်သည်းသည့် ကြွက်မွေးများက ဆေးထိုးအပ်များလို ချွန်ထက်ထိုးထောင်လာတော့သည်။

ဇန့်~~~!

အခန်းထဲတွင်တော့ ကြွက်၏ကျောပြင်မှ အမွေးချွန်များက ပျံသန်းထွက်လာကာ မှုန်ဝါးဝါးမီးခိုးရောင်အရိပ်များကဲ့သို့ ပြေးဝင်လာသည်ကိုသာ တွေ့နိုင်သည်။ ထိုမီးခိုးရောင်ကြွက်မွေးအပ်များသည် ဦးလေးလျို၏ပုခုံးပေါ်သို့ စိုက်ရောက်သွားကာ ဦးလေးလျို၏ရှပ်အင်္ကျီကိုပင် အပေါက်များဖြစ်သွားစေသည်။

နံရံပေါ်တွင် တိတ်ဆိတ်စွာတည်ရှိနေသည့် ပုတ်သင်ညို၏ကျောဘက်တွင် သေးငယ်သည့်လှိုင်းဂယက်ငယ်တစ်ခု ဖြစ်ပေါ်လာကာ ၎င်း၏အရေပြားပေါ်တွင်

## စာစဉ် ၃

ချိုင့်ခွက်တစ်ခုဖြစ်သွားခဲ့သည်။ သို့ပေမည့် မျက်စိတစ်မှိတ်အတွင်းမှာပဲ အရေပြားက ပုံမှန်အတိုင်းပြန်လည်ကောင်းမွန်သွားခဲ့သည်။

ဦးလေးလျိုက သူ့ပုခုံးကို လှုပ်ခါလိုက်တာကြောင့် ကြွက်မွေးအပ်အနည်းငယ်က အောက်သို့ခါချခံလိုက်ရသည်။

"မင်းရဲ့မွေးပြောင်ကြွက် တော်တော်လေး ခိုးကြောင်ခိုးဝှက်နိုင်တာပဲ။" ဦးလေးလျိုက ခေါင်းရမ်းရင်းရယ်လိုက်သည်။

ကျည်ကြွ၏ကျောတွင်တော့ အမွေးကွက်နေသည့်ရောများရှိနေသည်။ ထိုစွမ်းရည်ကို ထုတ်ဖော်ခြင်းက သူ့အမွေးများအပေါ် သက်ရောက်မှုရှိသည်မှာ ထင်ရှားလှသည်။ ၎င်းအမွေးများကို ဗီဇပြောင်းကာ အမြန်ပြောင်းလဲသော်လည်း တိုက်ပွဲတစ်ခု၏အရှိန်နှင့် အမှီပြန်လည်ပေါက်လာနိုင်ခြင်းမရှိပေ။

"ခင်ဗျားဘယ်လိုလုပ် ဒဏ်ရာမရသွားတာလဲ?" ဆံပင်အစိမ်းရောင်နှင့်ကောင်လေးမှာ ဦးလေးလျို ပုခုံးတွန့်ကာ ခါချလိုက်သည့် ကြွက်မွေးအပ်များကိုကြည့်ပြီး သူမျက်လုံးများကိုပင် မယုံနိုင်ဖြစ်လို့နေသည်။

# စာစဉ် ၃

သူ ဒီစွမ်းရည်ကို အရင်ကစမ်းသပ်ခဲ့ဖူးကာ ကြွက်မွေးများသည် ၁စင်တီမီတာထူသည့် သစ်သားထုကိုပင် ဖောက်ထွက်နိုင်ပေသည်။ ဒီလူရဲ့အရေပြားကတော့ သစ်သားထက်ပိုပြီး မာနိုင်စရာအကြောင်းမရှိဘူး!

သူ့မှာ ကျည်ကာအင်္ကျီများဝတ်ထားလို့လား?

ရူးတာပဲ! ဘယ်သူကများ ညလယ်ခေါင်ကြီး ကျည်ကာအင်္ကျီကို ဝတ်မှာတဲ့လဲ?!

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။” ဦးလေးလျိုက သူ့လက်ကို ဝှေ့ယမ်းပြီး ဆက်ပြောလိုက်သည်။ “မင်းငရဲကိုသွားပြီးရင် ဒါကို ငါ့အတွက် ဆက်ပြီးလျှို့ဝှက်ထားပေးနော်။ ငါ မင်းတို့ကိုသတ်လိုက်တာကို မင်းတို့ ဘယ်သူ့ကိုမှပြန်မပြောရဘူး၊ ဟုတ်ပြီလား?”

ဦးလေးလျိုစကားဆုံးသွားသည်နှင့် နံရံပေါ်တွင် တိတ်ဆိတ်ကာမလှုပ်မယှက်နေ,နေသည့် ပုတ်သင်ညိုက တောအုပ်ထဲမှ ရက်စက်လှသည့် နဂါးစိမ်းတစ်ကောင်လို ရုတ်တရက်ခုန်ထွက်လာတော့သည်။

……….

## စာစဉ် ၃

ယမန်နေ့ညက၊

ကောင်းဖန် ယင်ခါတ်သစ်ကတိုးပင်များကို သယ်လာပြီးနောက် ဒမ်ဘီ သတိမထားမိအောင် တိတ်တိတ်လေး ရေခဲသေတ္တာထဲမှ အံထဲထည့်လိုက်သည်။

ဒမ်ဘီကတော့ အကျင့်အတိုင်း ရေခဲသေတ္တာအံကိုဖွင့်လိုက်သည်။ ဒမ်ဘီဖွင့်လိုက်သည်နှင့် အထဲတွင် ယင်ခါတ်သစ်ကတိုးပင်ထုပ်များ အစီအရီထည့်ထားသည်ကို တွေ့သွားတော့သည်။

ရေခဲသေတ္တာက တကယ်ပဲ စားစရာတွေထုတ်လုပ်နိုင်တာပေါ့!

ဒမ်ဘီ အလွန်စိတ်လှုပ်ရှားသွားတော့သည်။

၎င်းက ယင်ခါတ်သစ်ကတိုးပင်များကို စတီးခွက်ထဲ ထည့်ကာ သူ့မေးရိုးအောက်မှာလဲ အမှိုက်ပုံးကိုသေချာခံလိုက်ပြီးနောက် ပျော်ရွှင်စွာဝါးနေတော့သည်။
ဒမ်ဘီ၏မေးရိုးမှတစ်ဆင့်ပြန်ထွက်လာသည့် အမှိုက်များကတော့ သူကြိုခံထားသည့် အမှိုက်ပုံးထဲ အဆင်ချောစွာ ကျသွားခဲ့သည်။

နေ့လည်ပိုင်း လက်တွေ့လေ့ကျင့်ရေးများလုပ်နေစဉ်အတွင်း နည်းပြကျန်းပိုင်ရန်က လှောင်အိမ်ထဲမှ အရာလေးတစ်ခုကို

## စာစဉ် ၃

တည်ငြိမ်စွာဖြင့် ညွှန်ပြလိုက်သည်။ "ဒါက မင်းတို့ဒီနေ့စိန်ခေါ်ရမယ့် သားရဲပဲ။"

[မကောင်းဆိုးဝါး အမည်] : သန္ဓေပြောင်းရေဝက်ဝံ

[မကောင်းဆိုးဝါး အဆင့်] : ၁၂ (ထိပ်တန်းအဆင့်)

[မကောင်းဆိုးဝါး အဆင့်အတန်း] : သာမာန်

[မကောင်းဆိုးဝါး အခြေအနေ] : ကျန်းမာ (ပျင်းရိ)

[အထူး ထူးခြားသော ပင်ကိုလက္ခဏာများ] : ခရစ်တိုဘိုင်းအိုးတစ် (ခရစ်တိုဘိုင်းအိုးတစ်သို့ဝင်ရောက်ပြီးသည်နှင့် သန္ဓေပြောင်းရေဝက်ဝံ၏အဆင့်သည် အလွန်နိမ့်သည့်အဆင့်ထိ နိမ့်ကျသွားကာ လှုပ်ရှားမှုကင်းမဲ့သွားမည်။ တစ်ပြိုင်နက်တည်းမှာပဲ အသက်ခွန်အားကတော့ များစွာ မြင့်တက်လာလိမ့်မည်။)

[မကောင်းဆိုးဝါး အားနည်းချက်] : ၁၊ မီး ၂၊ ရေဓါတ်ခမ်းခြောက်ကာ သေဆုံးစေနိုင်သည့် ရေအလျင်အမြန်ဆုံးရှုံးမှု ၃၊ အပိုင်းပိုင်းဖြတ်ခံရရင် သေနိုင်တယ်။

## စာစဉ် ၃

လှောင်အိမ်ထဲမှာ တိတ်တိတ်လေးလှဲနေသည့် ပြာလဲ့လဲ့အညိုရောင်သားရဲသည် အလွန်ထူးဆန်းလှသည်။ ၎င်းကို သားရဲကိုယ်ထည်ဖြင့် ဖုံးအုပ်ထားတာကြောင့် သူ့ခေါင်းမှာ မျက်လုံးများရှိမနေဘဲ ရှည်လျား ပါးလျသည့် ပါးစပ်ပေါက်သာရှိသည်။ ၎င်းက လှောင်အိမ်အလယ်တွင် ပျော့ပျော့ကြီးလူးလှိမ့်လို့နေသည်။

ကောင်းဖန်က "အထူး ထူးခြားသည့်ပင်ကိုလက္ခဏာ" အခြေအနေရှိသည့် သားရဲမျိုးကို ပထမဆုံးတွေ့ဖူးတာဖြစ်သည်။

ကြည့်ရသည်မှာသက်ရှိသတ္တဝါအားလုံးတွင် ထူးခြားသည့်ပင်ကိုယ်လက္ခဏာမရှိနိုင်ဘဲ, ရှားပါးပြီး, ထူးခြားသည့်သားရဲများသာလျှင် ပိုင်ဆိုင်တာဖြစ်သည်၊

ကောင်းဖန် ရေဝက်ဝံများအကြောင်းကို အရင်ကတည်းက ကြားဖူးသည်၊ သူတို့က ကပ်ဆိုးကြီးမတိုင်ခင်ကတည်းက ရှိပြီးသားဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒဏ်ခံနိုင်မှု အရှိဆုံး အသက်ပုံစံရှိကြောင်းသိသည်၊ ပိုးဟပ်၏အသင်ခွန်အားပင်လျှင် ရေဝက်ဝံနှင့် နှိုင်းယှဉ်မရနိုင်ပေ။

## စာစဉ် ၃

အဆုံးတွင်တော့, ရေဝက်ဝံတွေက အလွန်ကို ဒဏ်ခံနိုင်ကြပြီး ပြင်ပလောက, ရေဒီယို သတ္တုကြွခြင်း, ၂၀၀ဒီကရီဆဲလ်ဆီးယပ်စ်အောက်နိမ့်သောအပူချိန်, လျှပ်စစ်လှိုင်းနှင့် အခြားပုံစံတူထူးကဲသော အခြေအနေများတွင်လည်း ရှင်သန်နိုင်သေးသည်။

ကပ်ဆိုးကြီးပြီးနောက်, သူတို့အသက်ခွန်အားဒဏ်ခံနိုင်မှုသည် အခြားအဆင့်တစ်ခုထိ မြင့်တက်ခဲ့သည်။

သန္ဓေပြောင်းရေဝက်ဝံ၏အသက်ခွန်အားက ကောင်းဖန်ကို အနည်းငယ်ယိမ်းယိုင် သွားစေသည်။ ၎င်းကအလွန်မြင့်မားသည့်ခုခံမှုများမှ ရှားပါးသောအမျိုးမျိုးခုခံမှုများကို ပင်ပိုင်ဆိုင်ထားသည်။

ဒါပေမယ့်ဒီလိုထူးခြားတဲ့ဗီဇလက္ခဏာသည် ကြီးမားသည့်အားနည်းချက်လည်းရှိသည်, ဘာကြောင့်လည်းဆိုတော့ ၎င်း၏ခရစ်တိုဘိုင်းအိုးတစ်ကရှင်သန်လာသည့်အခါတွင် မရွေ့လျားနိုင်ဖြစ်လာသည်။ ထိုအရာကရန်သူများအလွယ်တကူအသုံးချနိုင်သည့် အရာဖြစ်သည်။

# စာစဉ် ၃

လေ့ကျင့်မှုကာလအတွင်း ကိုယ်ပိုင်သားရဲငါးကောင်က သန္ဓေပြောင်းရေဝက်ဝံကို တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်၊ ဒါပေမယ့် ဘယ်လိုဘဲသူတို့လုပ်နေပါစေ, ၎င်းကအနာတရမရှိဘဲ ကျန်ရှိနေဆဲဖြစ်သည်၊ ၎င်းက တဇ္ဇဗီ၏အဆိပ်ကိုပင်စင်စစ်ခံနိုင်ရည်ရှိပြီး ထိုကောင်၏ထူထဲပြီး,လေးလံသော

ခန္ဓာကိုယ်က ဘယ်ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုမျိုးကိုမဆို မြင့်မားစွာဒဏ်ခံနိုင်စွမ်းရှိသည်၊

ကောင်းဖန်က သူသန္ဓေပြောင်းရေဝက်ဝံနှင့် စာချုပ်ချုပ်ဆိုရန်ကြိုးစားသင့်လားဆိုတာကို သိချင်နေသည်။

ဒါပေမယ့်အနည်းငယ်လောက်တွေးပြီးနောက်, ၎င်းကိုမထောက်ခံဖို့ဆုံးဖြတ်ချက်ချ လိုက်သည်၊ အကယ်၍သန္ဓေပြောင်းရေဝက်ဝံသည် ၎င်း၏အားနည်းချက်နှင့်ပတ်သတ်သည့် တိုက်ခိုက်မှုပုံစံတစ်ခုနှင့် ကြုံတွေ့ရပါက ၎င်းကရုတ်တရက်အလွန်အားနည်းသွားပေလိမ့်မည်၊ ကောင်းဖန်ကဝမ်းနည်းစွာနှင့် သန္ဓေပြောင်းရဝက်ဝံနှင့် သွေးစာချုပ်ချုပ်မည့်အယူအဆကို ပယ်ချလိုက်သည်။

## စာစဉ် ၃

ကောင်းဖန်တွင်သူ့ရဲ့တတိယကိုယ်ပိုင်သားရဲအတွက် သူလိုချင်တာကို အကြမ်းဖျင်း စိတ်ကူးပြီးသားဖြစ်သည်၊ သူကလက်ရှိအဖွဲ့ထဲမှာမရှိသေးသည့် ဝေးကွာသော အကွာအဝေးတိုက်ခိုက်မှုအတွက်, မြင့်မားသည့်ခုခံနိုင်စွမ်းရှိသည့်သားရဲ, ဒါမှမဟုတ် ပျံသန်းနိုင်တဲ့သားရဲမျိုးကိုရွေးချယ်ချင်သည်။ အကယ်၍သူက သင့်တော်သည့်ကုစားနိုင်စွမ်းရှိသောသားရဲမျိုးရှာနိုင်လျှင်လည်း ဆိုးရွားတဲ့ရွေးချယ်မှုတစ်ခုတော့မဟုတ်ပေ။

နောက်ရက်အနည်းငယ်လောက်တွင်, နည်းပြက သူတို့အတွက် အမျိုးအစားမတူတဲ့သားရဲများကို တိုက်ခိုက်ရန်အတွက်ရှာတွေ့ခဲ့သည်, ဒါပေမယ့်၎င်းတို့အားလုံးတွင်တူညီသောအရာတစ်ခုမှာ အဆိပ်ခုခံနိုင်စွမ်းမြင့်ခြင်းပင်ဖြစ်သည်။

ကောင်းဖန်ဘာပြောရမှန်းမသိအောင်ပင်ဖြစ်သွားသည်၊ ခင်ဗျားကကျွန်တော့် တာ့ဇီအတွက် အနီးကပ်တိုက်ခိုက်နိုင်စွမ်းကို လေ့ကျင့်ဖို့ အရမ်းကိုကြိုးစားအားထုတ် ပေးနေတာဘဲ...

နေ့ခင်းလေ့ကျင့်ရေးအချိန်တိုင်းတွင် လေ့ကျင့်သည့်လေ့ကျင့်မှုများသည် သူတို့ကိုယ်ပိုင်လေ့ကျင့်ခြင်းထက်

# စာစဉ် ၃

များစွာပို၍တိုးတက်စေသည်၊ ဘာကြောင့်လဲဆိုတော့ နည်းပြနှင့်သူအမြဲတမ်းခေါ်လာသည့် ငွေလရောင်ဝံပုလွေက လုပ်ငန်းစဉ်တစ်ခုလုံးကို နိုးနိုးကြားကြားနှင့်စောင့်ကြည့်သောကြောင့် သေစေနိုင်သောထိခိုက်ဒဏ်ရာရရှိမှုလုံးဝမရှိပေ။

ထိုနေ့က, တာ့ဇီရဲ့လေ့ကျင့်မှုပြီးဆုံးပြီးနောက် ဒေါသထွက်နေသောဟိန်းသံတိုးတိုး သည် လေ့ကျင့်ရေးကွင်းကိုဖြတ်ပြီးနောက် ထိုအသံဝင်ရောက်လာသည်၊ ထိုဟိန်းသံက မကြုံစဖူးဒေါသအပြည့်ဖြင့်ဖြစ်နေသည်။

အသံက ကြာစေ့လေးအသံနှင့်ပင်တူသည်။

ကောင်းဖန်ထရပ်လိုက်ပြီး လိုက်ကြည့်လိုက်သည်၊ ထိုဦးတည်ရာဘက်မှလာသော အံ့ဩနေသောကျောင်းသားများ၏ကြောက်လန့်တကြားအော်သံများဖြစ်နေ ေသည်။

လူများက ကြည့်ရှုရန်စုရုန်းနေကြသည်။

ဟိန်းဟောက်သံ–

ဟိန်းဟောက်သံ–

## စာစဉ် ၃

သတ္တုလှောင်အိမ်က နာကျင်သောဟိန်းဟောက်သံကိုလွှင့်နေပြီး ထိခိုက်မှုအားလုံး ကြောင့်တုန်ခါနေပုံပေါက်သည်။

ခြောက်ပေခွဲလောက်ရှည်သော မွေးပြောင်သွေးနီခွေးရိုင်းသည် လှောင်အိမ်၏အစွန်း ထိပ်ပိုင်းတွင် ကြာစေ့လေး၏ထိုးထားခြင်းကိုခံနေရသည်၊ ၎င်း၏တစ်ခုသော ချွန်ထက်နေသည့်ဦးချိုက ရှည်လျားသောလှံတစ်ချောင်းလိုပင်ဖြစ်နေပြီး ခွေးရိုင်း၏ အတွင်းထိထိုးဖောက်နေသည်။

ဒုန်း ဒုန်း ဒုန်း ဒုန်း

မွေးပြောင်သွေးနီခွေးရိုင်း၏အရိုးများသည် လက်တွေ့ကျကျကို ချိုးဖဲ့ခြင်းခံထားရ သည်၊

၎င်း၏အသားများသည်ခွာထုတ်ပစ်လိုက်သည်၊ သွေးများနှင့်အသားအပိုင်းအစများ သည် လွင့်စင်ကုန်သည်၊

ကြာစေ့လေး၏မျက်နှာပေါ်ကိုအသည်းအသန်ကိုက်ခဲထားပြီး သွေးကုတ်ခြစ်ရာ ဒဏ်ရာများကိုချန်ထားသည်၊

ကြာစေ့လေး၏အော်သံသည် ပိုပြီးကျယ်လောင်လာကာ ရိုင်းစိုင်းလာသည်။

## စာစဉ် ၃

လှောင်အိမ်၏တစ်ဖက်ခြမ်းကိုခွန်အားအပြည့်နှင့်ထုရိုက်ကာ ဆောင့်ချလိုက်သောအခါ ကျယ်လောင်သည့်အသံကြီးထွက်ပေါ်လာသည်။

ကြာစေ့လေးက သူ့ခေါင်းကိုအထက်သို့လွှင့်တင်သလို မြင့်လိုက်ပြီးမွှေးပြောင်သွေးနီ ခွေးရိုင်းကိုလေထဲသို့အရပ်တစ်ခုကို လွှင့်ပစ်လိုက်သည်။

ကြာစေ့လေးက တိုင်လုံးနှစ်ခုလိုမျိုးနှင့်တူသည့် သူ့၏ဂျိုနှစ်ချောင်းကိုမြှင့်လိုက်ပြီး အားစိုက်ကာဖြိုခွဲလိုက်သည်။

၎င်းကမြေပြိုသွားခြင်းနှင့်တောင်တူသည်။

ဒုန်း!

မွှေးပြောင်သွေးနီခွေးရိုင်းက နင်းခံလိုက်ရပြီးအပိုင်းပိုင်းပေါက်ထွက်သွားသည်။

လေ့ကျင့်ရေးကွင်းအတွင်းတွင်, အကုန်လုံးကြားနေရသည်က ကြာစေ့လေး၏လေးလံ စွာအသက်ရှူနေသံဖြစ်သည်၊ ၎င်းကအားကောင်းသော အင်ဂျင်ကရပ်သွားပြီး အပူလှိုင်း များကိုထုတ်လွှတ်သကဲ့သို့ဖြစ်နေသည်။

# ကောင်းဖန်

# စာစဉ် ၃

***

# စာစဉ် ၃

## *အပိုင်း ၄၈ စာရင်းသွင်းခြင်း*

ကောင်းဖန် အံ့ဩသွားရသည်။ ကြာစေ့လေး ဘာကြောင့် ဒီလောက်တောင် ဒေါသထွက်နေရလဲ သူစဉ်းစားမရပေ။

သူ့အတွေ့အကြုံအရဆိုလျှင် ကြာစေ့လေးသည် ယဉ်ပါးကောင်းမွန်သည့်ကောင်မလေးတစ်ယောက်သာ ဖြစ်သည်။

မွေးပြောင်သွေးနီခွေးရိုင်း၏ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် နေရာအနှံ့သို့ ပျံ့နှံ့နေကာ သွေးနီနီများကလဲ ဘိလပ်ကြမ်းပြင်တစ်ယောက် စီးဝင်သွားပြီး ကြမ်းပြင်ပေါ်တွင်တော့ မီးခိုးပန်းရောင်လိုမျိုးကြီးများသည့် အကွက်ကြီးကျန်ရစ်ခဲ့သည်။

ကြာစေ့လေးကတော့ နောက်ပြန်လျှောက်လာကာ အလွန်စိုးရိမ်နေပုံပင်။ မျက်နှာပေါ်တွင်လဲ တိုက်ခိုက်ရင်းမှရသည့် ခြစ်ရာများစွာရှိနေသည်။

ကြည့်ရှုနေသူများစွာလဲ နောက်ဆုတ်သွားကြသည်။ အခုလေးတင်ဖြစ်ပျက်သွားသည့်အရာက ခြိမ်းခြောက်နိုင်စွမ်းကြီးမားလွန်းပြီး ထိုကောင်ကြီး၏

## စာစဉ် ၃

ရက်စက်ကြမ်းကြုတ်လှသည့် လုပ်ဆောင်ချက်များက သူတို့ကို ကြေကွဲလန့်စေသည်။

မတော်တဆများ ထိခိုက်မိသွားရင် တော်တော်လေးဆိုးမှာပဲ၊ ကြာစေ့လေး၏ ကြီးမားသည့် ခန္ဓာကိုယ်ကြီးက လူအုပ်ကြီး၏အမြင်တွင် ကြောက်စရာကောင်းလွန်းနေသည်။

"ကြာစေ့လေး။" မုထျယ်ယင်း စိုးရိမ်စွာဖြင့် အနားသို့တိုးလာခဲ့သည်။

သူတို့ဘေးမှ နည်းပြက သူမကို သတိပေးဖို့လုပ်နေပေမည့် မုထျယ်ယင်းက အပြုံးလေးဖြင့် လက်ယမ်းပြကာ သူမကိုစိုးရိမ်စရာမလိုကြောင်း အချက်ပြလိုက်သည်။

သခင်ရောက်လာသည်နှင့် ကြာစေ့လေးမှာ ချက်ချင်းပင် မုထျယ်ယင်းအနားသို့သွားကာ သူ့ခေါင်းကြီးကို သူမထံသို့ညင်သာစွာ တိုးဝှေ့ပြီး ချစ်စရာကောင်းအောင် အော်ပြလိုက်သည်။

"ဟုတ်ပြီ၊ မစိုးရိမ်နဲ့တော့။" မုထျယ်ယင်းက ကြာစေ့လေး၏ခေါင်းကို ပုတ်ပေးရင်း သူမသားရဲလေးအတွက် စိတ်မကောင်းဖြစ်လို့နေသည်။

## စာစဉ် ၃

ထိုအချိန်တွင်ပဲ ကောင်းဖန်လဲ အနားသို့တိုးလာခဲ့သည်။ သူစိမ်းတစ်ယောက် အနားကပ်လာသည်ကို မြင်လိုက်သည်နှင့် ကြာစေ့လေးက ထိုလူကို ချက်ချင်း သတိထားကြည့်လိုက်ပြီးနောက် ကောင်းဖန်မှန်း မှတ်မိသွားပုံပေါ်ကာ သတိတကြီးပုံရိပ်ကို အနည်းငယ်ဖြေလျှော့လိုက်ပြီး နှစ်ချက်လောက် နှာရှုံ့လိုက်ကာ ကောင်းဖန်ကို လျစ်လျူရှုထားတော့သည်။

"မင်း တိရိစ္ဆာန်ဆေးကုဆရာဝန်နဲ့ဆက်သွယ်ပေးစေချင်လား? ငါပုဂ္ဂလိကတိရိစ္ဆာန်ဆေးကုဆရာဝန်ကောင်းတချို့ သိထားတယ်။" ကောင်းဖန် ပြောရင်းဖြင့် ကြာစေ့လေးကို တစ်ချက်ကြည့်လိုက်သည်။ ကြာစေ့လေးအပေါ်တွင် အမာရွတ်ကြီးကြီးမားမားမတွေ့တာကြောင့် ဘာကများ ၎င်းကို ဒေါသထွက်သွားစေလဲ မသိတော့ပေ။

ကောင်းဖန်သည် အတော်လေးဉာဏ်ကောင်းသူဖြစ်တာကြောင့် ကြာစေ့လေး ဒဏ်ရာရသည့်နေရာအတိအကျကို ထုတ်မမေးပေ။ ဘာပဲဖြစ်ဖြစ် ပြင်းထန်တဲ့ဒဏ်ရာဖြစ်ပေလိမ့်မည်။ မဟုတ်လို့ကတော့ ဒီလိုယဉ်ပါးကာ လိမ်မာသည့်သားရဲမျိုးက ဘယ်လိုလုပ် အရူးလိုမျိုးဖြစ်သွားမလဲ။

# စာစဉ် ၃

“မဟုတ်တာ၊ ကျေးဇူးပဲ၊ ငါ့ဆွေမျိုး တိရိစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက် ရှိတယ်။” မုထျယ်ယင်းက ခေါင်းယမ်းက ကောင်းဖန်ကို ကျေးဇူးတင်လိုက်သည်။ သူမမိသားစုသည် အဆင့်အတန်းမြင့်တာကြောင့် အချို့သောပုဂ္ဂလိကဆရာဝန်များနှင့်သိပေသည်။ မဟုတ်ရင် ကြာစေ့လေးလို အစားကြီးလေးကို ဘယ်လိုလုပ်များ ကျွေးထားနိုင်ပါ့မလဲ။

“ကောင်းပြီလေ၊” ကောင်းဖန် ခေါင်းညိတ်လိုက်သည်။ သူ့စတူဒီယိုကြောင့် ပုဂ္ဂလိက ဆရာဝန်အချို့နှင့်လဲ စီးပွားရေးလုပ်ရကာ အကြိမ်ပေါင်းများစွာ ပူးပေါင်းမှုများရှိခဲ့တာကြောင့် ရင်းနှီးမှုရှိပေသည်။

သွေးကွက်နားတွင် ဝိုင်းကြည့်နေသူအနည်းငယ်ကျန်နေသေးတာကြောင့် နည်းပြက အော်ဟစ်တော့သည်။ “မင်းတို့ကောင်တွေ ဘာတွေကြည့်နေဦးမှာလဲ! ဒီနေ့အတွက် မင်းတို့လေ့ကျင့်ရေးနဲ့ သားရဲစိန်ခေါ်မှုတွေ အကုန်လုပ်ပြီးကုန်ပြီလား? ကိစ္စတိုင်း လိုက်စပ်စုမနေဘဲ မြန်မြန်လေးပြန်လာကြ! လေ့ကျင့်ရေးပြန်လုပ်တော့!”

## စာစဉ် ၃

နေ့လည်ပိုင်းတွင်တော့ လေ့ကျင့်ရေးပြီးဆုံးသွားကာ သားရဲလေ့ကျင့်သူဗိုလ်လောင်းအများစုက အိမ်ပြန်ခဲ့ကြသည်။ အပိုလေ့ကျင့်မှုအတွက် လေ့ကျင့်ရေးကွင်းတွင် လူနည်းငယ်သာကျန်ရစ်ခဲ့သည်။

ကိုယ်ပိုင်သားရဲများကို သူတို့သခင်များက ဦးဆောင်ကာ ကျောင်းဂိတ်မှနေပြီး တစ်ယောက်ပြီးတစ်ယောက် ထွက်ခဲ့ကြသည်။ ကျောင်းသားတိုင်းနောက်မှ ကိုယ်ပိုင်သားရဲတစ်ကောင်ဆီ လိုက်ပါသွားသည့်မြင်ကွင်းမှာ တကယ်ကိုအံ့မခန်းပင်။ ထိုသားရဲများသည် အသွင်သဏ္ဍာန်မျိုးစုံလှပေမည့် တိတ်ဆိတ်စွာလျှောက်လှမ်းနေကြသည်။ ပြောရလျှင်တော့ တစ်နေ့ခင်းပိုင်းလဲ လေ့ကျင့်ခဲ့ရတာကြောင့် အခုချိန်မှာ မောပန်းနွမ်းနယ်လို့နေကြပေပြီ....

တံခါးစောင့်အိုကြီးကတော့ ဤမြင်ကွင်းနှင့်အသားကျနေပြီဖြစ်သည်။ သူ့အနားသို့ ကိုယ်ပိုင်သားရဲဘယ်နှကောင်ပဲဖြတ်ဖြတ် သူမတုန်လှုပ်တော့ပေ။

## စာစဉ် ၃

ဒီကိုယ်ပိုင်သားရဲတွေ တံခါးနားက ဖြတ်နေကြတာကို တံခါးစောင့်အိုကြီးလဲ အခေါက်ပေါင်းမနည်း မြင်ခဲ့ဖူးပြီးဖြစ်သည်။

တုန်ခါနေသည့်ဝက်ဖြူကြီးတစ်ကောင်သည်လဲ တံခါးစောင့်အိုကြီးနားက ဖြတ်လာသည်။ အစောင့်ခန်းကို ဖြတ်သည့်အချိန်တွင်ပဲ အဖြူရောင်ဝက်ကြီးက သူ့ရဲ့ကြီးမားသည့် လျှာကြီးကို ထုတ်ကာ လူအိုကြီး၏မျက်နှာပေါ် ကြမ်းတမ်းစွာရက်လိုက်သည်။ လျှာနှင့်ရက်လိုက်သည့်အသံမှာ ကျယ်လောင်စွာထွက်ပေါ်လာခဲ့သည်။ ထိုကြီးမားသည့်အနီရောင်လျှာကြီးက လူအိုကြီး၏မျက်နှာထက်သို့ ဖြတ်ပြေးသွားကာ စေးကပ်ကပ် အရည်ကြည်များ ကျန်ရစ်ခဲ့တော့သည်။

အဖြူရောင်ဝက်ကြီးက သူ့လျှာကိုပြန်သိမ်းယူလိုက်ပြီးနောက် တုန်ခါနေသည့်သူ့တင်ပါးများနှင့်အတူ ကျောင်းတံခါးမှထွက်သွားတော့သည်။

တံခါးစောင့်အိုကြီးကတော့ ဘာမှမပြောဘဲ သူ၏အစောင့်ခန်းဆီသို့သာပြန်လာကာ ထို ‘ဘာမှန်းမသိသည့်’အရည်များကို သုတ်လိုက်ပြီးနောက်

## စာစဉ် ၃

တံခါးနှင့်ပြတင်းပေါက်ကိုပိတ်ကာ အစောင့်ခန်းထဲတွင် တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နှင့်အခါးရည်သောက်နေတော့သည်။

ကျောင်းတစ်ဖက်ခြမ်းတွင်တော့ ကောင်းဖန်သည် တဲ့ဇီကို စာသင်ခန်းများဘက်သို့ခေါ်သွားကာ အဆောက်အဦးဘေးမှ သစ်ပင်တစ်ပင်တွင် ချည်ခဲ့လိုက်သည်။

စာသင်နေချိန်ဖြစ်တာကြောင့် လျှောက်လမ်းတစ်လျှောက်လုံးတိတ်ဆိတ်နေကာ အနားရှိစာသင်ခန်းများမှာ အသံအချို့သာ ကြားရသည်။

“ငါဒါကို ဘယ်နှကြိမ်တောင် ရှင်းပြပြီးပြီလဲ? ဘယ်နှကြိမ်တောင်မှလဲ? ဘာလို့ အမှားလုပ်တဲ့လူက ရှိနေသေးတာတုန်း! မင်းတို့ခေါင်းထဲမှာ ဘာတွေရှိနေတာလဲ၊ တို့ဟူးတုံးတွေလား?”

“မင်းတို့ရဲ့လေ့ကျင့်ခန်းစာအုပ်တွေကိုပိတ်လိုက်ပြီး သတ်ပုံခေါ်ပေးတဲ့စာအုပ်တွေကို ထုတ်လိုက်၊ မသမာတဲ့နည်းမသုံးနဲ့! မင်းတို့ကငါ့ကိုလိမ်နေတာမဟုတ်ဘူး, မင်းတို့ကိုမင်းတို့လိမ်နေတာ!

## စာစဉ် ၃

ကောလိပ်ဝင်ခွင့်စာမေးပွဲမှာဆိုရင်, မင်းတို့စောင့်ကြည့်တဲ့ လူတွေကို လိမ်လို့မရဘူး…”

ရင်းနှီးနေတဲ့အသံတွေကကောင်းဖန်ရဲ့နားထဲကိုဝင်ရောက်လာသည် ।

ဒေါက် ဒေါက် ဒေါက်

“ဝင်လာခဲ့”

မုရုန်ချိုးယွဲ့က ကျောင်းသားတွေရဲ့အိမ်စာတွေကိုစစ်ဆေးနေသည်၊ သူမကခေါင်းကိုမြင့်လိုက်တော့ သူမရှေ့မှကောင်းဖန်ကို အံ့အားသင့်စွာတွေ့လိုက်ရသည်၊ “မင်းရဲ့နေ့လည် ခင်းလေ့ကျင့်ရေးပြီးသွားပြီပေါ့,ဟုတ်လား?”

“ဟုတ်ကဲ့, ကျွန်တော်လေ့ကျင့်ရေးပြီးတော့ ဒီဘက်ကိုတစ်ခါတည်းလာလိုက်တာ,” ကောင်းဖန်ပြုံးလိုက်သည်။

“ကောင်းပြီ, ဒီကိုဘာကိစ္စနဲ့လာခဲ့တာလဲ?” မုရုန်ချိုးယွဲ့က ကောင်းဖန်အကြောင်း ကောင်းကောင်းသိသည်၊ အကယ်၍သူကအရေးမကြီးရင် သူမဆီကိုမလာဘူး။

## စာစဥ် ၃

“မစ္စမုရုန်, ကျွန်တော်ဒီနှစ်အတွက ငေ်ကာလိပ်ဝင်ခွင့်စာမေးပွဲအတွက်လျှောက်ချင်လို့”၊ ကောင်းဖန်က အဓိကအချက်ကိုဘဲ တည့်ပြောလိုက်သည်။

မုရုန်ချိုးယွဲ့ကမျက်မှောင်ကြုတ်လိုက်သည်၊ “မင်းအခုလာနောက်နေတာမလား!”

သူမက ကောင်းဖန်နောက်နေသည်ဟုပင် ပထမဆုံးတွေးမိလိုက်သည်။

ကောင်းဖန်က တောင်းပန်တဲ့အကြည့်နဲ့ကြည့်လိုက်သည်၊ “မစ္စမုရုန်, ကျွန်တော်ကဒုတိယနှစ်စီနီယာတန်း၊ ကျွန်တော်ဒီစာမေးပွဲကို အလေ့အကျင့်ဖြစ်အောင်နွှေးပြီးတော့ ဒီစာမေးပွဲမတိုင်ခင်ကြိုပြီးသိချင်တယ်၊ အကယ်၍ ကျွန်တော်အဆင့်ကောင်းကောင်းရရင် ဒီနှစ်အောင်လိမ့်မယ်, ဒါပေမယ့်မဟုတ်ခဲ့ဘူးဆိုရင်တော့ ဒီမှာ နောက်တစ်နှစ်ထပ်နေရမယ်ဆိုတာကခက်ခဲတယ်”

မုရုန်ချိုးယွဲ့ကတိတ်ဆိတ်စွာနဲ့စဉ်းစားနေသည်၊ သူမကအိုနေတဲ့ခေတ်နောက်ကျနေတဲ့ သူလည်းမဟုတ်ပါဘူး,

# ကောင်းဖန်

## စာစဉ် ၃

ဒါပေမယ့်သူမရဲ့သင်ကြားမှုအတွေ့အကြုံအရ, ကျောင်းသား အနည်းငယ်လောက်သာ ဒီဒုတိယနှစ်စီနီယာတန်းကောလိပ်ဝင်ခွင့်ကို ပါဝင်ခဲ့ကြပြီး ထိုကျောင်းသားတွေကလည်းအထူးသဖြင့် တတိယနှစ်စီနီယာတန်းကိုခုန်တက်ကြမဲ့ ပထမနှစ်ကျောင်းသားတွေဖြစ်သည်၊

ဒါပေမယ့်ကောင်းဖန်ကတော့ထူးခြားသည်၊ သူ့မှာတကယ်ကောင်းတဲ့အဆင့်တွေရှိ သည်၊ သူပူပန်ဖို့လိုတာတစ်ခုကတော့ ဒီနှစ်ရဲ့သားရဲလေ့ကျင့်သူအရာရှိအကဲဖြတ်ပွဲ ဖြစ်သည်၊

ထို့နောက်မုရုန်ချိုးယဲ့က သားရဲလေ့ကျင့်သူအရာရှိအကဲဖြတ်ပွဲသည် အသစ်ထွက်ပေါ်လာသည့် မူဝါဒတစ်ခုဖြစ်သည်နှင့် ဒီနှစ်မှာဘဲချမှတ်လိုက်သည်ကိုသိသည်၊ အရင်တုန်း ကဒီလိုတူညီတဲ့မူဝါဒများမရှိခဲ့ဘူး၊ ဒါ့ကြောင့် တကယ်တော့ဒုတိယနှစ်အကြီးတန်း အရာရှိနဲ့တတိယနှစ်အကြီးတန်းအရာရှိတွေက သိပ်ပြီးကြီးကြီးမားမားကွာခြားမှုမရှိပါ ဘူး။

# စာစဉ် ၃

ပြီးတော့, ကောင်းဖန်ကပြောတဲ့ အကယ်၍သူသာဒီစာမေးပွဲကိုမအောင်ရင်, သူက နောက်တစ်နှစ်ထပ်နေရမှာဖြစ်တယ်၊

အချိန်တိုအတွင်းမှာ သူ့အတန်းမှူးရဲ့ခေါင်းထဲမှာဘယ်လိုအတွေးတွေ ဖြတ်ပြေးသွားပြီလည်းဆိုတာကို ကောင်းဖန်ဘယ်တော့မှသိမှာမဟုတ်ဘူး၊ သူ့မျက်လုံး ထဲမှာတော့ သူမကစားပွဲခုံရဲ့ဘေးမှာတိတ်ဆိတ်စွာနဲ့ထိုင်နေတာဘဲ....

“မင်းသေချာလား?” မုရုန်ချိုးယွဲ့က သူမခေါင်းကိုမော့လိုက်ပြီး လေးနက်စွာနဲ့မေးလိုက် သည်၊

“ဟုတ်ကဲ့, ကျွန်တော်တကယ်သေချာပါတယ်၊” ကောင်းဖန်ခေါင်းညိတ်လိုက်သည်၊

အထက်တန်းကျောင်းမှာ ထိုက်ထိုက်တန်တန်သင်ရတာဘာမှမရှိဘူး၊ ပြီးတော့, သူ့မှာ သူငယ်ချင်းအနည်းငယ်ဘဲရှိတယ်၊ သူ့အတွက်နောက်တစ်နှစ်ထပ်နေဖို့ဆိုတာခက်ခဲ တယ်။

# စာစဉ် ၃

မိဘတွေဆုံးရှုံးပြီးနောက်မှာ ကောင်းဖန်ကသူ့ရွယ်တူတွေထက်ပိုပြီးရင့်ကျက် တယ်၊ ဒါကကောင်းပေမယ့် ဆိုးလည်းဆိုးတယ်။

ကောလိပ်မှာဒီလိုအခြေအနေနဲ့ အထက်တန်းကျောင်းဘဝကလည်းသိပ်တော့မသာပေ၊ ဒါပေမယ့်ကပ်ဆိုးကြီးပြီး သုံးနှစ်သာကုန်လွန်ခဲ့သောကြောင့် လူများကလည်း ထွက်ပေါက်ရှာနေကြဆဲဖြစ်သည်၊ မပြည့်စုံတဲ့စနစ်က အခြေမကျသေးဘူး။ ဒါတွေက ကျောင်းသားတွေရဲ့ကိုယ်ပိုင်သားရဲတွေကိုရှာဖွေဖို့အတွက် ဆရာတွေ ထက်ပိုပြီးသန်မာတယ်ဆိုတာဖြစ်နိုင်တယ်၊

ဒါပေမယ့်ကောင်းဖန်ကို တကယ်ဆွဲဆောင်နေတာကတော့ ကောလိပ်အတွင်းမှာရှိတဲ့ လွတ်လပ်တဲ့လေထုကိုဖြစ်သည်။

နောက်ဆုံးတော့ အထက်တန်းကျောင်းသားတစ်ဦးအတွက်, ကောလိပ်ဘဝက ပိုတောက်ပပြီးပျော်စရာကောင်းသည်။

မုရုန်ချိုးယွဲ့ကကောင်းဖန်ကိုတစ်ကြိမ်ထဲနှင့်မတုံ့ပြန်ပေ၊ သူမကအချိန်အတန်ကြာ

# စာစဉ် ၃

စဉ်းစားပြီးနောက်မှဖြေးညှင်းစွာနဲ့ခေါင်းညိတ်လိုက်သည်၊ ငါ ဒါရိုက်တာအဆင့်ကို အစီရင်ခံစာတင်လိုက်မယ်၊ "ငါတို့ တိကျအောင်ဆောင်ရွက်ဖို့အတွက် ကျောင်းကို အစီရင်ခံစာတင်ဖို့လိုအပ်တယ်, ဒါပေမယ့် သိပ်ပြီးတော့ပြဿနာကြီးကြီးမားမားမရှိ လောက်ပါဘူး"

"အရမ်းကျေးဇူးတင်ပါတယ်,မစ္စမုရုန်" ကောင်းဖန်သူမအကူအညီကြောင့် ဝမ်းသာနေ သည်။

"ကောင်းပြီ,မင်းအရင်ပြန်နှင့်လိုက်ရင်ရော, အတန်းကမကြာခင်ပြီးတော့မှာဆိုတော့ တခြားကျောင်းသားတွေက ိုမနှောက်ယှက်နဲ့တော့၊ သူတို့မှာညပိုင်းလေ့ကျင့်ဖို့ရှိသေး တယ်၊"

မုရုန်ချိုးယွဲ့ကသူမလက်တွေကိုယမ်းပြပြီး ဖြစ်နိုင်ရင်ကောင်းဖန်ကိုမြန်မြန် ထွက်သွားဖို့ပြောလိုက်သည်။

***

စာစဉ် ၃ ပြီး၏။

# ကောင်းဖန်

# စာစဉ် ၃